ရောင်းမှ

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၁၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၈ ရက်၊ တနင်္ဂနွေနေ့။ Sunday, 25 June 2023 ၁၁၁၃

လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

အင်အားကြီးပြိုင်ဘက်များကို မလျှော့သော ဇွဲ၊ လုံ့လများဖြင့် တုံ့ပြန်ယှဉ်ပြိုင်ခဲ့ကြသည့် တပ်မတော်သား အားကစားသမားများ အပါအဝင် အမျိုးသမီးအားကစားသမားများ၏ ပုံရိပ်များသည် ပြည်သူများ၏ နှလုံးသားကို ဖမ်းစားနိုင်ခဲ့

နေပြည်တော် ဇွန် ၂၄

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတို့တွင် နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သား အားကစားသမားများနှင့် အုပ်ချုပ်သူ နည်းပြများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားပြီး ဂုဏ်ပြုဆုတံဆိပ်များ ချီးမြှင့်ပေးအပ်သည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညွှန့်ရှင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၂)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတို့တွင် စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်နှင့် ကြေးတံဆိပ်တစ်ခုတို့ ရရှိခဲ့သည့် တပ်ကြပ်မောင်လင်းအား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

ယနေ့ ဖတ်စရာ

မူးယစ်ဆေးအန္တရာယ် စုပေါင်းကာကွယ်ကြပါစို့

ဆောင်းပါး စာမျက်နှာ » ၆

စိုက်ပျိုးရေးကျောင်း ပျဉ်းမနားတည်ထောင်ခြင်းနှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အခမ်းအနား ကျင်းပ

စာမျက်နှာ » ၈

ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်မပျက် သွက်သွက်လက်လက် မြန်မြန်ဆန်ဆန် ဆက်လက်ဆောင်ရွက်သွားကြရမည်

စာမျက်နှာ » ၉

လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် ဇွန် ၂၄

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ သြရိသပြည်နယ် မြောက်ပိုင်း- အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/၈လ

ကြေးမုံ

မူးယစ်ဆေးဝါးအန္တရာယ် အမျိုးသားရေးအသွင်ဖြင့်တိုက်ဖျက်

မူးယစ်ဆေးဝါးအန္တရာယ်သည် ကမ္ဘာတစ်ဝန်း၌ ကြီးထွားနေဆဲဖြစ်သည်။ လူသားမျိုးနွယ်တစ်ရပ်လုံးကို လူညွှန့်တုံးအောင် ဖန်တီးလျက်ရှိသကဲ့သို့ ကမ္ဘာပေါ်ရှိနိုင်ငံများကိုပါ ခြိမ်းခြောက်အန္တရာယ်ပြုလျက်ရှိနေသဖြင့် နိုင်ငံအချင်းချင်း လက်တွဲပူးပေါင်းချိတ်ဆက်၍ ထိရောက်စွာ တိုက်ဖျက်နှိမ်နင်းလျက်ရှိသည်ကို တွေ့ရသည်။ မျက်မှောက်ကာလတွင် ဘိန်းကိုအခြေခံထုတ်လုပ်သည့် ဆန်းပြားသောမူးယစ်ဆေးဝါးအမျိုးမျိုးတို့ ကျယ်ပြန့်စွာ ထိုးဖောက်ဝင်ရောက်နေသည်ကို သတိပြုရမည်ဖြစ်သည်။

မူးယစ်ဆေးဝါးအမျိုးမျိုးတို့ကို နည်းပညာနှင့် ဓာတုပစ္စည်းများအပေါ် အခြေခံ၍ ထုတ်လုပ်ထားသည်။ နည်းပညာနှင့်ဓာတုပစ္စည်းများ ထုတ်လုပ်နိုင်သည့် နိုင်ငံများကြားတွင် မြန်မာနိုင်ငံ၏ နယ်မြေဒေသလုံခြုံရေးအားနည်းမှုကို အကြောင်းပြု၍ မူးယစ်ဆေးဝါးအမျိုးမျိုး ထုတ်လုပ်ရောင်းဝယ်မှုများဖြစ်ပေါ်လာသည်။ ပြီးခဲ့သည့်ကာလက မူးယစ်ဆေးဝါးအမြောက်အမြား ဖမ်းဆီးရမိသည့်ဖြစ်စဉ်များတွင် မူးယစ်ဆေးဝါးဈေးကွက်အတွင်း အမည်(အမယ်)သစ် မူးယစ်ဆေးဝါးများ ထပ်မံစိမ့်ဝင်ပျံ့နှံ့နေသည်ကို မီးမောင်းထိုးပြထားသည်။ မူးယစ်ဆေးထုတ်လုပ်မှုသည် မြန်မာနိုင်ငံ အရှေ့ဘက်မှစတင်ပြီး အတွင်းပိုင်းတွင်ဖြတ်သန်းကာ အနောက်ဘက်သို့ ရောက်ရှိသွားကြောင်း ဖမ်းဆီးရမိသည့် သတင်းကွင်းဆက်များက ဖော်ပြနေသည်။

မြန်မာနိုင်ငံတွင် တရားမဝင်ဘိန်းစိုက်ပျိုးမှု၊ မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှုများကို မကြာခဏ မြင်တွေ့နေရသည်။ ခေတ်အဆက်ဆက် အစိုးရများက မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ လက်ရှိကာလတွင်မြန်မာနိုင်ငံ၌ ဘိန်းစိုက်ပျိုးမှုသိသိသာသာ ကျဆင်းလာခဲ့ကြောင်း ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) က ထုတ်ပြန်ခဲ့သည့် ဘိန်းစိုက်ပျိုးမှု အစီရင်ခံစာအရ သိရသည်။ မြန်မာ့တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့ပူးပေါင်းပြီး ပင်လယ်ရေကြောင်းအပါအဝင် မူးယစ်ဆေးဝါးပြဿနာ များပြားသည့်ဒေသများ၌ အထူးစစ်ဆင်ရေးများကို ၂၀၁၃ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သည်။

ယနေ့အချိန်အထိ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေး (၃၁)ခု ဆောင်ရွက်နိုင်ခဲ့ပြီး မူးယစ်ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများကို ရှာဖွေဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။ ၂၀၂၀–၂၀၂၁ ခုနှစ်အတွင်း ရွှေတြိဂံဒေသ၌ အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်း၍ အထူးစစ်ဆင်ရေးများ ဆောင်ရွက်နိုင်သောကြောင့် မူးယစ်ဆေးဝါးထုတ်လုပ်သည့် ဓာတုပစ္စည်းအများအပြားကို ဖမ်းဆီးနိုင်ခဲ့သည်။ မူးယစ်ဆေးဝါးထုတ်လုပ်မှုများကို ကြိုတင်ကာကွယ်တားဆီးနိုင်ခဲ့ပြီး သယ်ဆောင်ရောင်းဝယ်ဖြန့်ဖြူးမှုများကိုလည်း ထိရောက်စွာ အရေးယူနိုင်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် မူးယစ်ဆေးဝါးအမှုပေါင်း ၁၃၉၆၀၊ ၂၀၂၁ ခုနှစ် မတ်လကုန်အထိ မူးယစ်ဆေးဝါးအမှုပေါင်း ၂၈၃၃ မှု ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး တန်ဖိုးငွေကျပ်သန်းသုံးထောင်ခန့် နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းနိုင်ခဲ့သည်။

ဘိန်းနှင့်ဘိန်းဖြူအပြင် နည်းပညာအဆင့်မြင့်ထုတ်လုပ်ထားသည့် စိတ်ကြွဆေးဝါးများ၊ အိုက်စ်ဟုခေါ်သည့် မက်အဖက်တမင်း၊ ကတ်တမင်းအပါအဝင် မူးယစ်ဆေးဝါးထုတ်လုပ်မှု လျှော့ချရေးအတွက် ဓာတုပစ္စည်းထိန်းချုပ်ရေးကဏ္ဍသည် အရေးပါလာသည်။ နိုင်ငံအတွင်း မူးယစ်ဆေးဝါး ဓာတုပစ္စည်းထိန်းချုပ်ရေးကို တိုးမြှင့်ဆောင်ရွက်လာမှုကြောင့် မူးယစ်ဆေးဝါးများကို ရည်ရွယ်ချက်ရှိရှိ ထုတ်လုပ်ထားသော အသွင်ပြောင်းဓာတုပစ္စည်းများကို ပုံစံအမျိုးမျိုးထုတ်လုပ်လာကြသည်။ မြန်မာနိုင်ငံ၏ တည်နေရာအနေအထားအရ ဓာတုပစ္စည်းအမျိုးမျိုးထွက်ရှိသည့် အိမ်နီးချင်းစက်မှုဖွံ့ဖြိုးသည့်နိုင်ငံများကြားတွင် တည်ရှိသဖြင့် မူးယစ်ဆေးဝါး ဓာတုပစ္စည်းထိန်းချုပ်ရေးတွင် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာခဲ့သည်။ နောက်ဆုံးပေါ် ရေပန်းစားသည့် Happy Water ဟုခေါ်ဆိုသည့် စိတ်ကြွမူးယစ်ဆေးဝါးတစ်မျိုးသည် ထိုင်းနှင့်မြန်မာနိုင်ငံအတွင်းရှိ လူငယ်များကြားတွင် ပျံ့နှံ့လာသည်။ ၎င်းမူးယစ်ဆေးဝါးသည် မသုံးလျှင်မနေနိုင်လောက်အောင် စွဲလမ်းပြီး ငွေကုန်၊ စီးပွားပျက်၊ ဘဝပျက်ကာ ဘဝနိဂုံးချုပ်နိုင်သည်။

ကြိုတင်ကာကွယ်တားဆီးရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်မှသာ အနာဂတ်လူငယ်များဘဝ စိတ်ချကောင်းမွန်မည်ဖြစ်သည်။ လူငယ်များသည် နိုင်ငံ၏အနာဂတ်အတွက် အားထားရမည့်သူများဖြစ်၍ မူးယစ်ဆေးဝါးသုံးစွဲမှုကင်းစင်ရေးကို ပြန်ကြားရေးဝန်ကြီးဌာနနှင့်ပညာရေးဝန်ကြီးဌာနတို့က အသိပညာပေးဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ မူးယစ်ဆေးဝါးအမျိုးမျိုး ရောင်းဝယ်ဖောက်ကားသုံးစွဲမှုများမှာ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာပေါ် ရှိနိုင်ငံများတွင် ဆက်လက်ကျယ်ပြန့်လျက်ရှိသဖြင့် လူသားများ လူညွှန့်မတုံး ဘဝမပျက်အောင်၊ နိုင်ငံများ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုကို မထိခိုက်အောင် မူးယစ်ဆေးဝါးများကို အရှိန်အဟုန်ဖြင့် တိုက်ဖျက်နေသည့်တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်သူတစ်ရပ်လုံး ပူးပေါင်းလက်တွဲကာ အမျိုးသားရေးအသွင်ဖြင့် ကာကွယ်တိုက်ဖျက်သွားကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဇွန် ၂၄

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများသည် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိ မြို့နယ်ရှိ ဝဇီယာနန္ဒသုဗောဓာရုံကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဓမ္မာလောကကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မစိုးရိမ်ကျောင်းတိုက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ အောင်ဇေယျာမင်းကျောင်းတိုက်နှင့် သာကေတမြို့နယ်ရှိ ဇေတဝန်ပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ သာသနာ့ဝေပုလ္လကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ ဆုကြီးပန်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ အသောကာရာမကျောင်းတိုက်နှင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ မဟာကိုးဆူကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ကလေးဝ တောရပရိယတ္တိစာသင်တိုက်နှင့် လှိုင်မြို့နယ်ရှိ မေတ္တာဝါဒီကျောင်းတိုက်၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ မဟာဝိဓိတာရာမကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း တာဝန်ရှိသူများက သွားရောက်၍ ဆရာတော်၊ သံဃာတော်များအတွက် ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရွှေကျင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေး

ရွှေကျင် ဇွန် ၂၄

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဇွန် ၂၀ ရက် မှစတင်၍ ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရာ ကျောင်းများသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမင်းသူနှင့် အဖွဲ့ဝင်များ၊ ခုတင်(၁၀၀)ဆေးရုံအုပ် ဒေါက်တာသိန်းနိုင်လင်းနှင့်ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ပညာရေးမှူးဒေါ်တင်တင်ဦးတို့က သွားရောက်၍ လိုအပ်သည်များ ကူညီပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပန်းတောင်းမြို့နယ်အတွင်းရှိ အခြေခံပညာစာသင်ကျောင်းများ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံ

ပန်းတောင်း ဇွန် ၂၄

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို ဇွန် ၂၁ ရက်မှစတင်၍ ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရာကျောင်းများသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရနှင့်အဖွဲ့ဝင်များ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကို၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသန်းထိုက်စိုးနှင့် ကျန်းမာရေးဝန်ထမ်းများသွားရောက်၍ လိုအပ်သည်များ ကူညီပံ့ပိုးခဲ့ကြသည်။

ပန်းတောင်းမြို့နယ်အတွင်းရှိအခြေခံပညာကျောင်းပေါင်း ၁၆၀ တွင် ဇွန် ၂၂ ရက်အထိ ကျောင်းသား ကျောင်းသူစုစုပေါင်း ၁၄၅၄ ဦး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကြေးမုံ

စာတည်းမှူးချုပ်	ဦးစိုးစိုးနိုင်	**အကြီးတန်း**	ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဌ၊
စာတည်းမှူး	ဦးဝင်းနိုင်	**သတင်းထောက်များ**	ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
စာတည်းများ	ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	**အင်ယမ်တန်း သတင်းထောက်များ**	ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
		သုတေသန	ဒေါ်ဇင်မာဝင့်
ဘာသာပြန်	ဦးနိုင်လင်းကြည်၊	**စာပြင်**	ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း**	ဦးကျော်သူရနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀ဖြ၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀ဂ၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် – စာတည်းမှူး ၀ဖြ၇-၃ဖ၁၂ဖ၊ စာတည်းအဖွဲ့ ၀ဖြ၇-၃ဖ၁၂၈၊ ၀ဖြ၇-၃ဖ၁၃၀၊ ဖက်စ် ၀ဖြ၇-၃ဖ၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈ဖ၁၀ဖ၈၅၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတို့တွင် နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သားအားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရ အားကစားပြိုင်ပွဲတွင် ခြင်းလုံး(ကွင်းသွင်း)(အသင်းလိုက်)ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆု ရရှိခဲ့သည့် တပ်ကြပ် ကျော်ဇေယျာဝင်းအား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရ အားကစားပြိုင်ပွဲတွင် ဘောလုံး(အမျိုးသမီး)ပြိုင်ပွဲ၌ ငွေတံဆိပ်ဆု ရရှိခဲ့သည့် အရပ်သားအစားခန့်ဝန်ထမ်း မမေဇင်နွယ်အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

○ မိမိတို့ထံ ရောက်ရှိလာသည့် ရည်မှန်းချက်တာဝန်များအပေါ် နိုင်ငံ့သားကောင်း၊ တပ်မတော်သားကောင်းဟူသည့် စိတ်ဓာတ်ခံယူချက်များဖြင့် အမိနိုင်ငံတော်၏အလံကို တင့်တယ်ဝင့်ထည်စွာ လွှင့်ထူနိုင်အောင် ကြိုးပမ်းခဲ့ကြခြင်းအားဖြင့် မြန်မာပီသသည့်စိတ်ကို ပြသခဲ့ကြသည့် တပ်မတော်သား အားကစားသမားများနှင့်တကွ အားကစားသမား တစ်ဦးတစ်ယောက်ချင်းစီကို ဂုဏ်ယူအသိအမှတ်ပြု

✯ ရှေ့ဖုံးမှ

နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သား အားကစားသမားများနှင့် အုပ်ချုပ်သူ နည်းပြများ တက်ရောက်ကြသည်။

ဂုဏ်ပြုအမှာစကားပြောကြား

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် မိမိတို့ တတ်ကျွမ်းထားသည့် အားကစားပညာရပ်များကို အသုံးချပြီး တပ်မတော်နှင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် **"လေ့ခွက်ချည်းကျန် အလံမလဲတဲ့စိတ်ဓာတ်"၊ "တုံးတိုက်တိုက် ကျားကိုက်ကိုက် စိတ်ဓာတ်"**များဖြင့် အောင်မြင်မှုများရရှိအောင် စွမ်းဆောင်ခဲ့ကြသည့် အားကစားသမားများကို ယခုကဲ့သို့ ဂုဏ်ပြုပေးခြင်းသည် ချီးမြှင့်ထိုက်သူကို ချီးမြှင့်ပေးခြင်းနှင့်မျိုးဆက်သစ်အားကစားသမား မောင်မယ်များ အနေဖြင့်လည်း တိုင်းချစ်ပြည်ချစ်စိတ်များ ပိုမိုတိုးပွားပြီး အားကျအတုယူစေနိုင်ရေးအတွက်ပင်ဖြစ်ကြောင်း။

"(၃၂)ကြိမ်မြောက်အရှေ့တောင်အာရ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာ အားကစားအဖွဲ့အား အပ်နှင်းလိုက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အလံတော်သည် နိုင်ငံတော်၏ ဂုဏ်ဒြပ်သာမက အမျိုးသားရေး တာဝန်ကိုပါ ကိုယ်စားပြုနေသည့် ခံယူချက်ဖြင့် ပြိုင်ပွဲတိုင်းတွင် နိုင်ငံတော်၏ အောင်လံတလူလူ လွှင့်ပျံနေစေရေး ရေကုန်ရေခန်း အစွမ်းကုန် ကြိုးပမ်းယှဉ်ပြိုင်သွားရန်"ဟူ၍ မိမိကိုယ်တိုင် အားကစားသမားများကို ပြိုင်ပွဲမသွားရောက်မီ အောင်နိုင်ရေးအလံ အပ်နှင်းစဉ်မှာကြားခဲ့ကြောင်း၊ မှာကြားချက်နှင့်အညီ မိမိတို့ထံ ရောက်ရှိလာသည့် ရည်မှန်းချက်တာဝန်များ အပေါ် နိုင်ငံ့သားကောင်း၊ တပ်မတော်သားကောင်းဟူသည့် စိတ်ဓာတ်ခံယူချက်များဖြင့် အမိနိုင်ငံတော်၏အလံကို တင့်တယ်ဝင့်ထည်စွာ လွှင့်ထူနိုင်အောင် ကြိုးပမ်းခဲ့ကြခြင်းအားဖြင့် မြန်မာပီသသည့်စိတ်ကို ပြသခဲ့ကြသည့် တပ်မတော်သားအားကစားသမားများနှင့်တကွ အားကစားသမား တစ်ဦးတစ်ယောက်ချင်းစီကို ဂုဏ်ယူအသိအမှတ်ပြုပါကြောင်းကို ပြောကြားလိုကြောင်း။

အားကစားသမားများအနက် မသန်စွမ်းအားကစားသမားများသည် သာမန်အားကစားသမားများထက် ပိုမိုထက်သန်ပြင်းပြသည့် ပြိုင်ပွဲဝင်စိတ်ဓာတ်မျိုးနှင့် ကြိုးစားအားထုတ်မှုမျိုးရှိမှ အောင်မြင်မှုရရှိနိုင်သည်မှာ အထင်အရှားပင်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အဆင့်အတန်းဂုဏ်သိက္ခာရှိသည့် နိုင်ငံတကာ အားကစားပြိုင်ပွဲတစ်ရပ်တွင် နိုင်ငံတော်ကိုယ်စားဆုတံဆိပ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြသည့် အောင်ပွဲရ မသန်စွမ်းအားကစားသမား များသည် မသန်စွမ်းဖြစ်သော်လည်း သာမန်လူများနည်းတူ မိမိတို့ ဘဝရပ်တည်မှုနှင့် ထူးချွန်အောင်မြင်မှုများကို ရယူဖန်တီးနိုင်စွမ်းရှိသည်ကို လက်တွေ့သက်သေပြလိုက်ကြခြင်းပင်ဖြစ်ကြောင်း၊ အထူးသဖြင့် **တိုင်းပြည်အတွက် ခန္ဓာအစိတ်အပိုင်းပေးလှူခဲ့ရသူများက စိတ်ဓာတ်ခိုင်မာ ပြင်းပြစွာဖြင့် အောင်မြင်မှုရရှိအောင် စွမ်းဆောင်မှုများအတွက် ချီးကျူးဂုဏ်ပြုလိုကြောင်း**၊ ထို့အပြင် တိုင်းပြည်အတွက် ကိုယ်လက်အင်္ဂါ စွန့်လွှတ်ခဲ့ရသည့် အခြားတပ်မတော်သားများကိုလည်း မိမိတို့၏ ကျန်းမာရေးအတွက်ပင်ဖြစ်စေ အားကစားကို လေ့လာ လိုက်စားကြစေရေး လှုံ့ဆော်ပေးသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

အားကစားနည်းအများစုသည် ကာယအား၊ ဉာဏအားများနှင့် ယှဉ်ပြိုင်ကြရသည့် သဘောရှိသည်ကို တွေ့ရှိရကြောင်း၊ အများစုသည် ခန္ဓာကိုယ်ကြံ့ခိုင်မှုကို အခြေတည်ပြီး ယှဉ်ပြိုင်ကြရ လျက်ရှိကြောင်း၊ စိတ်ရှည်သည်းခံမှု အပြည့်နှင့် လေ့ကျင့်နည်းစနစ်မှန်ကန်ပြီး သက်လုံကောင်းမွန်ရန်လည်း လိုအပ်ကြောင်း၊ လက်ဝှေ့၊ ဂျူဒို၊ အလေးမ၊ တိုက်ကွမ်ဒို၊

စာမျက်နှာ ၄ သို့ »»

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ်ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုနှစ်ဆုနှင့် ငွေတံဆိပ်ဆုတစ်ဆုရရှိခဲ့သည့် ဒုတိယအရာခံဗိုလ် တင်ညိုအား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဘောလုံး(အမျိုးသမီး)ပြိုင်ပွဲ၌ ငွေတံဆိပ်ဆုရရှိခဲ့သည့် အရပ်သားအစားခန့်ဝန်ထမ်း မရူပါခိုင် အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

»»» စာမျက်နှာ ၃ မှ

မြန်မာ့သိုင်း စသည့် အားကစားနည်းများမှ ကိုယ်ကာယကြံ့ခိုင်မှုအပြင် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေကြရသည့် တပ်မတော်သားများအတွက် တိုက်ပွဲဝင်အသင့်ဖြစ်စေသည့် ကာကွယ်ရေးစွမ်းအားများကိုပါ ရရှိစေမည်ဖြစ်ကြောင်း၊ ယခုနှစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် တပ်မတော်သားအားကစားသမားများအနေဖြင့် ကာကွယ်ရေးနှင့်ဆိုင်သည့် ကိုယ်ခံပညာရပ်များတွင် ဆုအသီးသီးရရှိခဲ့ကြသကဲ့သို့ နည်းပြများအနေဖြင့်လည်း ထိုနည်းအတိုင်းစွမ်းဆောင်ပေးနိုင်ခဲ့ကြပြီး နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ မွေးထုတ်ပေးနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထို့အပြင် ရိုးရာအားကစားနည်း ပြိုင်ပွဲများတွင်လည်း ယဉ်ကျေးမှုအမွေကို လက်ဆင့်ကမ်း ထိန်းသိမ်းနိုင်အောင် ယှဉ်ပြိုင်ခဲ့ကြပြီး ရွှေတံဆိပ်ဆွတ်ခူးနိုင်သည်အထိ စွမ်းဆောင်ရည်များကို ပြသနိုင်ခဲ့ကြကြောင်း၊ **အနိုင်မခံအရှုံးမပေး စိတ်ဓာတ်အပြည့်ဖြင့် နောက်ဆုံး မိနစ်၊ နောက်ဆုံးစက္ကန့်အထိ ခက်ခဲသည့် အင်အားကြီး ပြိုင်ဘက်များကို မလျှော့သော ဇွဲ၊ လုံ့လများဖြင့် တို့ပြန် ယှဉ်ပြိုင်ခဲ့ကြသည့် တပ်မတော်သား အားကစားသမားများအပါအဝင် အမျိုးသမီး အားကစားသမားများ၏ ပုံရိပ်များ သည် ပြည်သူများ၏နှလုံးသားကို ဖမ်းစားနိုင်ခဲ့သည်အထိ အောင်မြင်မှုများ ရရှိခဲ့သည်ကို တွေ့ရှိရ**ကြောင်း။

ညီနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ရေကူးပြိုင်ပွဲ၌ ကြေးတံဆိပ်ဆုနှစ်ဆုရရှိခဲ့သည့် ဒုတိယတပ်ကြပ် စိုးဝင်းအား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

မိမိတို့တပ်မတော်၌ တပ်ခွဲအလိုက် အားကစားပြိုင်ပွဲများမှ တစ်ဆင့် တပ်ရင်းအလိုက်ပြိုင်ပွဲများ၊ ထိုမှတစ်ဆင့် တိုင်းအလိုက်ပြိုင်ပွဲများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အားကစားပြိုင်ပွဲများကိုလည်း နှစ်စဉ်ကျင်းပပေးလျက်ရှိနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ အားကစားသည် ကျန်းမာရေးအတွက်ကောင်းကျိုးအဖြာဖြာကို ရရှိစေသကဲ့သို့ စည်းလုံးညီညွတ်ရေးနှင့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ကောင်းစွာအထောက်အကူ ပြုလျက်ရှိသည်ကို တွေ့ရှိကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သားအားကစားသမားများနှင့် အုပ်ချုပ်သူ နည်းပြများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ရာ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ခြင်းလုံး(ကွင်းသွင်း)(အသင်းလိုက်)ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုနှင့် ပိုက်ကျော်ခြင်း(အသင်းလိုက်)ပြိုင်ပွဲ၌ ငွေတံဆိပ်ဆု ရရှိခဲ့သည့် ဒုတိယအရာခံဗိုလ် အောင်ဇော်၊ ခြင်းလုံး(ကွင်းသွင်း)(အသင်းလိုက်)ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆု ရရှိခဲ့သည့် ဒုတိယအရာခံဗိုလ် အောင်ကျော်မိုး၊ တပ်ကြပ် ကျော်ဇေယျာဝင်းနှင့် (၁၂)ကြိမ်မြောက်အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ်(မီတာ ၈၀၀)(တစ်ဦးချင်း)ပြိုင်ပွဲနှင့် ပြေးခုန်ပစ်(မီတာ ၁၅၀၀)(တစ်ဦးချင်း)ပြိုင်ပွဲတို့၌ ရွှေတံဆိပ်ဆု၊ ပြေးခုန်ပစ်(မီတာ ၄၀၀)(တစ်ဦးချင်း)ပြိုင်ပွဲ၌ ငွေတံဆိပ်ဆုနှင့် ပြေးခုန်ပစ်(မီတာ ၄၀၀ လက်ဆင့်ကမ်း) (အသင်းလိုက်)ပြိုင်ပွဲ၌ ကြေးတံဆိပ်ဆုတို့ကို ရရှိခဲ့သည့် တပ်ကြပ်မောင်လင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ၏ ဇနီးက (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဘောလုံး(အမျိုးသမီး)ပြိုင်ပွဲ၌ ငွေတံဆိပ်ဆုရရှိခဲ့သည့် အရပ်သားအစားခန့် ဝန်ထမ်း မမေဇင်နွယ်နှင့် မအေးအေးမိုးတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က (၁၂)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ်(လုံ့တံပစ်)(တစ်ဦးချင်း)ပြိုင်ပွဲနှင့် ပြေးခုန်ပစ်(သံလုံးပစ်)(တစ်ဦးချင်း) ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုနှင့် ပြေးခုန်ပစ်(သံပြားပစ်) (တစ်ဦးချင်း) ပြိုင်ပွဲ၌ ငွေတံဆိပ်ဆုတို့ကို ရရှိခဲ့သည့် ဒုတိယအရာခံဗိုလ်တင်ညို ပြေးခုန်ပစ်(မီတာ ၁၀၀) (တစ်ဦးချင်း) ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆု၊ ပြေးခုန်ပစ်(မီတာ ၂၀၀)(တစ်ဦးချင်း) ပြိုင်ပွဲ၌ ငွေတံဆိပ်ဆု၊ ပြေးခုန်ပစ်(မီတာ ၁၀၀)(အသင်းလိုက်) ပြိုင်ပွဲ၌ ကြေးတံဆိပ်ဆုနှင့် ပြေးခုန်ပစ်(မီတာ ၄၀၀)(တစ်ဦးချင်း)ပြိုင်ပွဲ၌ ကြေးတံဆိပ်ဆုတို့ကို ရရှိခဲ့သည့် တပ်ကြပ် အောင်ထွန်းလင်းနှင့် ပြေးခုန်ပစ်(သံပြားပစ်) (တစ်ဦးချင်း)ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရရှိခဲ့သည့် တပ်ကြပ် ရဲမင်းစိုးတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီးက (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဘောလုံး(အမျိုးသမီး)ပြိုင်ပွဲ၌ ငွေတံဆိပ်ဆုရရှိခဲ့သည့် အရပ်သားအစားခန့် ဝန်ထမ်း မရူပါခိုင်နှင့် မခင်သန်းဝေတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ညီနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)က (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပိုက်ကျော်ခြင်း(အသင်းလိုက်)ပြိုင်ပွဲများ၌ ငွေတံဆိပ်ဆုနှင့် ကြေးတံဆိပ်ဆု ရရှိခဲ့သည့် ဒုတိယအရာခံဗိုလ်သန့်ဇင်ဦး၊ (၁၂)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ်(သံလုံးပစ်)(တစ်ဦးချင်း)ပြိုင်ပွဲ၌ ငွေတံဆိပ်ဆုရရှိခဲ့သည့် တပ်ကြပ်ဇော်မင်းလွင်၊ (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ကာယဗလ(၅၅ ကီလိုတန်း)(တစ်ဦးချင်း)ပြိုင်ပွဲ၌ ငွေတံဆိပ်ဆုရရှိခဲ့သည့် တပ်ကြပ်ပြည့်ဖြိုး၊ (၁၂)ကြိမ်မြောက်အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ရေကူး(မီတာ ၁၀၀ အလွတ်ကူး)(တစ်ဦးချင်း)ပြိုင်ပွဲနှင့် (မီတာ ၄၀၀ အလွတ်ကူး)(တစ်ဦးချင်း)ပြိုင်ပွဲ၌ ကြေးတံဆိပ်ဆု နှစ်ဆု ရရှိခဲ့သည့် ဒုတိယတပ်ကြပ် စိုးဝင်း တို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။ **စာမျက်နှာ ၅ သို့ »»»**

တပ်ကြပ်ကြီးစိုးပေ ကျေးဇူးတင်စကားပြောကြားစဉ်။

»» စာမျက်နှာ ၄ မှ

ဆက်လက်ပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ စစ်ရေးချုပ်နှင့် စစ်ထောက်ချုပ်တို့က (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတို့တွင် နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သား အားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ကျေးဇူးတင်စကား ပြန်လည်ပြောကြား

ထို့နောက် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၂)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတို့တွင် နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သား အားကစားသမားများနှင့် အုပ်ချုပ်သူ နည်းပြများကိုယ်စား တပ်ကြပ်ကြီး စိုးပေက ကျေးဇူးတင်စကား ပြောကြားရာတွင် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၂)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတို့တွင် နိုင်ငံ့ကိုယ်စားပြု ယှဉ်ပြိုင်ခဲ့သည့် အတွေ့အကြုံများနှင့် ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့သည့် အခြေအနေများကို ဦးစွာရှင်းလင်းတင်ပြပြီး **နိုင်ငံတကာပြိုင်ပွဲများတွင် တပ်မတော်သားအားကစားသမားများအနေဖြင့် နိုင်ငံ့ဂုဏ်ဆောင်ပြီး အောင်ပွဲများ ဆွတ်ခူးနိုင်ခဲ့သည့်အတွက် မျှားစွာဂုဏ်ယူဝမ်းမြောက်မိ**ပါကြောင်း၊ ထိုကဲ့သို့ အောင်ပွဲများ ဆွတ်ခူးရရှိခဲ့ခြင်းမှာ လည်း နိုင်ငံတော်အစိုးရနှင့် တပ်မတော်မှ အားပေးမှု၊ ပံ့ပိုးကူညီမှုများကြောင့်ပင် ဖြစ်ပါကြောင်း၊ ပြိုင်ပွဲယှဉ်ပြိုင်နေစဉ်ကာလအတွင်း ဆုတံဆိပ်ရရှိခဲ့သည့် အားကစားသမားများကို ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးခဲ့သည့်အပြင် ဆုတံဆိပ်အမျိုးအစားအလိုက် ယခင်နှင့်မတူ ထပ်မံချီးမြှင့်ပေးမှုများကို ပြုလုပ်ပေးခဲ့သည့် အတွက် ယခုကဲ့သို့ အောင်မြင်မှုများ ရရှိခဲ့ခြင်းပင်ဖြစ်ပါကြောင်း၊ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တာဝန်ရှိသူများ အားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ နောင်တွင် ကျင်းပပြုလုပ်မည့် အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲများတွင်လည်း နိုင်ငံတော်နှင့် တပ်မတော်ကို ကိုယ်စားပြု၍ ယခုထက်အောင်မြင်မှုများ ပိုမိုရရှိအောင် ကြိုးစားယှဉ်ပြိုင်သွားမည်ဖြစ်ပြီး** ကြကြောင်း သိရသည်။**သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၂)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတို့တွင် နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သား အားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

နိုင်ငံတော်နှင့် တပ်မတော်၏ ဂုဏ်ကို အစွမ်းကုန်မြှင့်တင်သွားမည်ဖြစ်ကြောင်းကို ကတိပြုပြောကြားလိုပါကြောင်း ပြောကြားသည်။

ဂုဏ်ပြုဖျော်ဖြေ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၂)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတို့တွင် နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သား အားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများအား လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံပြီး မြဝတီတေးဂီတ အဖွဲ့က တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေကြသည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၂)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတို့တွင် နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သား အားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့

လွိုင်ကော်မြို့၌ ပိုက်ဆံလျှော် သစ်စိမ်းမြေသြဇာထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပ

လွိုင်ကော် ဇွန် ၂၄

ပိုက်ဆံလျှော် သစ်စိမ်းမြေသြဇာ ထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ နောင်ယား(ခ)ရပ်ကွက်ရှိ နေကြာစိုက်ခင်းတွင် ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စိုက်ပျိုးတောင်သူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ပိုက်ဆံလျှော်မျိုးစေ့နှင့် နေကြာမျိုးစေ့များအား စိုက်ပျိုးတောင်သူများထံသို့ အခမဲ့ဖြန့်ဝေပေးအပ်ခဲ့ကြပြီး ပိုက်ဆံလျှော် သစ်စိမ်းမြေသြဇာ ထည့်သွင်းခြင်း ကွင်းသရုပ်ပြမှုများကို ကြည့်ရှုအားပေးခဲ့ကြကာ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ပိုက်ဆံလျှော်မျိုးစေ့နှင့် နေကြာမျိုးစေ့များအား စိုက်ပျိုးတောင်သူများထံသို့ အခမဲ့ဖြန့်ဝေပေးအပ်ခဲ့ကြပြီး ပိုက်ဆံလျှော် သစ်စိမ်းမြေသြဇာ ထည့်သွင်းခြင်း ကွင်းသရုပ်ပြမှုများကို ကြည့်ရှုအားပေးခဲ့ကြကာ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

စိုက်ခင်းအတွင်း နေကြာမျိုးစေ့ မစိုက်ပျိုးမီ မြေဆီလွှာ၏ဂုဏ်သတ္တိ ကောင်းမွန်စေရန် ထည့်သွင်း စိုက်ပျိုးခြင်းဖစ်ကြောင်း၊ ယင်းသို့ စိုက်ပျိုးခြင်းဖြင့် ဓာတ်မြေသြဇာ သုံးစွဲမှု လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ပိုက်ဆံလျှော် သစ်စိမ်းမြေသြဇာအား မြေနေရာမရွှေ့ စိုက်ပျိုးနိုင်ခြင်း၊ မြေတွင်း အာဟာရဓာတ် ကြွယ်ဝ၍ မြေသြဇာအဖြစ်အသုံးပြုနိုင်ခြင်း၊ သီးနှံအထွက်နှုန်းများ တိုးတက်လာစေခြင်း၊ ဓာတ်မြေသြဇာ သုံးစွဲမှုလျော့နည်း၍ ကုန်ကျစရိတ် သက်သာခြင်း အကျိုးကျေးဇူးများကို ရရှိစေနိုင်ကြောင်း၊ ပိုက်ဆံလျှော် သစ်စိမ်းမြေသြဇာများကို ပြည်နယ်အတွင်းရှိ မြို့နယ် အသီးသီးတွင်လည်း စိုက်ပျိုးထားရှိကြောင်း ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပြည်နယ်(ပြန်/ဆက်)

မိတ္ထီလာ၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

မိတ္ထီလာ ဇွန် ၂၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သစ်တောဦးစီးဌာန၏ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက နည်းပညာတက္ကသိုလ်(မိတ္ထီလာ)ကျောင်းဝင်း၌ ကျင်းပသည်။

အဆိုပါစုပေါင်းသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးလွမ်းဟန်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယရဲမှူးကြီးသက်ထွဋ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့်အဖွဲ့ဝင်များ၊ ခရိုင်သစ်တောဦးစီးဌာန ဦးစီးမှူးဦးရဲလွင်နှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသူများထံသို့ စိုက်ပျိုးမည့်သစ်ပင်များ ပေးအပ်ကြသည်။

ဆက်လက်၍ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပရာ တမာ၊ စိန်ပန်း၊ စိန်တံချူ၊ ရေတမာ၊ သပြေဘူတ၊ ဗာဒံ၊ ငုဝါ၊ ရင်းမာ စုစုပေါင်း အပင် ၅၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

သပိတ်ကျင်းမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

သပိတ်ကျင်း ဇွန် ၂၄

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် မြို့နယ်သစ်တောဦးစီးဌာနမှ ကျင်းပသည့် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီက သပိတ်ကျင်း- မန္တလေးကားလမ်း (၄)မိုင် ကျေးရွာအနီး၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲမြတ်တင့်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထိုက်အောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးအေးချမ်းအောင်တို့က စိုက်ပျိုးသွားမည့် ပျိုးပင်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျေးရွာတာဝန်ရှိသူများထံသို့ ပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများက ကျွန်းပင် ၅၀၀၊ ပန်းပိတောက်ပင် ၂၅၀၊ သစ်ပိတောက်ပင် ၂၅၀၊ ကုက္ကိုပင် ၂၀၀၊ ကုံကော်ပင် ၁၀၀၊ စိန်ပန်းနီပင် ၂၀၀ စုစုပေါင်း ပျိုးပင် ၁၅၀၀ တို့ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

မူးယစ်ဆေးအန္တရာယ် စုပေါင်းကာကွယ်ကြပါစို့

အောင်ရှင်း

မူးယစ်ဆေးဝါးသုံးစွဲမှုက သုံးစွဲတဲ့ လူတစ်ဦးတစ်ယောက်ချင်းစီကို ထိခိုက်စေရုံသာမက ဆေးစွဲနေသူရဲ့ မိသားစု၊ မိတ်ဆွေအပေါင်းအသင်း၊ တိုင်းပြည်ရဲ့ အရင်းအမြစ်တွေနဲ့ လူ့အဖွဲ့အစည်းတစ်ခုလုံးကိုပါ ထိခိုက်စေနိုင်ပါတယ်။ သုံးစွဲသူအနေနဲ့လည်း HIV/AIDS ရောဂါကူးစက်ခံရတာအပါအဝင် အခြားရောဂါပေါင်းစုံဝင်ရောက်နိုင်ပြီး လူမှုရေးကိုထိခိုက်စေတဲ့ ဆိုးကျိုးတွေကို ချက်ချင်းလက်ငင်း ကြုံတွေ့ခံစားရမှာဖြစ်ကာ မိသားစုရှိတဲ့သူဖြစ်မယ်ဆိုရင် ၎င်းရဲ့ သားသမီးတွေမှာလည်း မိသားစုနဲ့ ပတ်ဝန်းကျင်ရဲ့ ရုပ်ပိုင်းဆိုင်ရာအရပဲဖြစ်ဖြစ်၊ စိတ်ပိုင်းဆိုင်ရာအရပဲဖြစ်ဖြစ် လျစ်လျူရှုခြင်းခံရမှုတွေကြောင့် သနားဖွယ်ရာ စိတ်ဒဏ်ရာတွေနဲ့ ကြီးပြင်းလာကြရပါတယ်။

ဒီလိုမျိုး တစ်ဦးချင်းနဲ့ မိသားစုဆိုင်ရာ ဆိုးကျိုးတွေက ဒီနေရာမှာ ရပ်တန့်မနေဘဲ ပတ်ဝန်းကျင်နဲ့ လူ့အဖွဲ့အစည်းတစ်ခုလုံးကိုပါ သက်ရောက်လာပါတော့တယ်။ မူးယစ်ဆေးဝါးထုတ်လုပ်ရာမှာ အထူးသဖြင့် မက်သာဖက်တမင်း ထုတ်လုပ်တဲ့နေရာတွေရဲ့ ပတ်ဝန်းကျင်မှာ ဓာတုအဆိပ်သင့်မှုကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးကို ကြီးကြီးမားမား သက်ရောက်မှုရှိနိုင်ပါတယ်။ ဆေးစွဲသူတွေနဲ့ မိသားစုတွေကို စောင့်ရှောက်ကုသရတဲ့ အရင်းအမြစ်တွေကလည်း သက်ဆိုင်ရာတိုင်းပြည်အတွက် ဝန်ထုပ်ဝန်ပိုးတစ်ခုဖြစ်လာပြီး တိုင်းပြည်ကိုပါ ထိခိုက်လာပါတော့တယ်။ မူးယစ်ဆေးဝါးကြောင့် လူမှုရေး၊ စီးပွားရေး၊ ပညာရေးစတဲ့ ဘက်ပေါင်းစုံက ဆုတ်ယုတ်မှုတွေ ဖြစ်ပေါ်လာပြီး အဆုံးသတ်မှာ လူရာမဝင်၊ လူစဉ်မမီတဲ့ မျိုးဆက်တွေ၊ လူသားအဖွဲ့အစည်းတွေဖြစ်လာကာ တစ်နိုင်ငံလုံး၊ ကမ္ဘာကြီးတစ်ခုလုံး ပျက်စီးရတဲ့ အခြေအနေကို ဆိုက်ရောက်လာနိုင်ပါတယ်။ ဒါကြောင့် ကမ္ဘာနိုင်ငံအားလုံးက မူးယစ်ဆေးဝါးကို အားလုံးရဲ့ဘုံရန်သူ အဖြစ်သတ်မှတ်ပြီး တိုက်ဖျက်တားဆီးနေကြတာ ဖြစ်ပါတယ်။ ဇွန်လ ၂၆ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ (International Day against Drug Abuse and Illicit Trafficking) အဖြစ်သတ်မှတ်ပြီး နှစ်စဉ်ကျင်းပလျက်ရှိရာ ယခု ၂၀၂၃ ခုနှစ်မှာဆိုရင် ၃၆ ကြိမ်တိုင်ခဲ့ပြီဖြစ်ပါတယ်။

၂၀၂၁ ခုနှစ်၊ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ် မေလ ၃၁ ရက်နေ့အထိ မြန်မာတစ်နိုင်ငံလုံး မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု

စဉ်	အမျိုးအမည်	၂၀၂၁ ခုနှစ်		၂၀၂၂ ခုနှစ်		၂၀၂၃ ခုနှစ် မေလအထိ		ရေတွက်ပုံ
		အရေအတွက်	တန်ဖိုး (ကျပ်သန်း)	အရေအတွက်	တန်ဖိုး (ကျပ်သန်း)	အရေအတွက်	တန်ဖိုး (ကျပ်သန်း)	
၁	ဘိန်း	၂၆၃၂.၀၀၉၇၅	၂၆၃၂.၀၀၉၇၅	၁၂၀၉.၇၇၀၇၄	၁၂၀၉.၇၇၀၇၄	၂၀၉.၃၀၀၇	၂၀၉.၃၀၀၇	ကီလို
၂	ဘိန်းဖြူ	၂၅၂၆.၁၀၉၁၁၄	၇၅၇၈၃.၂၇၃၄၂	၁၃၄၅.၄၉၈၁၄၈	၄၀၃၆၄.၉၄၄၄၄	၉၂၁.၇၉၀၉၇	၂၇၆၅၃.၇၂၉၁	ကီလို
၃	စိတ်ကြွရူးသွပ်ဆေးပြား	၁၉၈၁၈၈၇၁၅.၅	၃၉၆၃၇၇.၄၃၁	၁၆၉၀၇၀၀၉၀၉	၃၃၈၁၄.၈၁၈	၉၂၀၈၁၂၁၁	၁၈၄၁၆၂.၄၂	ပြား
၄	အိုက်စ်	၁၃၈၁၅.၇၇၅၄၂	၂၇၆၃၁၅.၅၀၈၄	၂၃၄၀၁.၉၁၉၈	၄၆၈၀၃၈.၃၉၆	၇၂၁၅.၂၇၁၉၉	၁၄၄၃၀၅.၄၃၉၈	ကီလို
၅	ဆေးခြောက်	၅၀၃.၇၁၅၉၆၃၁	၁၅၁.၁၁၄၇၈၈၉	၉၂၉.၄၃၀၀၂၅	၂၇၈.၈၂၉၀၀၇၅	၃၄၈.၁၀၀၄၄	၁၀၄.၄၃၀၁၂၉	ကီလို
၆	ဘိန်းစာရွက်	၃၀၈၈.၂၁၃၁၇	၃၀၈.၈၂၁၃၁၇	၁၆၀၈.၇၀၇၆၇	၁၆၀.၈၇၀၇၆၇	၄၆၀.၇၁၁၆၅	၄၆.၀၇၁၁၆၅	ကီလို
၇	ဘိန်းစာမှုန့်	၁၀၅၈.၄၈၀၅၅၁	၁၅၈.၇၇၂၀၈၂၇	၇၆၆.၄၇၇၀	၁၁၄.၉၇၁၅၅၁	၁၁၆.၅၄၄၉၅	၁၇.၄၈၀၇၅	ကီလို
စုစုပေါင်း (ကျပ်သန်း)		**၉၇၀,၂၈၈.၉၇ အမေရိကန်ဒေါ်လာ (၄၆၂.၀၄) သန်း**		**၁,၁၂၀,၃၆၀.၃၁ အမေရိကန်ဒေါ်လာ (၅၃၃.၅၀) သန်း**		**၃၇၇,၀၀၈.၉၅ အမေရိကန်ဒေါ်လာ (၁၇၉.၅၃) သန်း**		

ဒီလိုရင်းဇယားတွေနဲ့ ဖမ်းဆီးရမိမှုဖြစ်စဉ်တွေကို လေ့လာကြည့်ခြင်းအားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှာ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးလုပ်ငန်းတွေရဲ့ စွမ်းစွမ်းတမံ ဆောင်ရွက်မှုတွေက မှတ်တမ်းတင်ထိုက်ပါပေတယ်။

မူးယစ်ဆေးဝါးကို ထိရောက်စွာ တားဆီးကာကွယ်နိုင်ဖို့ ပြည်သူလူထုက မူးယစ်ဆေးဝါးရဲ့ ဆိုးကျိုးကို နားလည်သဘောပေါက်ပြီး ပူးပေါင်းဆောင်ရွက်ဖို့က အရေးကြီးကိစ္စတစ်ခုဖြစ်တဲ့အတွက် လူငယ်မျိုးဆက်သစ်တို့ မူးယစ်ဆေးဝါးရဲ့အန္တရာယ်ကို သိရှိနိုင်စေဖို့ အသိပညာပေးလုပ်ငန်းတွေကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။ လူငယ်တွေနဲ့ ပြည်သူလူထုအတွင်းမှာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်ကို သိရှိတွေ့မြင်ပြီး ရှောင်ကြဉ်ကြစေဖို့အတွက် ရေဒီယို၊ ရုပ်မြင်သံကြား၊ ဗီဒီယို၊ ရုပ်ရှင်၊ သတင်း၊ တေးဂီတစတဲ့ လူထုဆက်သွယ်ရေးနည်းလမ်းတွေနဲ့ ထိရောက်စွာ ပညာပေးနိုင်ဖို့ စီမံချက်ရေးဆွဲ ဆောင်ရွက်လျက်ရှိပါတယ်။

“ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် သုံးစွဲသူတွေကိုယ်တိုင်သာမက လူ့အဖွဲ့အစည်းတစ်ရပ်လုံးကိုထိခိုက်နိုင်ပြီး လူငယ်တွေရဲ့ စွမ်းအားဆုံးရှုံးတာအပြင် မူးယစ်ဆေးဝါးပြစ်မှုကျူးလွန်ရာကနေ ရရှိတဲ့ငွေကြေးတွေဟာ ပြစ်မှုကျူးလွန်သူတွေနဲ့ သောင်းကျန်းသူအဖွဲ့အစည်းတွေရဲ့ အင်အားကို ပိုမိုကြီးထွားစေပြီး ဒေသတွင်းနိုင်ငံတွေရဲ့ လုံခြုံရေးနဲ့ တည်ငြိမ်ရေးကို ခြိမ်းခြောက်မှုတွေ ဖြစ်ပေါ်လာစေပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအတွင်း လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းတွေအတွက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဟာ အရေးကြီးလုပ်ငန်းစဉ်တစ်ရပ်ဖြစ် ”

နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှုများ

မြန်မာနိုင်ငံက မူးယစ်ဆေးဝါးထိန်းချုပ်ရေးအတွက် ကုလသမဂ္ဂမူးယစ်ဆေးဝါးဆိုင်ရာ ကွန်ဗင်းရှင်းသုံးခုမှာ ပါဝင်လက်မှတ်ရေးထိုးထားပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (INCB)၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်မှုခင်းဆိုင်ရာရုံး (UNODC)၊ အစိုးရမဟုတ်သော အဖွဲ့အစည်းတွေ၊ ဒေသတွင်းနိုင်ငံတွေ၊ ဒေသအပြင်ဘက်နိုင်ငံတွေနဲ့ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာကိစ္စရပ်တွေမှာ ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့အပြင် ရန်ကုန်မြို့အခြေစိုက် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)၊ ဩစတြေးလျပြည်ထောင်စုရဲအဖွဲ့ (AFP)၊ အမေရိကန်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအုပ်ချုပ်မှုအဖွဲ့ (DEA)၊ တရုတ်နိုင်ငံအမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် (NNCC)၊ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB) တို့နဲ့လည်း အနီးကပ်ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

အာဆီယံနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်မှု

မြန်မာနိုင်ငံက အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့အတွက် မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းတွေကို အာဆီယံဒေသအတွင်း ပူးပေါင်းဆောင်ရွက်မှုတွေမှာ တက်ကြွစွာ ဆောင်ရွက်လျက်ရှိပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအတွင်း မူးယစ်ဆေးဝါးထိန်းချုပ်ရေးအစည်းအဝေးတွေဖြစ်တဲ့ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ အာဆီယံဝန်ကြီးအဆင့်အစည်းအဝေး (AMMD)၊ အာဆီယံမူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (ASOD)၊ အာဆီယံ လေကြောင်းကြားဖြတ်စစ်ဆေးရေး အထူးအဖွဲ့အစည်းအဝေး (AAITF)၊ အာဆီယံ ပင်လယ်ဆိပ်ကမ်း ကြားဖြတ်စစ်ဆေးရေးအထူးအဖွဲ့အစည်းအဝေး (ASITF)၊ အာဆီယံမူးယစ်ဆေးဝါး စောင့်ကြပ်ကြည့်ရှုမှုကွန်ရက်အစည်းအဝေး (ADMN) တွေကို ပါဝင်တက်ရောက်ပြီး ဘက်ပေါင်းစုံကနေ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အာဆီယံအဖွဲ့က ချမှတ်ထားတဲ့ ဘေးကင်းလုံခြုံတဲ့လူမှုအဖွဲ့ဖြစ်စေဖို့ မူးယစ်ဆေးဝါးဆန့်ကျင်ရေး အာဆီယံလုပ်ငန်းစီမံချက် (၂၀၁၆ –၂၀၂၅) (ASEAN Work Plan – 2016–2025) မှာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

မဲခေါင် MoU လက်မှတ်ရေးထိုးထားသော အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု

ရွှေတြိဂံဒေသအဖြစ် သတ်မှတ်ထားတဲ့ မြန်မာနိုင်ငံ ရှမ်းပြည်နယ်အရှေ့ဘက်၊ ထိုင်းနိုင်ငံ မြောက်ဘက်၊ လာအိုနိုင်ငံမြောက်ဘက်နဲ့ တရုတ်နိုင်ငံ အနောက်တောင်ဘက်ဒေသတွေဟာ ကမ္ဘာပေါ်မှာ ဘိန်းနဲ့ ဘိန်းဖြူအများဆုံးထုတ်လုပ်တဲ့ဒေသအဖြစ် ကျန်ရှိနေသေးတဲ့အတွက် အဲဒီဒေသအတွင်းမှာရှိတဲ့ နိုင်ငံတွေက

စာမျက်နှာ ၇ သို့

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်တွင်း/ပြည်ပ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယ-မြန်မာ စီးပွားရေးလုပ်ငန်းရှင်များအသင်း နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဟိုတယ်နှင့် ခရီးသွား အသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ၆နိ် ၂၄

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်သည် မြန်မာနိုင်ငံ ကုန်စည်ပြပွဲနှင့် ဆွေးနွေးပွဲများဆိုင်ရာ လုပ်ငန်းအသင်း၏ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့အား ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဝင်ဒမ်ဂရန်းရန်ကုန်ဟိုတယ်၌ တွေ့ဆုံသည်။

ဆွေးနွေး

တွေ့ဆုံစဉ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အကြို အဖြစ် ရန်ကုန်မြို့၌ "Let's Go VACS YANGON Travel Fair 2023" အမည်ဖြင့် ခရီးသွားပြပွဲကြီး ကျင်းပမည့် အစီအစဉ်များ၊ ပြခန်းပေါင်း ၁၂၀ ကျော် ပါဝင်ပြသသွားနိုင်ရေးဆောင်ရွက်မည့် အခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ဆက်စပ်အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းမှ ကိုယ်စားလှယ်အဖွဲ့တို့နှင့် တွေ့ဆုံ၍ ရှရှားနိုင်ငံမှ ခရီးသွားစာရေးဆရာများ၊ သတင်းမီဒီယာများ၊ ခရီးသွားလုပ်ငန်းဆောင်ရွက်သူများပါဝင်သော ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာ ခရီးစဉ်များ (Familiarization–FAM Trip) စီစဉ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်မြို့ရှိ India Center ၌ အိန္ဒိယ–မြန်မာ စီးပွားရေးလုပ်ငန်းရှင်များအသင်း (India Myanmar Chamber of Commerce –IMCC) နာယက၊ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

တွေ့ဆုံပွဲတွင် အိန္ဒိယ–မြန်မာ စီးပွားရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုကို အာဆီယံအပေါင်း အိန္ဒိယ၊ ဘင်းမ်စတက်(စ်)နှင့် မဲခေါင်– ဂင်္ဂါ ခရီးသွားလုပ်ငန်းမူဘောင်အတွင်းက အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံသို့ အိန္ဒိယ ခရီးသွားဧည့်သည် တစ်သိန်းကျော် ဝင်ရောက်ခဲ့ပြီး ကိုဗစ်–၁၉ ကပ်ရောဂါ ဖြစ်ပွားမှုကြောင့် လျော့နည်းကျဆင်းခဲ့ကြောင်း၊ ကိုဗစ်–၁၉ ကပ်ရောဂါဆိုင်ရာ ကန့်သတ်ထိန်းချုပ်မှုများ ဖြေလျှော့ပေးပြီးနောက် ယခုနှစ် မေလအထိ ဝင်ရောက်မှုအနေဖြင့် ယခင်နှစ် အလားတူ ကာလနှင့် နှိုင်းယှဉ်ပါက ၂၄၄ ရာခိုင်နှုန်း

ပြန်လည်တိုးတက်လာခဲ့သည်ကို တွေ့ရှိရကြောင်း။

ယနေ့တွေ့ဆုံပွဲမှ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးမြှင့်နိုင်သော ပလက်ဖောင်းတစ်ခုဖြစ်လာမည်ဟု ယုံကြည်ကြောင်း၊ IMCC အနေဖြင့် ခိုင်မာအားကောင်းသော အဖွဲ့အစည်းတစ်ခုဖြစ်သည့်အတွက် နှစ်နိုင်ငံစီးပွားရေး တိုးမြှင့်မှုတွင် အထောက်အပံ့ဖြစ်စေမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အိန္ဒိယ–မြန်မာ စီးပွားရေးလုပ်ငန်းရှင်များအသင်း အဖွဲ့ဝင်များက ဗီဇာကိစ္စရပ်များ၊ အာမခံနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းဆိုင်ရာ ကိစ္စရပ်များ၊ မျှော်မှန်းစေးကွက် အခြေအနေများနှင့် ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး Mr. Vinay Kumar၊ IMCC ၏ President Mr. Naresh Kumar နှင့်အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI)မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဟိုတယ်နှင့်ခရီးသွားအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

✪ စာမျက်နှာ ၆ မှ

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်နိုင်ဖို့ မဲခေါင်သဘောတူညီချက်ကို မြန်မာ၊ ထိုင်း၊ လာအိုနဲ့ တရုတ်နိုင်ငံတို့က ၁၉၉၃ ခုနှစ်မှာ သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ၁၉၉၅ ခုနှစ်မှာ အဖွဲ့ဝင်သစ်အဖြစ် ကမ္ဘောဒီးယားနိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံတို့ ပါဝင်လက်မှတ်ရေးထိုးပြီး မဲခေါင်ဒေသခွဲ ခြောက်နိုင်ငံအတွင်းမှာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းတွေကို ပူးပေါင်းဆောင်ရွက်ခဲ့ကြပါတယ်။ မဲခေါင် MoU အဖွဲ့ဝင်နိုင်ငံတွေက အလှည့်ကျ အိမ်ရှင်အဖြစ် ဝန်ကြီးအဆင့်အစည်းအဝေးကို နှစ်နှစ်လျှင် တစ်ကြိမ်၊ အဆင့်မြင့်အရာရှိကြီးများအဆင့်အစည်းအဝေးနဲ့ဗဟိုတာဝန်ခံများအစည်းအဝေးကို တစ်နှစ်လျှင်တစ်ကြိမ် လက်ခံကျင်းပဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံက ကိုယ်စားလှယ်တွေ ပါဝင်တက်ရောက်လျက်ရှိပါတယ်။ အဖွဲ့ဝင်နိုင်ငံတွေအကြား မူးယစ်ဆေးဝါးထုတ်လုပ်၊ သယ်ဆောင်မှု သတင်းတွေဖလှယ်ပြီး ရွှေတြိဂံဒေသကတစ်ဆင့် မူးယစ်ဆေးဝါးတွေ အခြားကမ္ဘာ့နိုင်ငံအသီးသီးကို ပျံ့နှံ့မှုမရှိစေရေး တားဆီးနှိမ်နင်းရေးလုပ်ငန်းတွေ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှာ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့က ကျင်းပခဲ့တဲ့ ဘင်းမ်စတက် ဒေသအတွင်း အကြမ်းဖက်မှုနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများတားဆီးနှိမ်နင်းရေးဆိုင်ရာ ပထမအကြိမ်အစည်းအဝေးမှာ လုပ်ငန်းခွဲအုပ်စုတွေဖွဲ့စည်းပြီး အဖွဲ့ဝင်နိုင်ငံတွေက တာဝန်ယူဆောင်ရွက်ဖို့ သတ်မှတ်ခဲ့တဲ့အတွက် မြန်မာနိုင်ငံအနေနဲ့ မူးယစ်ဆေးဝါး၊ စိတ်ပြောင်းဆေးဝါးနှင့် ပရီကာသာဓာတုပစ္စည်းများ တရားမဝင်သယ်ဆောင်ရောင်းဝယ်မှု ကြိုတင်ကာကွယ်ရေး လုပ်ငန်းခွဲအုပ်စုအစည်းအဝေးကို တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံအတွင်းက ထွက်ရှိတဲ့ စိတ်ကြွဆေးဝါးတွေဟာ ပြည်ပနိုင်ငံတွေက ရောက်ရှိလာတဲ့ ပရီကာသာဓာတုပစ္စည်းတွေကြောင့် ထွက်ရှိလာတာဖြစ်လို့ မြန်မာနိုင်ငံအတွင်းက စိတ်ကြွဆေးဝါးထုတ်လုပ်မှု ပယျောက်ဖို့အတွက် ပြည်ပနိုင်ငံတွေက ဝင်ရောက်လာမယ့် ပရီကာသာဓာတုပစ္စည်းတွေ

မန္တလေးမြို့၌ (၃၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနား၌ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးစဉ်။

ဖမ်းဆီးရမိရေး အလွန်အရေးကြီးပါတယ်။ ဒါကြောင့် တရားမဝင်ဓာတုပစ္စည်းတွေ ရောင်းဝယ်မှုကိုလည်း ဒေသတွင်းနိုင်ငံတွေနဲ့ ပူးပေါင်းတားဆီးထိန်းချုပ်နိုင်ရေး အလေးထားလုပ်ဆောင်လျက်ရှိပါတယ်။

MoU/ LoA လက်မှတ်ရေးထိုးဆောင်ရွက်မှု

မြန်မာနိုင်ငံက မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးအတွက် အမေရိကန်၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ ကိုရီးယား၊ လာအို၊ ဖိလစ်ပိုင်၊ ရုရှား၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့နဲ့ နှစ်နိုင်ငံသဘောတူညီချက်တွေ၊ နားလည်မှုစာချွန်လွှာတွေ (MoU/ LoA) စုစုပေါင်း ၂၄ ခု လက်မှတ်ရေးထိုးထားရှိပါတယ်။ ဒဿအပြင် အင်ဒိုနီးရှားနိုင်ငံနဲ့ နားလည်မှုစာချွန်လွှာ (MoU)လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပြီး ဖိလစ်ပိုင်နိုင်ငံနဲ့ ရေးထိုးထားတဲ့ နားလည်မှုစာချွန်လွှာ(MoU)ကို ပြင်ဆင်လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။

နစကရဲ့ သမိုင်းမှတ်တိုင်

မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် သုံးစွဲသူတွေ ကိုယ်တိုင်သာမက လူ့အဖွဲ့အစည်းတစ်ရပ်လုံးကို ထိခိုက်နိုင်ပြီး လူငယ်တွေရဲ့ စွမ်းအားဆုံးရှုံးတာ အပြင် မူးယစ်ဆေးဝါးပြစ်မှုကျူးလွန်ရာကနေ ရရှိတဲ့ ငွေကြေးတွေဟာ ပြစ်မှုကျူးလွန်သူတွေနဲ့ သောင်းကျန်းသူအဖွဲ့အစည်းတွေရဲ့ အင်အားကို ပိုမိုကြီးထွားစေပြီး ဒေသတွင်းနိုင်ငံတွေရဲ့ လုံခြုံရေးနဲ့ တည်ငြိမ်ရေးကို ခြိမ်းခြောက်မှုတွေ ဖြစ်ပေါ်လာစေပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံအတွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှုအပါအဝင် မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချမှုတွေဟာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ ကြီးစိုးရာနယ်မြေတွေမှာ အဓိကလုပ်ကိုင်နေတာဖြစ်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ရှင်သန်ရပ်တည်မှုအတွက် ဝင်ငွေရလမ်းတစ်ခုအဖြစ် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ ပါဝင်ပတ်သက်နေတာ မြင်တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအတွင်း လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းတွေအတွက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဟာ အရေးကြီးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါတယ်။

ယနေ့ခေတ်မျက်မှောက်ကာလ မူးယစ်ဆေးဝါးပြဿနာကို ရှုမြင်သုံးသပ်ကြရာမှာ တားဆီးနှိမ်နင်းရေးနဲ့ ထိရောက်တဲ့ တရားစီရင်ရေး ကဏ္ဍတစ်ခုတည်းကမဟုတ်ဘဲ ပြည်သူ့ကျန်းမာရေး၊ လူမှုဘဝမြင့်မားရေး၊ လူသားချင်းစာနာထောက်ထားရေး၊ ဖွံ့ဖြိုးရေး၊ အခြေခံလွတ်လပ်ခွင့်နဲ့ လူ့အခွင့်အရေးဆိုင်ရာကဏ္ဍတွေက ဘက်ပေါင်းစုံချဉ်းကပ်မှုပုံစံနဲ့ ပြဿနာရဲ့အရင်းအမြစ်တစ်ခုလုံးကို လွှမ်းခြုံပြီး အပြန်အလှန် အမှီသဟဲပြုဆောင်ရွက်ဖို့ လိုအပ်လာကြောင်း တွေ့ရှိရပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်တဲ့ မြန်မာနိုင်ငံအနေနဲ့ ဘိန်းနဲ့ဘိန်းဖြူအပါအဝင် အခြားစိတ်ကြွရူးသွပ်ဆေးပြားတို့ကို ခေတ်အဆက်ဆက် နိုင်ငံတော်က ပြင်းပြင်းထန်ထန် တားဆီးနှိမ်နင်းခဲ့ကြပြီး တပ်မတော်သားနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များစွာတို့က တိုင်းပြည်အတွက် အသက်ပေးလျှုခဲ့ကြရပါတယ်။

နစကအစိုးရလက်ထက်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ပြီး ဘိန်းစိုက်ပျိုးထုတ်လုပ်မှု၊ စိတ်ကြွဆေးဝါးထုတ်လုပ်ရောင်းချမှု၊ တရားမဝင်ဓာတုဆေးဝါးများ ဖမ်းဆီးနှိမ်နင်းမှု၊ မူးယစ်ဆေးဝါးနဲ့ဆက်နွယ်ပြီး လက်နက်ခဲယမ်း မှောင်ခိုမှုတွေ၊ ငွေကြေးခဝါချမှုတွေကို အမြစ်ဖြတ်တိုက်ဖျက်ရေးနဲ့ မူးယစ်ဆေးဝါးရဲ့သားကောင်တွေအတွက်ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နေတာကိုပါ မြင်တွေ့ရမှာဖြစ်ပါတယ်။ **ဒီလိုဆောင်ရွက်ရာမှာ နစကအစိုးရလက်ထက် မူးယစ်ဆေးဝါးတားဆီးရေးလုပ်ငန်းတွေ တိုးတက်အောင်မြင်မှုရရှိခဲ့တာဟာ ပြည်သူလူထုရဲ့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုတွေကြောင့် ထိရောက်အောင်မြင်ခဲ့ရတာဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ သတင်းပေးမှုတွေကြောင့် ဘိန်းခင်းတွေ ဖျက်ဆီးနိုင်မှုနဲ့ မူးယစ်ဆေးဝါးတွေ အမြောက်အမြား ဖမ်းဆီးရမိမှုတွေအပြင် လူမှုအသိုင်းအဝိုင်းကြား မူးယစ်ဆေးဝါးသုံးစွဲသူနဲ့ ရောင်းဝယ်သူတွေကို ဥပဒေကြောင်းအရ ထိရောက်စွာ အရေးယူမှုတွေက သက်သေပြနေပါတယ်။**

ဒါကြောင့် မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါးပယျောက်ရေး ကြိုးပမ်းမှုတွေမှာ ပြည်သူလူထုရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အိမ်စောင့်အစိုးရနဲ့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ရဲ့ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့မှုတွေက ကမ္ဘာတည်သရွေ့ သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ကျန်ရှိနေမှာဖြစ်တဲ့အကြောင်း ၂၀၂၃ ခုနှစ် ဇွန်လ ၂၆ ရက်နေ့မှာ ကျရောက်မယ့် (၃၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါတယ်။ ။

စိုက်ပျိုးရေးကျောင်း ပျဉ်းမနားတည်ထောင်ခြင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အခမ်းအနား ကျင်းပ

နေပြည်တော် ဇွန် ၂၄

စိုက်ပျိုးရေးကျောင်း ပျဉ်းမနား စတင် တည်ထောင်ခြင်း နှစ်(၁၀၀)ပြည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေးသိပ္ပံ(ပျဉ်းမနား) ကျောင်းဝင်းအတွင်းရှိ နှစ်(၁၀၀)သက်တမ်း ရေးဟောင်းအဆောက်အအုံရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ နေပြည်တော်ကောင်စီဝင်များနှင့် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ စိုက်ပျိုးရေးသိပ္ပံ(ပျဉ်းမနား) ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ စိုက်ပျိုးရေးသိပ္ပံ ကျောင်းသားဟောင်းများနှင့် မျိုးဆက်သစ်စိုက်ပျိုးရေးသိပ္ပံကျောင်းသား ကျောင်းသူများ၊ စိုက်ပျိုးရေးအထက်တန်းကျောင်းသား ကျောင်းသူများနှင့် ဒေသခံတောင်သူလယ်သမားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် စိုက်ပျိုးရေးသိပ္ပံ ကျောင်းသားဟောင်းများက စိုက်ပျိုးရေးကျောင်း ပျဉ်းမနား စတင်တည်ထောင်ခြင်း နှစ်(၁၀၀)ပြည့် အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အထိမ်းအမှတ်အဖြစ် ကုံကော်ပင်နှင့် စိန်ပန်း၊ သပြေဘူတာ၊ ဝှေ့ရွေ့ဝါပင်များကို စိုက်ပျိုးပေးကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဧည့်သည်တော်များက အထိမ်းအမှတ် ကမ္ဘည်းကျောက်စာနှင့် ရေးဟောင်းအဆောက်အအုံ ကမ္ဘည်းကြေးပြားကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး ခေတ်အဆက်ဆက်က သုံးစွဲခဲ့သည့် ရေးဟောင်းလယ်ယာသုံး စက်ပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများနှင့် လက်သမားပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနား ဒုတိယပိုင်းအစီအစဉ်

ကို ဆက်လက်ကျင်းပရာ စိုက်ပျိုးရေးကျောင်း ပျဉ်းမနား စမ်းသပ်ဖွင့်လှစ်ခဲ့သည့် Mr.Brayton Clarke Case (ဗိုလ်ကိတ်ကြီး) ကိုယ်တိုင်ရေးသား စပ်ဆိုခဲ့သော စိုက်ပျိုးရေးကျောင်း သြဘာသီချင်းဖြင့် စိုက်ပျိုးရေးသိပ္ပံ ကျောင်းသား ကျောင်းသူများက ဖျော်ဖြေကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင်လိုအပ်နေသောလူသားအရင်းအမြစ်များ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရှင်များ သင်ကြားလေ့ကျင့် မွေးထုတ်ပေးရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံဌာနခွဲအောက်တွင် စိုက်ပျိုးရေးသိပ္ပံကျောင်း ၁၅ ကျောင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားရှိကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ပျဉ်းမနားစိုက်ပျိုးရေးကျောင်းကို လွန်ခဲ့သောနှစ်ပေါင်းတစ်ရာ့လေးနှစ်ကျော်ခန့်မှ စတင်၍ စိုက်ပျိုးရေးကျောင်းအဖြစ် တည်ထောင်ခဲ့ကြောင်း။

မှတ်တမ်းများအရ ၁၉၁၇ ခုနှစ်တွင် Mr.Brayton Clarke Case (ဗိုလ်ကိတ်ကြီး)မှ စိုက်ပျိုးရေးကျောင်းကို စမ်းသပ်ဖွင့်လှစ်ခဲ့ပြီး ၁၉၂၀ ပြည့်နှစ်တွင် စိုက်ပျိုးရေးကျောင်းအဖြစ် တရားဝင်ဖွင့်လှစ်နိုင်ရေး လျှောက်ထားခဲ့ရာ စိုက်ပျိုးရေးကျောင်း (American Baptist Missionary (ABM) Agricultural School အဖြစ် ၁၉၂၃ ခုနှစ် ဇွန် ၆ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ကာ ကျောင်းသား ၃၉ယောက် တက်ရောက်ခဲ့ပါကြောင်း၊ နှစ်(၁၀၀)ပြည့် သမိုင်းအထောက်အထားအဖြစ် ၁၉၂၃ ခုနှစ်၌ စိုက်ပျိုးရေးကျောင်းသစ်အတွက် ဆောက်လုပ်ခဲ့သည့် လယ်ယာစက်မှုအဆောက်အအုံကို တွေ့မြင်နိုင်ကြောင်း၊ စိုက်ပျိုးရေးပညာသင်ကြားခဲ့သည့် သမိုင်းတွင်သာမက မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းအရလည်း သမိုင်းတန်ဖိုးကြီးမားသည်ကို တွေ့ရှိရပါကြောင်း။

၁၉၅၄ ခုနှစ် ဇွန် ၁ ရက်တွင် မြန်မာနိုင်ငံ၏ ပထမဆုံးသော စိုက်ပျိုးရေးသိပ္ပံအဖြစ် အဆင့်မြှင့်ဖွင့်လှစ်နိုင်ခဲ့ပြီး စိုက်ပျိုးမွေးမြူရေးပညာရှင် အမြောက်အမြားကို မွေးထုတ် ပေးနိုင်ခဲ့သည့်အတွက် နိုင်ငံတော်တွင် အဆင့်မြင့် တာဝန်များအထိ ထမ်းဆောင်ပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေခဲ့ပါကြောင်း၊ ဆက်လက်၍ လည်း စိုက်ပျိုးမွေးမြူရေးအတွက် အရည်အချင်းပြည့်ဝသော စံပြကျောင်းအဖြစ် ဝိုင်းဝန်းကြိုးစားထိန်းသိမ်းသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က ဝမ်းမြောက်ဂုဏ်ပြုစကား ပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ဧည့်သည်တော်များကို အထိမ်းအမှတ်လက်ဆောင်များ ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဧည့်သည်တော်များသည် ခေတ်အဆက်ဆက် စိုက်ပျိုးရေးပညာရပ်သင်ရိုးညွှန်းတမ်းပြခန်းများ၊ မျိုးစေ့ပြခန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံး သွင်းအားစုများ၊ စက်မှုလယ်ယာသုံးယာဉ်များ၊ ပစ္စည်းကိရိယာများ၊ စိုက်ပျိုးရေပေးဝေရေးဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေးကျောင်း ပျဉ်းမနား စတင်တည်ထောင်ခြင်း နှစ်(၁၀၀)ပြည့် စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးသိပ္ပံ ကျောင်းသားဟောင်းများဖြစ်ကြသည့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် (အငြိမ်းစား) ဒေါက်တာမြင့်သောင်း၊ စိုက်ပျိုးရေးသိပ္ပံ(ပျဉ်းမနား) ကျောင်းအုပ်ကြီး (အငြိမ်းစား) ဦးတင်ဆန်း၊ လက်ထောက်ကထိက (အငြိမ်းစား) ဦးချစ်ဝိုင်း၊ ပြင်ပစီးပွားရေးလုပ်ငန်းရှင် ဦးအောင်မိုးဟိန်းနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတို့က ဦးဆောင်ဆွေးနွေးကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများ၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် စိုက်ပျိုးရေးကျောင်း ပျဉ်းမနား စတင်တည်ထောင်ခြင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် လိုဂို၊ ပန်းချီ၊ ကဗျာ၊ သီချင်းနှင့် အားကစားပြိုင်ပွဲ၌ ဆုရရှိသူများကို ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ၊ ပြည်သူ့ရှေ့ဆောင်ပါတီနှင့် အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီတို့အား နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ထားရှိမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၄

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်သည် မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်သော နိုင်ငံရေးပါတီများ၏ ပါတီလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာ ဆောင်ရွက်ခြင်း ရှိ၊ မရှိ ကြီးကြပ်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်း၊ ဦးအောင်မိုးမြင့်၊ ဦးကိုကိုလွင်နှင့် ဦးသန်းအောင်ကျော်တို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့လွတ်တော် အဆောက်အအုံရှိ ပယင်းခန်းမ၌ မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ (MPD)၊ ပြည်သူ့ရှေ့ဆောင်ပါတီ(People's Pioneer Party)နှင့် အမျိုးသား နိုင်ငံရေးမဟာမိတ်များ အဖွဲ့ချုပ်ပါတီတို့မှ ဥက္ကဋ္ဌ၊ အမှုဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ရှင်းလင်းပြောကြား

တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များက နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မှတ်ပုံတင်ခွင့်ပြုသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း သတ်မှတ်ပါတီဝင်အင်အား ပြည့်မီအောင် စည်းရုံးထားရှိရေး၊ ရက်ပေါင်း ၁၈၀ အတွင်း ပါတီရုံးခန်းများ သတ်မှတ်အရေအတွက်အတိုင်း စနစ်တကျဖွင့်လှစ်ထားရှိရေး၊ ပါတီဘဏ္ဍာရေးစည်းမျဉ်းများကို ညွှန်ကြားချက်များနှင့် အညီ ရေးဆွဲဆောင်ရွက်ထားရှိရေး၊ ပါတီအလံနှင့် ဆိုင်းဘုတ်များ အသုံးပြုခြင်းကို ဥပဒေသတ်မှတ်ချက်များနှင့်အညီ စနစ်တကျ လိုက်နာ ဆောင်ရွက်သွားကြရန်နှင့် စည်းရုံးရေးကာလအတွင်း ပြည်သူများ အနှောင့်အယှက် မဖြစ်စေရေး သတိပြုအလေးထား ဆောင်ရွက်သွားကြရန်၊ လာမည့် ရွေးကောက်ပွဲတွင် အချိုးကျ ကိုယ်စားပြုစနစ် (PR) ကျင့်သုံးသွားမည်ဖြစ်၍ မိမိပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက် တင်မြှောက်ခံရရန် အခွင့်အလမ်း ပိုမိုရရှိလာနိုင်သည်ဖြစ်၍ ခိုင်မာအားကောင်းသည့် နိုင်ငံရေးပါတီများအဖြစ် လေ့ကျင့်ပြင်ဆင် တည်ဆောက်ထားကြရန်၊ ထွက်ပေါ်လာမည့် ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းဆိုင်ရာ လမ်းညွှန်ချက်များအရ ရွေးကောက်ပွဲကာလ အတွင်း အောက်ခြေပါတီဝင်အချို့၏ ဥပဒေနှင့်မညီသော စည်းကမ်းချိုးဖောက်မှုများကြောင့် သက်ဆိုင်ရာပါတီများအပေါ် အကျိုးသက်ရောက်မှု ကြီးမားလာနိုင်သဖြင့် ပါတီဝင်အဆင့်ဆင့်ကို ဥပဒေ စည်းကမ်းလိုက်နာရေး တာဝန်ယူ ထိန်းကျောင်းကြပ်မတ် ဆောင်ရွက်သွားကြရန်၊ ရွေးကောက်ပွဲ ပွင့်လင်းမြင်သာမှုရှိရေးအတွက် မဲစာရင်းပြုစုခြင်းနှင့် စိစစ်ခြင်းလုပ်ငန်းများတွင် နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်အဖွဲ့များ ပါဝင်ဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်၍ ရွေးကောက်ပွဲအောင်မြင်ရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ (MPD) ဥက္ကဋ္ဌ ဦးဌေးကျော်၊ ပြည်သူ့ရှေ့ဆောင်ပါတီ (People's Pioneer Party) ဥက္ကဋ္ဌ ဦးမြင့်မောင်ထွန်း၊ အမျိုးသား နိုင်ငံရေးမဟာမိတ်များ အဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဦးသိန်းကြည်တို့က ပါတီလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို တင်ပြခဲ့ကြပြီး ကော်မရှင်အဖွဲ့ဝင်များက လိုအပ်သည်များ ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

တောင်ဂူမြို့၌ မိုးရာသီတိရစ္ဆာန်အစာပင် နေပိယာမြက် စိုက်ပျိုးခြင်း သရုပ်ပြသ

တောင်ဂူ ဇွန် ၂၄

ပဲခူးတိုင်းဒေသကြီး တောင်ဂူမြို့ ကံရိုးကျေးရွာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ် မွေးမြူရေးနှင့် ကုသရေးအဖွဲ့တို့ ပူးပေါင်း၍ မိုးရာသီတိရစ္ဆာန်အစာပင်စိုက်ပျိုးခြင်း ရက်သတ္တပတ်အစီအစဉ်ဖြင့် နေပိယာမြက်စိုက်ပျိုးသရုပ်ပြသခြင်းကို ယနေ့ နံနက် ၉ နာရီက တောင်သူ ဦးသာယာဂျန်း၏ ယာမြေတစ်ဧကခွဲ ဆောင်ရွက်ခဲ့သည်။

ဦးစွာ တောင်ဂူခရိုင် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာနေစိုးက နေပိယာမြက်စိုက်ပျိုးရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဥာဏ်လင်းအောင်နှင့် တာဝန်ရှိသူများက လက်တွေ့စိုက်ပျိုးခဲ့ပြီး နေပိယာမြက်မျိုးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်မပျက် သွက်သွက်လက်လက် မြန်မြန်ဆန်ဆန် ဆက်လက်ဆောင်ရွက်သွားကြရမည်

စစ်တွေ ဇွန် ၂၄

ရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ကွပ်ကဲရန် စစ်တွေမြို့၌ရောက်ရှိနေသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ဌာနဆိုင်ရာများက စစ်တွေမြို့ ကစ္ဆပရပ်ကွက်ရှိ ရန်ပြေမာန်ပြေဘုရားပတ်ဝန်းကျင်နှင့် ကမ်းနားလမ်းတစ်လျှောက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် အနောက်ပိုင်းရေတပ်ကွပ်ကဲမှုဌာနချုပ်အတွင်း ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် မုန်တိုင်းဒဏ်သင့်ပြည်သူများအား စတုဒိသာကျေးမွေးရန် ပြင်ဆင်ချက်ပြုတ်နေမှုများကို ကြည့်ရှုအားပေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ချောင်းနွယ်မင်းဂံကျောင်းတိုက်အတွင်း ဆေးကုသမှုခံယူလျက်ရှိသည့် ပြည်သူလူထုအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

ကြည့်ရှုအားပေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ချောင်းနွယ်မင်းဂံကျေးရွာ ချောင်းနွယ်မင်းဂံကျောင်းတိုက်အတွင်း စစ်တွေမြို့ပြည်သူ့ဆေးရုံကြီးများမှ အထူးကုဆရာဝန်ကြီးများက ပြည်သူများအားကျန်းမာရေးစောင့်ရှောက်ပေးနေမှုများနှင့် ဆေးကုသမှုခံယူနေကြသူများကို ကြည့်ရှုအားပေးရာ ကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ဆေးကုသမှုခံယူလျက်ရှိသည့် ပြည်သူလူထုအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ချောင်းနွယ်မင်းဂံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ကဝိဓေအား ဖူးမြော်ကြည်ညိုပြီး အလှူငွေများဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် အစုအဖွဲ့များနှင့် ခြံလှောင်မွေးမြူသည့်စနစ်ကို ဆောင်ရွက်ကြစေလိုကြောင်း၊ နို့စားနွားရိုင်းနွားနှင့် ဒေသန္တရနွားများမွေးမြူခြင်းအတွက် နေပီယာမြက်ကို စီးပွားဖြစ်စိုက်ပျိုးကြစေလိုကြောင်း။

နည်းပညာအကူအညီလိုအပ်သည်များကို ထောက်ပံ့ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ အသားတိုးကြက်များမွေးမြူရေးဆောင်ရွက်သွားကြမည်ဆိုပါက လိုအပ်သည်များကို ချိတ်ဆက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးအတွက် လိုအပ်သည့် သွင်းအားစုများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ မတည်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာတွင် သမဝါယမစနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေကြသည့် လုပ်ငန်းများ အောင်မြင်နေမှုကို တွေ့မြင်နိုင်ကြောင်း၊ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝများ မြင့်မားရေးနှင့် ဝင်ငွေတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်စပ်လျဉ်းသည့် လိုအပ်သော အကူအညီ အထောက်အပံ့များနှင့် စျေးကွက်ရရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အဆင့်တာဝန်ရှိသူများက နွားမွေးမြူရေးဆောင်ရွက်ထားရှိမှုနှင့် မြစိမ်းရောင်စိမ်ကိန်းနှင့်စပ်လျဉ်းသည့် ကဏ္ဍအလိုက်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းတို့မှ သမဝါယမအသင်းကိုယ်စားလှယ်များ၊ မြစိမ်းရောင်စီမံကိန်းနှင့် နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော မွေးမြူရေးအစုအဖွဲ့နှင့် ရေလုပ်ငန်းအစုအဖွဲ့တို့မှ တာဝန်ရှိသူများက စိုက်ပျိုးရေးနှင့် မွေးမြူရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးတို့က ဖြည့်စွက်ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်စပ်လျဉ်း၍ တွေ့ကြုံရသည့်အခက်အခဲများကို မိမိဌာနတာဝန်ရှိသူများနှင့် ဆက်သွယ်တွေ့ဆုံ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် အလျင်အမြန်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားကာ ရှင်းလင်းဆွေးနွေးတင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် တာဝန်ရှိသူများ အနောက်ပိုင်းရေတပ်ကွပ်ကဲမှုဌာနချုပ်အတွင်း ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် မုန်တိုင်းဒဏ်သင့် ပြည်သူများအား စတုဒိသာ ကျေးမွေးရန် ပြင်ဆင်ထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

ညှိနှိုင်းအစည်းအဝေး တက်ရောက်

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ကျင်းပသည့် သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီများအလိုက် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်းသည့် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုများ၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်မပျက် သွက်သွက်လက်လက် မြန်မြန်ဆန်ဆန် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စစ်တွေမြို့ကို သန့်ရှင်းသာယာလှပသည့်မြို့ဖြစ်စေရန် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် သတ်သတ်မှတ်မှတ် ကြပ်ကြပ်မတ်မတ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း လမ်းညွှန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဇီးကုန်းမြို့နယ်၌ အခြေခံစားသောက်ကုန်များ သက်သာသောစျေးနှုန်းဖြင့် ရောင်းချပေး

ဇီးကုန်း ဇွန် ၂၄

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ ကိုယ်တိုင်စိုက်ပျိုးမွေးမြူ ထုတ်လုပ်သူများသည် အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ကြက်ဥ၊ ဘဲဥ၊ အသား၊ ငါးနှင့် အခြားဒေသထွက် ဟင်းသီးဟင်းရွက်သီးနှံများကို ဇွန် ၂၃ ရက် နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာ(မြို့မ)စျေးရှေ့၌ သက်သာသောစျေးနှုန်းများဖြင့် ရောင်းချပေးသည်။

ဒေသခံပြည်သူများအား သက်သာသောစျေးနှုန်းများဖြင့် ရောင်းချပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့ရုံး ဝန်ထမ်းများ၊ ဌာနဆိုင်ရာများက ပူးပေါင်းကူညီဆောင်ရွက်၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးနှင့် ဒေသထွက် အခြားဟင်းသီးဟင်းရွက်သီးနှံများကို ပြင်ပပေါက်စျေးထက် သက်သာသောစျေးနှုန်းများဖြင့် ရောင်းချပေးခဲ့သည်။ ယင်းသို့ရောင်းချပေးရာ ပြည်သူများက ဝယ်ယူအားပေးလျက်ရှိပြီး ပြင်ပပေါက်စျေးထက် သက်သာသောကြောင့် များစွာအဆင်ပြေကြောင်း သိရသည်။

ယနေ့တွင် ဆန် ၂၅ အိတ်၊ ကြက်ဥ၊ ဘဲဥ အလုံး ၁၀၀၀၊ ငါး ပိဿာ ၅၀၊ ဆီ ပိဿာ ၅၀ နှင့် ဒေသထွက် ဟင်းသီးဟင်းရွက်သီးနှံများ ရောင်းချပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ကြည့်ရှုအားပေး

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်း၍ အစိုးရရပ်ကွက်ရှိ မင်းပြင်ဝန်ထမ်းအိမ်ရာနှင့် ခရိုင်ဆေးရုံဝန်ထမ်းနေအိမ်လိုင်းခန်းခြံဝင်းတို့အား သန့်ရှင်းရေးဆောင်ရွက်ပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် တာဝန်ရှိသူများနှင့်အတူ ငါးကျဉ်တောက်-ဘူးသီးတောင်သွားလမ်းမကြီး ၀/ ယာ၊ အနောက်ရပ်ကွက် မြို့ဝင်ပန်းခြံနှင့် မေယုလမ်း ၀/ယာတို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့ပြင် တောင်ရပ်ကွက်ရှိ ဝေနေယျသုခ ပရဟိတ ဘုန်းတော်ကြီးကျောင်းသို့သွားရောက်၍ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် ဂက်စ်မီးဖိုများ လျှုဒါန်းပြီး အဆိုပါကျောင်း၌ ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများအား ကြည့်ရှုအားပေး စကား ပြောကြားသည်။

ထို့အတူ ရခိုင်ပြည်နယ် မြောက်ဦးမြို့၌ ရောက်ရှိနေသော ဗိုလ်ချုပ်သောင်းထိုက်ရွှေသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရေတံခါးပေါ်တော်မူမဟာကျန်ဘုရားကြီး ကျောက်ရာဇ်ကေကျောင်းတိုက်၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ညှိနှိုင်းဆောင်ရွက်ပေး

အလားတူ သံတွဲမြို့၌ ရောက်ရှိနေသော ဗိုလ်ချုပ်စိုးနိုင်ဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဌာနဆိုင်ရာဝန်ထမ်းများက မြို့နယ်များ သာယာလှပရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် သံတွဲသီတဂူမျက်စိဆေးရုံခြံဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ရခိုင်ပြည်နယ် ကျောက်တော်မြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ်အောင်သူဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ နှစ်ရှည်လေကာပင်များစိုက်ပျိုးပေးပြီး ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးသည်။

အလားတူ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ်ဝင်းမောင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အောင်မင်္ဂလာကန်ဘေး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ရခိုင်ပြည်နယ် မောင်တောမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ်တင်ဆွေသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ခုနှစ် မျိုးစေ့ထုတ်လုပ်မည့်တောင်သူများထံသို့ မျိုးကောင်း မျိုးသန့်မျိုးစေ့နှင့် ဓာတ်မြေသြဇာများ ထောက်ပံ့ပေးအပ်ပြီး ကိုင်းကြီးကျေးရွာရှိ တောင်သူ ၁၈ ဦး၏ လယ်မြေ ၈က ၆၀ ကို စက်မှုလယ်ယာဦးစီးဌာနက လယ်မြေများအား ထွန်စက်လေးစီးဖြင့် ထွန်ယက်ပေးနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၂၄

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာ ဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကျောက်တော်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ အရိပ်ရနစ်ရှည်ပင်များ စိုက်ပျိုးပေးသည်။

အလားတူ ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဌာနဆိုင်ရာများနှင့်အတူ ပုဏ္ဏားကျွန်းမြို့ရှိ အောင်မင်္ဂလာကန်ဘေး၌ အမှိုက်များရှင်းလင်းခြင်းနှင့် လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ စစ်တွေမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ရေချမ်းပြင်ကျေးရွာရှိ လမ်းဘေး ၀/ယာ၌ အမှိုက်များ ရှင်းလင်းခြင်းနှင့် လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးပြီး နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ ပြင်ရှည်ကျေးရွာ၌ ဒေသခံပြည်သူ များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

အလားတူ မြောက်ဦးမြို့၌ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ အမှိုက်များရှင်းလင်းခြင်းနှင့် လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်း စသည့်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ ရေတံခါးပေါ်တော်မူမဟာကျန်ဘုရားကြီး ကျောက်ရာဇ်ကေကျောင်းတိုက်၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

ထို့အတူ ဘူးသီးတောင်မြို့၌ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပူးပေါင်း၍ မြို့တွင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အလားတူ ကျောက်ဖြူမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် အစိုးရရပ်ကွက်၌ အမှိုက်များရှင်းလင်းခြင်းနှင့် သစ်ပင်၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးပြီး အစိုးရအဖွဲ့ရိပ်သာကြီးဘေး၌ အုန်းပင်များ စိုက်ပျိုးပေးသည်။

ထို့အတူ ရသေ့တောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ ကိုးတန်ကောက်ကျေးရွာ၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဒရယ်မီး-ဥသျှစ်ကုန်းလမ်း၊ ဗျက်ကြီးကျေးရွာ ရေလဲချင်းစုဘုန်းကြီးကျောင်းဝင်းအတွင်း၌ ဇွန် ၂၁ ရက် နံနက် ၉ နာရီက မိုးရာသီသစ်ပင်စိုက်ပွဲ အခမ်းအနားကျင်းပ၍ စုစုပေါင်း အပင် ၁၂၀၀ ကို စုပေါင်းစိုက်ပျိုးကြစဉ်။

မြို့နယ်(ပြန်/ဆက်)

ထန်းတပင်မြို့နယ်၌ နေပီယာမြက် စိုက်ပျိုး

ထန်းတပင် ဇွန် ၂၄

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ တိရစ္ဆာန်အစာပင် နေပီယာမြက်ပင်စိုက်ပျိုးခြင်းကို ယမန်နေ့နံနက်ပိုင်းက အုန်းပင်ကျေးရွာနေတောင်သူ ဦးလှမြင့်၏ ယာမြေတစ်ဧကခန့် ကျင်းပသည်။

ယင်းသို့စိုက်ပျိုးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမြင့်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက နေပီယာမြက်မျိုးများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နေပီယာမြက်စိုက်ပျိုးခြင်းဖြင့် ကျွဲ၊ နွားမွေးမြူရေး အစာရှားပါးမှုလျော့နည်းစေခြင်း၊ အာဟာရဓာတ်ကြွယ်ဝသော အစာများ ရရှိခြင်း၊ ကောင်းမွန်သော ကျွဲ၊ နွားအစာများရရှိစေခြင်း၊ ပရိတင်းဓာတ် ပမာဏများစွာပါဝင်သည့်အတွက် ကျွဲ၊ နွားများ အာဟာရပြည့်ဖြိုးသော အစာများစားသုံးခြင်းဖြင့် ကျန်းမာရေးကောင်းမွန်စေခြင်း စသည်တို့ကြောင့် နေပီယာမြက်မျိုးကို စိုက်ပျိုးရခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မန္တလေးတိုင်းဒေသကြီးအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ သမဝါယမအသင်းပိုင်ရန်ပုံငွေတို့ဖြင့် မိုးစပါး ဧကတစ်သောင်းကျော်စိုက်ပျိုးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မန္တလေး ဇွန် ၂၄

မန္တလေးတိုင်းဒေသကြီးအတွင်း မိုးစပါး စိုက်ပျိုးခြင်းလုပ်ငန်းအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ပံ့ပိုးငွေ၊ မြို့နယ်အသင်းစုများ၏ ပံ့ပိုးငွေများ ရယူဆောင်ရွက်နိုင်ရေးအတွက် အစည်းအဝေးကို ယမန်နေ့က မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြောကြား

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ်စိန်လွင်က နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်း ရန်ပုံငွေရယူ၍ သမဝါယမကန်ထရိုက်လယ်ယာစနစ်ဖြင့် မိုးစပါး ၁၀၄၆၂ ဧက စိုက်ပျိုးရာတွင် သတ်မှတ်ထားသည့် စံလုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျစွာလိုက်နာ ဆောင်ရွက်သွားရန်နှင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်ချက်များရှိပါက ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာနရှိ ဝန်ထမ်းများနှင့် မြို့နယ်သမဝါယမအသင်းစုများမှ တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများနှင့် လိုအပ်ချက်များအား ရှင်းလင်းတင်ပြခဲ့ရာ တင်ပြချက်များအပေါ် ရဲမှူးချုပ်စိန်လွင်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း သမဝါယမကန်ထရိုက်လယ်ယာစနစ်ဖြင့် မြို့နယ် ၂၂ မြို့နယ်၊ သမဝါယမအသင်း ၁၁၄ သင်း၊ အသင်းသားတောင်သူ ၃၀၀၀ ဖြင့် မိုးစပါး၊ဧက ၁၀၄၆၂ ဧက စိုက်ပျိုးနိုင်ရေးအတွက်လိုအပ်သည့် တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှုန်းနှင့် ညီမျှသော မျိုးနှင့် သွင်းအားစုများ ပံ့ပိုးပေးနိုင်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်းရန်ပုံငွေမှ ပံ့ပိုးငွေကျပ် ၉၄၄ ဒသမ ၀၀ သန်းဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်၏ ပံ့ပိုးငွေကျပ် ၈၈၀ ဒသမ ၈၀ သန်းဖြင့်လည်းကောင်း၊ မြို့နယ်သမဝါယမအသင်းစုများ၏ ပံ့ပိုးငွေကျပ် ၂၆၇ ဒသမ ၆၀ သန်း စုစုပေါင်းပံ့ပိုးငွေကျပ် ၂၀၉၂ ဒသမ ၄၀ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း သမဝါယမစနစ်ဖြင့် ဆောင်ရွက်မည့် စံလုပ်ထုံးလုပ်နည်းများ ရေးဆွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကုန်သွယ်/စီးပွား

2023 Macao International Environmental Co-operation Forum and Exhibition သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်တက်ရောက်ရန်ဖိတ်ကြား

နေပြည်တော် ဇွန် ၂၄

မကာအိုအထူးအုပ်ချုပ်ရေးဒေသရှိ Venetian ၌ 2023 Macao International Environmental Co-operation Forum and Exhibition (2023 MIECF) ကို ၂၀၂၃ ခုနှစ် သြဂုတ် ၁၇ ရက်မှ ၂၀ ရက်အထိ Hybrid စနစ်ဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ရာ မြန်မာနိုင်ငံမှလုပ်ငန်းရှင်များ ပါဝင်တက်ရောက်ရန် ဖိတ်ကြားလာပါသည်။

အဆိုပါပြပွဲသို့ ပြသမည့် အစိုးရအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများမှ ကိယ်စားလှယ်များအတွက် ၁၈ စတုရန်းမီတာရှိ Special Booth သို့မဟုတ် Standard Booth တစ်ခုအတွက် ကျသင့်ငွေကင်းလွတ်ခွင့်စသည်တို့မှ အကျိုးခံစားခွင့်တစ်မျိုးကို ခံစားနိုင်မည်ဖြစ်သည်။ ပြခန်းပြသမည့် လုပ်ငန်းတစ်ခုအတွက် သြဂုတ် ၁၆ ရက်မှ ၂၀ ရက်အထိ သတ်မှတ်ထားသည့် ဟိုတယ်၌ လေးညတာ အခမဲ့တည်းခိုနေထိုင်ခွင့်ကို လည်းကောင်း၊ ဖိုရမ်သို့ တက်ရောက်မည့် ကိုယ်စားလှယ် လေးဦးအတွက်လည်း ဟိုတယ်၌ လေးညတာ အခမဲ့တည်းခိုနေထိုင်ခွင့် စီစဉ်ပေးမည်ဖြစ်သည်။

ယခင်ကျင်းပပြုလုပ်ခဲ့သည့် 2022 MIECF တွင် နိုင်ငံတကာမှလုပ်ငန်းရှင်များ၊ စီးပွားရေးမိတ်ဖက်များ၊ ပညာရေးကဏ္ဍမှ ပတ်ဝန်းကျင်နှင့် ပတ်သက်သည့် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ကျွမ်းကျင်နည်းပညာရှင်များ တက်ရောက်ခဲ့သည်။

အဆိုပါပြပွဲနှင့် ဖိုရမ်သို့ ပါဝင်တက်ရောက်လိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm၊ ဖုန်း ၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ သို့ဆက်သွယ်၍ ချိတ်ဆက်ဆောင်ရွက်နိုင်ကြောင်း သိရှိရသည်။

ရှမ်းပြည်နယ်၏ သနပ်ဖက်စိုက်ပျိုးထွက်ရှိမှုနှင့် ဈေးနှုန်းဈေးကွက်

နေပြည်တော် ဇွန် ၂၄

မြန်မာနိုင်ငံ တစ်ဝန်းတွင် သောက်သုံးနေသည့် သနပ်ဖက်ဖြင့် လိပ်ထားသော ဆေးပေါ့လိပ် လုပ်ငန်းသည် ရှမ်းပြည်နယ်၏ အဓိကလုပ်ငန်းတစ်ရပ်ဖြစ်ပြီး အဆိုပါ သနပ်ဖက်ပင်ကို ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်၊ ပင်လောင်း၊ ဆီဆိုင်၊ ဟိုပုံး၊ တောင်ကြီး၊ ရပ်စောက်၊ ပင်းတယစသည့် မြို့နယ်များတွင် တော၊ တောင်များကို ရှင်းလင်းပြီး စိုက်ပျိုးကြကြောင်း သိရသည်။

သနပ်ဖက်ပင်ကို ရေမဝပ်သော တောင်ခါးပန်းများတွင် စိုက်ပျိုးကြပြီး တစ်ခြိမ်လျှင် အပင်ရေ ၅၀ မှ ၄၀၀၀ အထိ စိုက်ပျိုးကြကြောင်း၊ ကဆုန်လတွင် မြေဆွေ၍ မျိုးကြဲကာ အပင်ပေါက်များ နှစ်တောင်ထွာခန့်ရှိသည့်အချိန်၌ နုတ်၍ တစ်ပင်နှင့်တစ်ပင် နှစ်ပေခန့် ခြားပြီး စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးပြီး အပင်ဖြစ်ထွန်းလျှင် သုံးနှစ်သားအရွယ်မှ စတင်၍ အရွက်များခူးရပြီး စိုက်ပျိုးသည့် မြေမကောင်းလျှင် လေးနှစ်သား အရွယ်မှစတင်၍ အရွက်များ ခူးဆွတ်ရကြောင်း၊ သနပ်ပင် တစ်ပင်လျှင် အရွက်ရေ ၃၀ မှ ၄၀ အထိ ထွက်ရှိကြောင်း၊ သနပ်ဖက်ကို ဝါဆို၊ ဝါခေါင်၊ တော်သလင်းလများတွင် ခူးရပြီး တစ်နှစ်လျှင် လေးကြိမ်ခူးရကြောင်း သိရသည်။

သနပ်ဖက်ကို ဆေးလိပ်လိပ်ရာတွင် အရွက်အစိမ်းတိုင်း အသုံးမပြုရဘဲ သနပ်ဖက်အရွက်များကို အကြောသင်၍ ဒယ်ပြားထဲသို့ထည့်ပြီး သဲထုပ်ဖိကာ လှော်ရကြောင်း၊ လှော်ပြီး သားဖက်ရွက်များကို အကြီး၊ အသေး ခွဲခြားကာ စနစ်တကျ ထုပ်ပိုးပြီး ပွဲရုံများသို့ သနပ်ဖက်ရွက် အသေးတစ်ပိသာလျှင် ကျပ် ၆၀၀၀ နှင့် ဖက်ရွက်အကြီး တစ်ပိသာလျှင် ကျပ် ၇၀၀၀ နှုန်းဖြင့် ရောင်းချရကြောင်း၊ တစ်နှစ်လျှင် သနပ်ဖက်ရွက် ပိသာချိန် ၁၂၀၀ ခန့်အထိ ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် သနပ်ဖက်ကို မြန်မာနိုင်ငံ အနှံ့အပြားရှိ ဆေးပေါ့လိပ်လုပ်ကိုင်သည့် မြို့များသို့ တင်ပို့ရောင်းချရကြောင်း သိရသည်။

သတင်းအရင်းအမြစ်- စီးပွားကူးသန်း

ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများအား တပ်မတော်(ရေ)မှ စစ်ရေယာဉ်ဖြင့် ပို့ဆောင်

နေပြည်တော် ဇွန် ၂၄

ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရန် တပ်မတော်(ရေ)မှ စစ်ရေယာဉ်(မြစ်ကြီးနား)သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်အိတ် ၈၂၁၀၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ ဒဂုံရမ်/ အချိုရည် ၁၇ အိတ် စုစုပေါင်းကုန်တန်ချိန် ၄၆၆ ဒသမ ၄၅ တန်အား ရန်ကုန်မြို့ ဗိုလ်အောင်ကျော်ဆိပ်ခံတံတားခွံ တင်ဆောင်၍ ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့သို့ ပို့ဆောင်ရန် ထွက်ခွာသွားခဲ့သည်။

အဆိုပါ စစ်ရေယာဉ်မှ သယ်ဆောင်လာသည့် ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများအား တာဝန်ရှိသူများထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်၍ မုန်တိုင်းဒဏ်သင့်ပြည်သူများထံသို့ အမြန်ဆုံးဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို ဇွန် ၂၄ ရက်နံနက် ၉ နာရီက ပဲခူးမြို့ ကျွန်းသာယာ ယာဉ်ရပ်နားဝင်း၌ ကျင်းပရာ အမှတ် (၁၁) ယာဉ်ထိန်းရဲ ပဲခူးတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး မင်းချစ်သူက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောစဉ်။

ဌေးနိုင်(ပဲခူး)

ညောင်လေးပင်မြို့နယ်အတွင်း မိုးစပါးတစ်ဧက မျှော်မှန်းပန်းတိုင်အထွက်နှုန်းရရှိစေရေး ကွင်းဆင်းဆောင်ရွက်

ညောင်လေးပင် ဇွန် ၂၄

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် ၂၀၂၃ -၂၀၂၄ ခုနှစ် မိုးရာသီ မိုးစပါးတစ်ဧက မျှော်မှန်းပန်းတိုင်အထွက်နှုန်းများရရှိစေရေး ညောင်လေးပင်မြို့နယ် ဘိုင်းဒါးကျေးရွာ၌ပြုလုပ်ရာ မြို့နယ်အတွင်းရှိ တောင်သူများ စိုက်နည်းစနစ်အလိုက် စိုက်ပျိုးဆောင်ရွက်နေမှုများကို ဇွန် ၂၂ ရက် နံနက် ၁၀ နာရီက ညောင်လေးပင်ခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်း၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်နှင့် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုခဲ့ကြပြီး တောင်သူများနှင့်တွေ့ဆုံ၍ စိုက်နည်းစနစ်များ မှန်ကန်စေရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။ **၅၆၈**

၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ တတိယနေ့ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဇွန် ၂၄

တက္ကသိုလ်လက်ရွေးစင်မှသည် မြန်မာ့လက်ရွေးစင်ဆီသို့ဟူသော ဦးတည်ချက်ဖြင့် ကျင်းပလျက်ရှိသည့် ၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ တတိယနေ့ အုပ်စုပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်း အမှတ်(၃)တွင် ဆက်လက်ကျင်းပရာ ပထမပွဲစဉ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ညနေပိုင်းတွင် ဒုတိယပွဲစဉ်အဖြစ် ပညာရေးဝန်ကြီးဌာန(က)အသင်းနှင့် သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပညာရေးဝန်ကြီးဌာန(က)အသင်းက ၁၀ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ကြည့်ရှုအားပေး

တတိယနေ့ အုပ်စုပွဲယှဉ်ပြိုင်မှုများကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင် ပြည်သူများ လာရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

သတင်းစဉ်

ပညာရေးဝန်ကြီးဌာန(က)အသင်းနှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ အလုပ်အမှုဆောင်များအား တာဝန်ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၄

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ အလုပ်အမှုဆောင်များအား တာဝန်ပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ Hotel Yangon ၌ ကျင်းပသည်။

အခမ်းအနားတွင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးဝဏ္ဏက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်း ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဦးနှင့် မရမ်းကုန်းခရိုင်စီမံ(၁) ဒုတိယဗိုလ်မှူးကြီး ဖြိုးအောင်ဟိန်းတို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် မရမ်းကုန်းခရိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဇေယျာက မရမ်းကုန်းခရိုင်ဖွဲ့စည်းမှုနှင့် တာဝန်ပေးအပ်မှုဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ခရိုင်နှင့် မြို့နယ် အလုပ်အမှုဆောင်များအား တာဝန်ပေးအပ်လွှာများပေးအပ်သည်။ ထို့နောက် အလှူရှင်များက အလှူငွေများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

FIFA–MFF U–15 Youth League ပြိုင်ပွဲ စတင်ကျင်းပ

ရန်ကုန် ဇွန် ၂၄

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးရ၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ယူ-၁၅ အသင်းများပါဝင်သည့် FIFA–MFF U15 Youth League 2023 (မြန်မာယူ-၁၅ လီဂ်) ပြိုင်ပွဲ မန္တလေးမြို့(အထက်မြန်မာပြည်ဇုန်) နှင့် ရန်ကုန်မြို့ (အောက်မြန်မာပြည်ဇုန်) ပွဲစဉ် ပထမနေ့ကို ယနေ့ စတင်ကျင်းပသည်။

အောက်မြန်မာပြည်ဇုန် ပထမနေ့ နံနက်ပိုင်း ပွဲစဉ်များတွင် Sporting Hantha အသင်းက အာသာဝတီအသင်းကို သုံးဂိုး-တစ်ဂိုး၊ Royal Yangon အသင်းက ဖားစည်မြေအသင်းကို ငါးဂိုး-တစ်ဂိုး၊ ညနေပိုင်းကျင်းပသည့်ပွဲစဉ်များတွင် Red Hawks Yangon အသင်းက ရန်ကုန်တောင်ဇလပ်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ရာမည အသင်းက ပဲခူးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ အထက်မြန်မာပြည်ဇုန် ပထမနေ့တွင် ချင်းတွင်းစတားအသင်းက ကချင်စတားအသင်းကို ငါးဂိုး-တစ်ဂိုး၊ Soccer Care အသင်းက ရှမ်းမြောက်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

နှစ်ကျော့စနစ်ဖြင့် ပြုလုပ်သွားမည်

အောက်မြန်မာပြည်ဇုန်တွင် အသင်း ၁၂ သင်း၊ အထက်မြန်မာပြည်ဇုန်တွင် အသင်းကိုးသင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး နှစ်ကျော့စနစ်ဖြင့် ပြုလုပ်သွားမည်ဖြစ်သည်။ ပြိုင်ပွဲကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် ကျင်းပမည်ဖြစ်ပြီး ဇွန်လမှ ဒီဇင်ဘာလအထိ ပြုလုပ်မည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပမည့်ပုံစံအရ ဇုန်တစ်ခုစီမှ ထိပ်ဆုံးရပ်တည်မှုရ နှစ်သင်းမှာ Play–off ဗိုလ်လုပွဲကစားခွင့်ရမည်ဖြစ်ပြီး ဒုတိယနေရာရပ်တည်မှုရ အသင်းနှစ်သင်းမှာ Play–off တတိယနေရာလုပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ Play–off ပွဲစဉ်များကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းတွင် ကျင်းပမည်ဖြစ်ပြီး တတိယလုပွဲကို ဒီဇင်ဘာ ၉ ရက်၊ ဗိုလ်လုပွဲကို ဒီဇင်ဘာ ၁၀ ရက်တွင် ပြုလုပ်မည်ဖြစ်သည်။

ကိုညီလေး

ကျောက်တံခါးမြို့နယ်၌ မိုးရာသီ တိရစ္ဆာန်အစာပင် သရုပ်ပြစိုက်ပျိုး

ကျောက်တံခါး ဇွန် ၂၄

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ၂၀၂၃ ခုနှစ် မိုးရာသီတိရစ္ဆာန်အစာပင် စိုက်ပျိုးခြင်းရက်သတ္တပတ် အစီအစဉ်အရ နေပီယာမြက် သရုပ်ပြစိုက်ပျိုးခြင်းကို ဇွန် ၂၂ ရက်က ထိန်တောကျေးရွာရှိ နွားမွေးမြူသူ ဦးမြင့်ဦး၏ မြေတစ်ဧကပေါ်တွင် ကျင်းပခဲ့သည်။

အဆိုပါစိုက်ပျိုးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆွေနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကာ ကျောက်တံခါးမြို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာနှင်းနုလွင်က အစာပင်(နေပီယာမြက်) စိုက်ပျိုးခြင်းဖြင့် တိရစ္ဆာန်များ လွတ်ကျောင်းမွေးမြူသည့်စနစ်မှ ခြံလှောင်မွေးမြူသည့်စနစ်သို့ ကူးပြောင်းပြီး တိရစ္ဆာန်ထွက် စွန့်ပစ်ပစ္စည်းများအား သဘာဝမြေဩဇာအဖြစ် ပြန်လည်အသုံးပြုနိုင်ခြင်း၊ ဖြည့်စွက်အစာစိမ်းအနေဖြင့် ပဲဖတ်၊ နှမ်းဖတ်၊ ဖွဲနု အစရှိသည့် ဒေသထွက် အစာနုများနှင့် ရောစပ်ကျွေးခြင်းဖြင့် တိရစ္ဆာန်များအတွက် အာဟာရပြည့်ဝစွာရရှိစေပြီး မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်အတွက် ရည်ရွယ်၍ စိုက်ပျိုးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

မြို့နယ်(ပြန်/ဆက်)

တက္ကစီယာဉ်စီးခကို တစ်ပြေးညီစေရန် တစ်ကီလိုလျှင် ကျပ် ၆၀၀ သတ်မှတ်

ရန်ကုန် ဇွန် ၂၄

တက္ကစီယာဉ်စီးခကို တစ်ပြေးညီစေရန် တစ်ကီလိုလျှင် ကျပ် ၆၀၀ သတ်မှတ်လိုက်ပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC)၏ တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ပြောသည်။

ပြီးခဲ့သည့် ဇွန်လ တတိယပတ်က City Taxi ယာဉ်အသင်းမှ အသင်းသားများ အချင်းချင်း ဆွေးနွေးကြပြီးနောက် တက္ကစီယာဉ်မောင်းနှင့် စီးနင်းသူများ အတွက် အဆင်ပြေစေရန် တက္ကစီပေါ် စတက်သည်နှင့် ကျပ် ၁၅၀၀၊ တစ်ကီလိုလျှင် ကျပ် ၆၀၀ ဟု သတ်မှတ်ရန် သဘောတူခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

"အခု ကျွန်တော်တို့က တက္ကစီကို ငှားစီးရင် ကီလိုနဲ့ပေးချေလို့ ရတယ်ဆိုတာကို ပြည်သူ့သိအောင် ဇွန် ၂၃ ရက်က သတ်မှတ်လိုက်တယ်လို့ ထုတ်ပြန်ပြောဆိုတာ ဖြစ်ပါတယ်။ ခရီးသွားပြည်သူ အနေနဲ့ ကီလိုနဲ့ သတ်မှတ်ထားတဲ့ စျေးနှုန်းက ဘယ်လောက်ဆိုတာ ကိုလည်း သိဖို့လိုသလို ကိုယ်သွားမယ့် အကွာအဝေးကတော့ ကီလို ဘယ်လောက်ဖြစ်နိုင်တယ်ဆိုတာ လည်း သိဖို့လိုတယ်။ ဒါကြောင့် ကီလိုကိုသိဖို့အတွက် ကားမှာပါတဲ့ ဒိုင်ခွက်ထဲက ကီလိုကို တက္ကစီယာဉ်မောင်းကို မေးရမှာဖြစ်ပါတယ်" ဟု ဦးလျန်ကျင့်မန်က ပြောသည်။

လက်ရှိတွင် ရန်ကုန်၌ ပြေးဆွဲနေသော တက္ကစီများမှာ CNG၊ ဓာတ်ဆီနှင့်ဒီဇယ် အသုံးပြု City Taxi ယာဉ်များဖြစ်ကြသောကြောင့် စက်သုံးဆီတက္ကစီ ယာဉ်မောင်းများက ယာဉ်စီးနင်းခကို ပိုမိုတောင်းခံသူများလည်း ရှိနေသည်က တစ်ကြောင်း၊ CNG ယာဉ်မောင်းများတွင်လည်း တန်းစီစောင့်ဆိုင်းရကာ CNG ဖြည့်ရသည်ကို အကြောင်းပြု၍ စက်သုံးဆီအသုံးပြု တက္ကစီယာဉ်မောင်းများ နည်းတူ တောင်းခံကြသည်က တစ်ကြောင်းတို့ကြောင့် ယခုကဲ့သို့ တစ်ပြေးညီ သတ်မှတ်ခြင်းမှာ ကောင်းမွန်ကြောင်း မှတ်ချက်ပြုနေသူများလည်း ရှိသည်။

ကီလိုဖြင့် ယာဉ်စီးနင်းခများ သတ်မှတ်သည့်အတိုင်း အပလီကေးရှင်းဖြင့် ဝန်ဆောင်မှုပေးနေသော ကုမ္ပဏီများအနေဖြင့်လည်း ယခုသတ်မှတ်သည့် နှုန်းထား အတိုင်းသာ ကောက်ခံရမည်ဖြစ်ကြောင်း တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ဆိုသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် တက္ကစီယာဉ်စီးရေ ခြောက်သောင်းကျော်ရှိသော်လည်း လက်ရှိတွင် City Taxi အဖြစ် မှတ်ပုံလာတင်သည့် ယာဉ်စီးရေမှာ သုံးသောင်းကျော်သာရှိနေသေးကြောင်း၊ City Taxi အဖြစ် မှတ်ပုံမတင်သည့် ယာဉ်များအနေဖြင့် လေဆိပ်ကဲ့သို့ ကန့်သတ်နယ်မြေများသို့ လုံခြုံရေးအရ ဝင်ရောက်ပါက တားမြစ်ခြင်းခံရမည်ဖြစ်ကြောင်းလည်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC)၏ စာရင်းများအရ သိရသည်။

သတင်းစဉ်

❖ **မိုခါမုန်တိုင်းဒဏ်သင့်မှ**

နံနက်ပိုင်းက သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးများအတွင်းရှိ မျိုးစေ့ထုတ်တောင်သူများ အစုအဖွဲ့များနှင့် မျိုးစေ့ထုတ်ကုမ္ပဏီများက ထုတ်လုပ်သည့် ပေါ်ဆန်း စပါးမျိုးများ၊ နှံကောက်နှင့် GW–11 မျိုးစပါးများကို ရခိုင်ပြည်နယ်အတွင်းရှိ စပါးစိုက်တောင်သူများထံ မိုးစပါးစိုက်ချိန်အမီ ဖြန့်ဖြူးပေးနိုင်ရေးအတွက် တပ်မတော်ယာဉ်များဖြင့် စစ်တွေမြို့သို့ အရောက်ပို့ဆောင်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကမ္ဘောဒီးယားဝန်ကြီးချုပ်က HIV ကူးစက်မှုများ မြင့်တက်လာခြင်းအပေါ် သတိထားရန် တိုက်တွန်း

ဖနောင်ပင် ဇွန် ၂၄

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်သည် ပြီးခဲ့သည့်နှစ်အတွင်းက HIV ကူးစက်မှုများ သိသိသာသာမြင့်တက်မှုရှိခဲ့ခြင်းကြောင့် ယခုနှစ်အတွင်း ယင်း HIV ကူးစက်မှုအပေါ် သတိထားရန် ဇွန် ၂၄ ရက်တွင် ပြည်သူများအား တိုက်တွန်းခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံ၌ HIV ကူးစက်မှု အသစ်တွေ့ရှိသူ ၁၄၀၀ ခန့်ရှိကာ ၂၀၂၁ ခုနှစ်ကထက် ကူးစက်ခံရသူအရေအတွက် ၃၀၀ ကျော် မြင့်တက်မှုရှိခဲ့ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က ဖနောင်ပင်ရှိ စက်ရုံလုပ်သားထောင်ပေါင်းများစွာနှင့် တွေ့ဆုံသည့်အခမ်းအနားတစ်ခုတွင် ပြောကြားခဲ့သည်။

တိုက်တွန်းထား

ထို့ပြင် HIV နှင့် အခြားသောလိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများကို ကာကွယ်ရန် လိင်ဆက်ဆံဖော်များစွာရှိသူများအနေဖြင့် ကွန်ဒုံးကို အသုံးပြုရန် တိုက်တွန်းထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ HIV ကူးစက်ခံထားရသူ ၇၆၀၀၀ ခန့်ရှိကြောင်းနှင့် ယင်းသို့ကူးစက်ခံထားရသူများအနက် ၁၁၀၀၀ ခန့်မှာ ၎င်းတို့ကိုယ်တိုင် HIV ကူးစက်ခံထားရမှန်း မသိရှိကြကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ ပထမဆုံး HIV ပိုးကို ၁၉၉၁ ခုနှစ်တွင် စတင်တွေ့ရှိခဲ့ပြီး ပထမဆုံး AIDS ရောဂါကို ၁၉၉၃ ခုနှစ်တွင် စတင်တွေ့ရှိခဲ့ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အလင်းသစ်

တူကီယဲနိုင်ငံသို့ မေလအတွင်း နိုင်ငံခြားသားခရီးသွား ၄ ဒသမ ၅ သန်းဝင်ရောက်

အစ္စတန်ဘူလ် ဇွန် ၂၄

တူကီယဲနိုင်ငံသို့ မေလအတွင်းက နိုင်ငံခြားသားခရီးသွား ၄ ဒသမ ၅ သန်းဝင်ရောက်ခဲ့ခြင်းကြောင့် ပြီးခဲ့သည့်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၆ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်မှုရှိခဲ့ကြောင်း တူကီယဲနိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ဇွန် ၂၃ ရက်တွင် ပြောကြားသည်။

တူကီယဲနိုင်ငံ၌ အန်တယ်ယာမြေထဲပင်လယ်အပန်းဖြေစခန်းသည် နိုင်ငံခြားသားခရီးသွား ၁ ဒသမ ၅ သန်းကျော်ဖြင့် နိုင်ငံခြားသား ခရီးသွားအများဆုံး လာရောက်သည့်နေရာအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး ၎င်းနောက်တွင် မူဂလာပြည်နယ်သို့ နိုင်ငံခြားသားခရီးသွား ၃၈၀၈၉၉ ဦး၊ အက်ဒါမီပြည်နယ်အနောက်မြောက်ပိုင်းသို့ နိုင်ငံခြားသားခရီးသွာ ၃၄၉၁၂၃ ဦးစသည်ဖြင့် အသီးသီးဝင်ရောက်ခဲ့ကြောင်း သိရသည်။

တူကီယဲနိုင်ငံသို့ လာရောက်သည့် နိုင်ငံခြားသားခရီးသွားများထဲတွင် ရုရှားနိုင်ငံက အများဆုံးဖြစ်ပြီး ယင်းနောက်တွင် ဂျာမနီနှင့် ဗြိတိန်တို့က အများဆုံး နိုင်ငံများအဖြစ် အသီးသီးရပ်တည်လျက်ရှိကြောင်း သိရသည်။ ယခုနှစ် ဧနဝါရီလမှ မေလအတွင်း တူကီယဲနိုင်ငံသို့ နိုင်ငံခြားသားခရီးသွားဦးရေ ၁၄ ဒသမ ၃ သန်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

တူကီယဲနိုင်ငံသည် ယခုနှစ်အတွင်း နိုင်ငံခြားသားခရီးသွား သန်း ၆၀ ဝင်ရောက်ရန်နှင့် ခရီးသွားလုပ်ငန်းမှ အမေရိကန်ဒေါ်လာ ၅၆ သန်း ဝင်ငွေရရှိရန် မျှော်လင့်ထားကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အလင်းသစ်

တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ်၌ လူပေါင်း ၂၇၀၀၀၀ ကျော် ရေကြီးမှုဒဏ်ခံခဲ့ရ

ပေကျင်း ဇွန် ၂၄

တရုတ်နိုင်ငံ အလယ်ပိုင်း ဟူနန်ပြည်နယ်၌ ဇွန် ၂၃ ရက်တွင် ရွာသွန်းခဲ့သည့်မိုးကြောင့် လူပေါင်း ၂۷၆၀၀၀ ကျော် ရေကြီးမှုဒဏ်ခံခဲ့ရကြောင်းနှင့် လူနေအိမ်အများအပြား ပြိုကျပျက်စီးခဲ့ကာ သီးနှံစိုက်ခင်း ဟက်တာ ၁၆၄၀၀ ကျော် ပျက်စီးခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားသည်။

ဇွန် ၂၃ ရက် မွန်းလွဲပိုင်းတွင် ဟူနန်ပြည်နယ် ရေကြီးမှုထိန်းချုပ်ရေးနှင့် မိုးခေါင်ရေရှားမှုကယ်ဆယ်ရေးဌာနချုပ်က ရေကြီးမှုထိန်းချုပ်ရေးအဆင့်ကို တတိယအမြင့်ဆုံးအဆင့်အဖြစ် သတ်မှတ်ခဲ့ပြီး ပြည်နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိခြင်းကြောင့် တချို့နေရာများတွင် တောင်ကျချောင်းကမ်းပါးများပြိုကျမှုပင် ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

ဟူနန်ပြည်နယ်၌ ဇွန် ၁၆ ရက်မှစတင်ကာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုများ ကြုံတွေ့ခဲ့ရပြီး ဟူနန်ပြည်နယ်ကို ဖြတ်၍ စီးဆင်းသော ယန်ဇီမြစ်၏ မြစ်လက်တက်ဖြစ်သည့် ရှန်ကျန်းမြစ်သည်လည်း မြစ်ရေသတိပေးချက်အမှတ်ကို ကျော်လွန်ရောက်ရှိခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ဒေသအာဏာပိုင်များက ဒေသခံ ၁၈၀၀၀ ကျော်အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရန် လိုအပ်သည့်အစီအမံများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ နောက်ဆုံးရမိုးလေဝသခန့်မှန်းချက်အရ မိုးသက်မုန်တိုင်းသည် ဇွန် ၂၄ ရက်မှ ၂၅ ရက်အထိ ဆက်လက်တိုက်ခတ်မည်ဖြစ်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုသည် ဇွန် ၂၆ ရက်မှသာ လျော့နည်းမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ **ကိုးကား – ဆင်ဟွာ**
ဘာသာပြန် – အလင်းသစ်

ဖိလစ်ပိုင်နိုင်ငံ၏ ပညာရေးမြှင့်တင်ရေး ကမ္ဘာ့ဘဏ်က အမေရိကန်ဒေါ်လာ သန်း ၁၁၀ ထုတ်ချေးရန် အတည်ပြု

မနီလာ ဇွန် ၂၄

ကမ္ဘာ့ဘဏ်သည် ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ ပညာရေးအရည်အသွေးမြှင့်တင်ရေးရည်ရွယ်သည့် စီမံကိန်းတစ်ခုအတွက် အမေရိကန်ဒေါ်လာ သန်း ၁၁၀ ထုတ်ချေးရန် အတည်ပြုခဲ့ကြောင်း ဇွန် ၂၄ ရက်တွင် ကမ္ဘာ့ဘဏ်က ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ အနောက်မင်ဒါနာအိုဒေသရှိ ဆင်းရဲသောဒေသသုံးခုမှ သူငယ်တန်းမှ ခြောက်တန်းအထိ မူလတန်းကျောင်းသား ကျောင်းသူ နှစ်သန်းနီးပါး အပြင် ဆရာ ဆရာမ ၆၀၀၀၀ ကျော်သည် ယခု ပညာရေးအရည်အသွေးမြှင့်တင်ရေး စီမံကိန်းအတွင်း အကျိုးဝင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းစီမံကိန်းကြောင့် ဆရာ ဆရာမများ၊ ကျောင်းအုပ်ချုပ်သူများနှင့် ကြီးကြပ်ရေးမှူးများသည်လည်း ကျွမ်းကျင်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအခွင့်အလမ်းများရရှိစေမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းသည် ဖိလစ်ပိုင်နိုင်ငံရှိ လူသားအရင်းအမြစ်များမြှင့်တင်ရန်ပံ့ပိုးမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်းနှင့် ဆက်လက်ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံ ဆိုင်ရာ ကမ္ဘာ့ဘဏ်ဌာနေညွှန်ကြားရေးမှူး အင်နာ်ဒီယာ မီဒီယော့က ပြောကြားသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အလင်းသစ်

ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှု ယခုနှစ်ပထမငါးလအတွင်း ၂၆ ဒသမ ၆၄ ရာခိုင်နှုန်းမြင့်တက်

ဗန်ကောက် ဇွန် ၂၄

ယခုနှစ် ပထမငါးလအတွင်း ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုသည် တန်ချိန် ၃ ဒသမ ၄၇ သန်းရှိခဲ့ခြင်းကြောင့် ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၆ ဒသမ ၆၄ ရာခိုင်နှုန်းမြင့်တက်မှုရှိခဲ့ကြောင်း ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ တစ်ဦးက ဇွန် ၂၃ ရက်တွင် ပြောကြားသည်။

ထို့ပြင် ယခုနှစ် ဧနဝါရီလမှ မေလအတွင်း ထိုင်းနိုင်ငံသည် ဆန်တင်ပို့မှုမှ တစ်ဆင့် ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၈၉၆ သန်း ရရှိခဲ့ခြင်းကြောင့် ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၃၀ ဒသမ ၅၈ ရာခိုင်နှုန်း ဝင်ငွေ မြင့်တက်မှုရှိခဲ့ကြောင်း ထိုင်းနိုင်ငံ နိုင်ငံခြားကုန်သွယ်မှုဌာနမှ ညွှန်ကြားရေးမှူးချုပ် ဖူးလ်ပီပက်က ပြောကြားသည်။

ထိုင်းနိုင်ငံသည် ယခုနှစ်အတွင်း ဆန်တန်ချိန်စုစုပေါင်း ရှစ်သန်းအထိ တင်ပို့နိုင်ရန် မျှော်လင့်လျက်ရှိကာ ဆန်တင်ပို့နိုင်ရေး မူလမျှော်မှန်းချက်ဖြစ်သည့် တန်ချိန် ၇ ဒသမ ၅ သန်းကို ကျော်လွန်ရောက်ရှိရေး ဆောင်ရွက်လျက်ရှိကြောင်း ထိုင်းနိုင်ငံ နိုင်ငံခြားကုန်သွယ်မှုဌာနမှ ညွှန်ကြားရေးမှူးချုပ် ဖူးလ်ပီပက်က သတင်းစာရှင်းလင်းပွဲ တစ်ရပ်တွင် ပြောကြားသည်။

ထိုင်းနိုင်ငံသည် ယခုနှစ်အတွင်း ရာသီဥတုဖောက်ပြန်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသော်လည်း ပို့ကုန်အတွက် ဆန်အလုံအလောက်ရရှိရန် ယုံကြည်ထားကြောင်း ထိုင်းနိုင်ငံ ဆန်တင်ပို့သူများ အသင်း ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ချူးကီယက်က ပြောကြားသည်။

ကမ္ဘာ့ဆန်တင်ပို့မှု အများဆုံးနိုင်ငံများအနက်မှ တစ်နိုင်ငံဖြစ်သည့်ထိုင်းနိုင်ငံသည် ပြီးခဲ့သည့်နှစ်အတွင်းက ဆန်တန်ချိန်စုစုပေါင်း ၇ ဒသမ ၆၉ သန်း တင်ပို့နိုင်ခဲ့ပြီး ထိုင်းနိုင်ငံ၏ အဓိကဆန်တင်ပို့သည့်နိုင်ငံများမှာ အီရတ်၊ တောင်အာဖရိက၊ တရုတ်နှင့် အမေရိကန်နိုင်ငံတို့ဖြစ်ကြောင်း သိရသည်။ **ကိုးကား – ဆင်ဟွာ**
ဘာသာပြန် – အလင်းသစ်

✪ ကျောဖုံးမှ

အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်မှု ၁၀ ကြိမ်၊ ဓားပြတိုက် လုယက်မှု သုံးကြိမ် ဥပဒေမဲ့ ကျူးလွန်ခဲ့ကြောင်း ဇွန် ၂၀ ရက်တွင် လည်းကောင်း သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဇွန် ၂၀ ရက်တွင် တွံတေးမြို့ပြပြောက်ကျား အမည်ခံအကြမ်းဖက်အဖွဲ့မှ အဖွဲ့ဝင်များဖြစ်သည့် **ဆက်ပိုင်မျိုး၊ ဇော်မျိုးခန့်**နှင့် အကြမ်းဖက်အဖွဲ့ဝင်များကို လက်ခံထားရှိသည့် **ကျော်သူဟိန်း၊ ဥက္ကာကျော်၊ မျိုးညွှန့်အောင်**တို့အား မြောက်ဥက္ကလာပမြို့နယ် အမှတ်(၄)ရပ်ကွက် ဝေဘာဂီလမ်းတွင် ထပ်မံဖမ်းဆီးရမိခဲ့သည်။

အလားတူ ဇွန် ၂၂ ရက်ညနေပိုင်းတွင် ဓားပြတိုက်လုယက်မှုတွင် ပါဝင်ခဲ့သည့် တွံတေးမြို့ပြ ပြောက်ကျား အမည်ခံအကြမ်းဖက်အဖွဲ့မှ တရားခံ **ကျော်ဇင်ထိုက် (ခ)ကိုကြီးကျော်၊ ဝီလျံထိုက်(ခ)ဝီလျံ၊ ခိုင်ခန့်ဇော်(ခ)ရှမ်းလေးနှင့်** အကြမ်းဖက်အဖွဲ့ဝင်များကို လက်ခံထားရှိသည့် **လှသိန်း(ခ)မူဆယ်** တို့ကို Sig Sauer ပစ္စတို တစ်လက်၊ Kuzey ပစ္စတို တစ်လက်၊ ပစ္စတိုကျည်အိမ် လေးခု၊ ကိုးမမကျည် ၄၇ တောင့်တို့နှင့်အတူ ဖျာပုံမြို့နယ် အပြောင်ကျေးရွာ၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ထွက်ဆိုချက်များအရ ဇွန် ၂၃ ရက် နံနက်ပိုင်းတွင် တွံတေးမြို့ပြ ပြောက်ကျားအမည်ခံ အကြမ်းဖက်အဖွဲ့မှ ဒုတိယခေါင်းဆောင် **ဆံရှည် (ခ)ကိုထက်(ခ)ထက်နိုင်ဦး** နှင့် ၎င်းအားလက်ခံထားရှိပြီး လက်နက်/ခဲယမ်းများအား သိုဝှက်သိမ်းဆည်းပေးထားသည့် **လှမျိုးဇော်(ခ)ချစ်ထူး၊ မြင့်လွင်၊သောရေမူး(ခ) ဖိုးသောကြာ၊ လဲပွဲမူး၊ လယ်မူး**နှင့် **ငြိမ်းချမ်း(ခ)ပသီ** တို့အား Sig Sauer ပစ္စတို တစ်လက်၊ Pietro Beretta ပစ္စတို တစ်လက်၊ Beretta ပစ္စတို တစ်လက်၊ ပစ္စတိုကျည်အိမ် သုံးခု၊ ကိုးမမကျည်အတောင့် ၃၀၊ လက်ပစ်ဗုံး တစ်လုံး၊ လက်လုပ်ရှိုပစ်ဗုံး နှစ်လုံးတို့နှင့်အတူ တွံတေးမြို့နယ် ရေကျော်စုကျေးရွာ၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ယင်းနေ့ညနေပိုင်းတွင် တွံတေးမြို့ပြပြောက်ကျား အမည်ခံအကြမ်းဖက်အဖွဲ့ဝင် **လေးမောင်မောင်(ခ) ရွှေကွန်း**အား တွံတေးမြို့နယ် ရေကျော်စုကျေးရွာရှိ ၎င်း၏နေအိမ်၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ ကျား ၂၆ ဦး၊ မ နှစ်ဦး ပေါင်း ၂၈ ဦးတို့ကို လက်နက်ငယ်မျိုးစုံ ၁၀ လက်၊ ကျည်အိမ်မျိုးစုံ ၁၅ ခု၊ လက်ပစ်ဗုံးမျိုးစုံ ၈၊ လုံးလုံး၊ ကျည်မျိုးစုံ ၆၂၇ တောင့်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကာ ဓားပြတိုက်လုယက်ယူဆောင်သွားသည့် ရွှေထည် ပစ္စည်းများကို ပြန်လည်သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ထွက်ဆိုချက်များအရ တွံတေးမြို့ပြပြောက်ကျား အမည်ခံအကြမ်းဖက်အဖွဲ့ ခေါင်းဆောင်မှာ KNLA တပ်မဟာ(၆)လှုပ်ရှားနယ်မြေ

မြောက်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက်ရှိ "မြတ်မောင်" စိန်ရွှေရတနာဆိုင်အား ဓားပြတိုက်လုယက်ခဲ့သည့် တွံတေးမြို့ပြပြောက်ကျားအမည်ခံအကြမ်းဖက်အဖွဲ့ဝင်များ ဖမ်းဆီးရမိမှု အခြေပြဇယား



အတွင်း ခိုအောင်းလျက်ရှိသည့် တရားခံပြေး **ချမ်းမြေ့အောင်**ဖြစ်ပြီး ၎င်း၏ခိုင်းစေမှုဖြင့် တွံတေးမြို့နယ် အတွင်း အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်မှု ၁၀ ကြိမ်၊ ဓားပြတိုက်မှု သုံးကြိမ်ကျူးလွန်ခဲ့ကြောင်း ဇွန် ၂၀ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထပ်မံဖမ်းဆီးရမိခဲ့သည့် တရားခံ **ဆံရှည်(ခ) ကိုထက်(ခ)ထက်နိုင်ဦး**၏ ထွက်ဆိုချက်အရ လုပ်ကြံသတ်ဖြတ်မှု ၁၀ ကြိမ်၊ အကြမ်းဖက်ဖောက်ခွဲမှု တစ်ကြိမ် ထပ်မံကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-

❖ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် ဖမ်းဆီးရန်ကျန် တရားခံများ ဖြစ်သည့် **ကျော်ကျော်**နှင့် **အောင်ကြီး(ခ)အောင်မင်းဦး**တို့ နှစ်ဦးသည် တွံတေးမြို့နယ် ကျိုက်သလဲကျေးရွာ၌ အပြစ်မဲ့ပြည်သူ ဦးမြင့်သန်းအား ဒလန်ဟုစွပ်စွဲ၍ ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ရာတွင် **ဖြိုးကိုကို**က အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။

❖ ဇန်နဝါရီ ၂၂ ရက်တွင် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **ကျော်ကျော်**နှင့် **အောင်ကြီး(ခ)အောင်မင်းဦး**တို့ နှစ်ဦးသည် တွံတေးမြို့နယ် ဇီးဖြူကုန်းကျေးရွာ တွံတေး-မအူပင်သွားကားလမ်းပေါ်၌ အပြစ်မဲ့ပြည်သူ ဦးသန့်စင်အောင်အား ဒလန်ဟုစွပ်စွဲ၍ ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ရာတွင် **ဖြိုးကိုကို**က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

❖ ဖေဖော်ဝါရီ ၁၅ ရက်တွင် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **ကျော်ကျော်**နှင့် **အောင်ကြီး(ခ)အောင်မင်းဦး**တို့ နှစ်ဦးသည် တွံတေးမြို့နယ် မြဝိုးကျေးရွာရှိ ကြည်နူးရိပ်စားသောက်ဆိုင်၌ အပြစ်မဲ့ပြည်သူ **ဦးစိုးညီညီ (ခ)ဂိုး**အား ဒလန်ဟုစွပ်စွဲ၍ ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ရာတွင် **ဖြိုးကိုကို**က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

❖ ဖေဖော်ဝါရီ ၁၈ ရက်တွင် **ဖြိုးကိုကို**နှင့် **ကောင်းမြတ်(ခ)Blank**တို့ နှစ်ဦးသည် တွံတေးမြို့နယ် ကျွန်းတောရပ်ကွက် မိုးညှင်းလမ်းရှိ မိုးညှင်းဘုန်းကြီးကျောင်းအနီး၌ အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဦး(ခ)ဂျင်မီအား ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ရာတွင် **ကိုကိုအောင်**က အခြေအနေ ကြည့်ရှုပေးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း။

❖ မတ် ၂၆ ရက်တွင် ဖမ်းဆီးရန်ကျန် တရားခံ **ကျော်ကျော်**က တွံတေးမြို့နယ် လာကပုံကျေးရွာနှင့် ရေကျော်စုကျေးရွာကြားဌ၌ အပြစ်မဲ့ပြည်သူ ဦးနိုင်လွင်အား ဒလန်ဟုစွပ်စွဲ၍ ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ရာတွင် **လေးမောင်မောင်(ခ)ရွှေကွန်း**က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

❖ ဧပြီ ၂၇ ရက်တွင် **ဆက်ပိုင်မျိုး**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **အောင်ကြီး (ခ)အောင်မင်းဦး** တို့ နှစ်ဦးက တွံတေးမြို့နယ် ကွမ်းခြံရပ်ကွက် ရိပ်သာဘုန်းကြီးကျောင်းရှေ့၌ အပြစ်မဲ့ပြည်သူ ဦးလှမိုး အား ဒလန်ဟုစွပ်စွဲ၍ ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ရာတွင် **လေးမောင်မောင်(ခ)ရွှေကွန်း**က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

❖ ဧပြီ ၃၀ ရက်တွင် **ဆက်ပိုင်မျိုး** နှင့် ဖမ်းဆီးရန်ကျန်တရားခံ **အောင်ကြီး (ခ)အောင်မင်းဦး** တို့ နှစ်ဦးက တွံတေးမြို့နယ် မင်းပိုင်းရပ်ကွက် မြဝိုးကျေးရွာသွား ကားလမ်းပေါ်၌ အပြစ်မဲ့ပြည်သူ စောအယ်လ်မှူးကြီးအား ဒလန်ဟုစွပ်စွဲ၍ ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ရာတွင် **ဖြိုးကိုကို**က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

စာမျက်နှာ ၁၅ သို့ ■

ဦးမြင့်သန်း(၆၇)နှစ်(သေဆုံး)

သန့်စင်အောင် (၃၅)နှစ်(သေဆုံး)

ဦးစိုးညီညီ(ခ)ဂိုး(၄၀)နှစ်(သေဆုံး)

ရစဖမှူး ကျော်ကျော်ဦး(ခ)ဂျင်မီ(၄၉)နှစ်(ထိခိုက်မှုမရှိ)

ဦးလှမိုး(၅၃)နှစ်(စိုးရိမ်ရ)ဒဏ်ရာ

ဦးစောအယ်လ်မှူးကြီး(၅၃)နှစ်(သေဆုံး)

ဦးမြဦး(၆၂)နှစ်(သေဆုံး)

ဦးနိုင်လွင်(၅၃)နှစ်(သေဆုံး)

ဒေါ်မိမိကျော်(၅၁)နှစ်(သေဆုံး)

ဦးအုန်းမြင့်(၆၅)နှစ်(သေဆုံး)



၂၀၂၂ ခုနှစ် မတ် ၁၈ ရက်တွင် တွံတေးမြို့နယ် ကျုံလမုကျေးရွာရှိ Mytel ဆက်သွယ်ရေးတာဝါတိုင်တွင် လက်လုပ်မိုင်းတွေ့ရှိသည့် မှတ်တမ်းဓာတ်ပုံ။



ဖျာပုံမြို့နယ် အပြောင်ကျေးရွာတွင် တွံတေးမြို့ပြပြောက်ကျားအမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များနှင့်အတူ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။

တွံတေးမြို့နယ် ရေကျော်စုကျေးရွာတွင် တရားခံ နှစ်ဦးနှင့်အတူ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။

■စာမျက်နှာ ၁၄ မှ

❖ မေ ၃ ရက်တွင် ဖမ်းဆီးရန်ကျန်တရားခံ **ကျော်ကျော်**နှင့် **အောင်ကြီး(ခ) အောင်မင်းဦး**တို့ နှစ်ဦးသည် တွံတေးမြို့နယ် မင်းပိုင်းရပ်ကွက် မင်းရဲကျော်စွာလမ်း၌ အပြစ်မဲ့ပြည်သူ ဦးမြဦးအား ဒလန်ဟုစွပ်စွဲ၍ ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ရာတွင် **လေးမောင်မောင်(ခ) ရွှေကွန်း** က အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။

❖ ဇူလိုင် ၂၄ ရက်တွင် **ကျော်ကျော်**နှင့် **အောင်ကြီး(ခ)အောင်မင်းဦး**တို့ နှစ်ဦးသည် တွံတေးမြို့နယ် ဈေးသစ်ရပ်ကွက် မရမ်းကုန်း(၃)လမ်း၌ အပြစ်မဲ့ပြည်သူ ဒေါ်မိမိကျော်အား ဒလန်ဟုစွပ်စွဲ၍ ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ရာတွင် **ကိုကိုအောင်**က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

❖ အောက်တိုဘာ ၂၆ ရက်တွင် **ဖြိုးကိုကို**၊ **ကောင်းမြတ်(ခ)Blank** တို့ နှစ်ဦးသည် တွံတေးမြို့နယ် အိုးဘိုအရှေ့ရပ်ကွက် ဗိုလ်ချုပ်လမ်း၌ အပြစ်မဲ့ပြည်သူ ဦးအုန်းမြင့်အား ဒလန်ဟုစွပ်စွဲ၍ ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ရာတွင် **ကိုကိုအောင်**က အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။

❖ ၂၀၂၂ ခုနှစ် မတ် ၁၈ ရက်တွင် **ဖြိုးကိုကို**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **အောင်ကြီး(ခ) အောင်မင်းဦး**တို့ နှစ်ဦးသည် တွံတေးမြို့နယ် ကျုံလမုကျေးရွာရှိ Mytel ဆက်သွယ်ရေးတာဝါတိုင်အား လက်လုပ်မိုင်း တစ်လုံးဖြင့် ဖောက်ခွဲခဲ့ရာတွင် **ကိုကိုအောင်**က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

တွံတေးမြို့ပြပြောက်ကျားအမည်ခံ အကြမ်းဖက်အဖွဲ့အနေဖြင့် တွံတေးမြို့နယ်နှင့် ရန်ကုန်မြို့အတွင်း လုပ်ကြံသတ်ဖြတ်မှုအကြိမ် ၂၀၊ ဓားပြတိုက်လုယက်မှု သုံးကြိမ်နှင့် အကြမ်းဖက်ဖောက်ခွဲမှု တစ်ကြိမ် စုစုပေါင်းအကြမ်းဖက်လုပ်ဆောင်မှု ၂၄ ကြိမ်တို့ကို ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အထက်ပါ ဖမ်းဆီးရမိတရားခံများအား ၎င်းတို့နှင့်ထိုက်တန်သည့် ပြစ်ဒဏ်များကို ဥပဒေအတိုင်း ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေး တိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း သိရသည်။

သတင်းစဉ်

လွိုင်လင်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်း သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်တွင် ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုးရှိ စိတ်ကြွ ရူးသွပ်ဆေးပြား ၁၀ သိန်း သိမ်းဆည်းရမိခဲ့သည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၁ ရက် ညနေ ၃ နာရီတွင် လွိုင်လင်မြို့နယ် လွိုင်လင်-တောင်ကြီးသွားကားလမ်း၊ ဟိုတင့်ကျေးရွာအနီးတွင် လွိုင်လင်မှ တောင်ကြီးဘက်သို့ အိုက်ဆန် မောင်းနှင်လာသည့် ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ တန်ဖိုးငွေကျပ်သိန်း ၃၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ကွန်ဟိန်းမြို့နယ် ကာလိမြို့မှ ဟိုပုံးမြို့သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ပန်းတနော်မြို့၌ တိရစ္ဆာန်အစာပင် နေပီယာမြက် သရုပ်ပြစိုက်ပျိုးပွဲ ကျင်းပ

ပန်းတနော် ဇွန် ၂၄

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ၂၀၂၃ ခုနှစ် မိုးရာသီ တိရစ္ဆာန်အစာပင်စိုက်ပျိုးခြင်း ရက်သတ္တပတ် အစီအစဉ်အရ နေပီယာမြက် စိုက်ပျိုးခြင်းကို ယနေ့နံနက် ၁၀ နာရီက ဆုတောင်းပြည့်ကျေးရွာရှိ တောင်သူဦးချစ်ဟန်၏ လယ်မြေ နှစ်ဧကခွဲ သရုပ်ပြစိုက်ပျိုးခဲ့သည်။

တောင်သူများအနေဖြင့် တိရစ္ဆာန်အစာပင် နေပီယာမြက်စိုက်ပျိုးခြင်းနှင့် ပတ်သက်သည့် အသိပညာဗဟုသုတများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာအောင်သိန်းမြင့်က ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ နေပီယာမြက်သရုပ်ပြစိုက်ပျိုးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၂) ဦးသိန်းဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများက နေပီယာမြက်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ ဆက်)

ညောင်တုန်းမြို့နယ်တွင် တိရစ္ဆာန်အစာပင် နေပီယာ၊ စူပါလီ(ဖ်)နှင့် အစ္စရေးမြက်ချို သရုပ်ပြစိုက်ပျိုးပွဲကျင်းပ

ညောင်တုန်း ဇွန် ၂၄

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မှ တိရစ္ဆာန်အစာပင် နေပီယာ၊ စူပါလီ(ဖ်)နှင့် အစ္စရေးမြက်ချို သရုပ်ပြစိုက်ပျိုးပွဲကို ယမန်နေ့ နံနက် ၉ နာရီက ပဲရုံဆိပ်ကျေးရွာရှိ ဦးမြတ်သိန်းထွန်း၏ လယ်မြေ ဧက ၅ ဒသမ ၅၀ ၌ ကျင်းပသည်။

သရုပ်ပြစိုက်ပျိုးပွဲတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာမြတ်ပွင့်ဖြူက တိရစ္ဆာန်အစာပင် နေပီယာ၊ စူပါလီ(ဖ်)နှင့် အစ္စရေးမြက်ချို စိုက်ပျိုးအသုံးပြုခြင်းဖြင့် လွတ်ကြောင်းစနစ်မှ အစာကျွေးစနစ် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးလာစေရန်၊ ပြည်တွင်းကျွေ၊ နွား မွေးမြူရေးလုပ်ငန်းများအတွက် အာဟာရဓာတ်မြင့်မားပြီး အထွက်နှုန်းကောင်းစေသော တိရစ္ဆာန်အစာများ ဖူလုံစွာသုံးစွဲနိုင်စေရန်၊ အစာရှားပါးချိန်တွင် အာဟာရကြွယ်ဝသော အစားအစာအဖြစ် ကျွေးမွေးနိုင်ရန်နှင့် နေပီယာမြက်ကို နွားစာအဖြစ် ကျွေးမွေးပါက လိုအပ်သော အာဟာရဓာတ်ပမာဏများ ပြည့်ဝစွာရရှိစေသောကြောင့် စိုက်ပျိုးထားရှိခြင်းဖြစ်ကြောင်း အသိပညာပေးရှင်းလင်းပြောကြား၍ တက်ရောက်လာသူများက တိရစ္ဆာန်အစာပင် နေပီယာမြက် သရုပ်ပြစိုက်ပျိုးမှုအား ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဝတ္ထုတို

ပြည့်စုံအောင်(မော်ဘီ)



(၁)

ဆယ်ပေပတ်လည် အခန်းလေးထဲ လူနှစ်ယောက် နေထိုင်ရသည်မှာ ကျဉ်းသည်လည်းမဟုတ်၊ ကျယ်ဝန်းလှသည်လည်း မဆိုလို။ ကိုယ့်ပြည်၊ ကိုယ့်မြေ၊ ကိုယ်ပိုင်နေရာမဟုတ်၍ အသွားအလာ၊ အနေအထိုင်ကအစ လွတ်လပ်မှုမရှိ။ ကိုယ့်စိတ်ကိုယ်ပိုင်သော်လည်း ကိုယ့်ဘဝ ကိုယ်မပိုင်သည့်ဘဝသို့ရောက်ခဲ့သည်မှာ သုံးလတာမျှ ရှိပြီ။

ဘဝပေးအခြေအရ မိသားစုနှင့် ခွဲခွာ၍ တိုင်းတစ်ပါးထံ ခိုအောင်းရင်း ရေစုန်ရေဆန်လောကမံကို အံတုရန်သာ ရှိတော့သည်။ နိုင်ငံခြားသွားပြီး အလုပ်လုပ်မည်ဟု ပြောလိုက်သည့်နေ့က အဖေနှင့်အမေ၏ မျက်နှာတော် ညိုမှိုင်းစွေဆိုင်းနေသည့် ကောင်းကင်ကဲ့သို့ပင်။ ကျောင်းသူအရွယ် ညီမလေးကတော့ မျက်ရည်စို့ရုံကလွဲ၍ ဘာမျှမသိရှာ။ ပုဂ္ဂလိကဌေးချေးလုပ်ငန်းရှင် တွေ့ဆီ တစ်လတစ်ခါ ငွေတိုးသတ်ရန် ကုန်စိမ်းရောင်းနေသည့် အမေ့ဘဝကို မကြည့်ရက်။

မိုးအခါ ပျိုးနုတ်၊ ငါးရှာပြီး နွေအခါ အုတ်မီးထိုးတစ်လှည့် လက်သမားအဖြစ် တစ်သွင် ရရာအလုပ် မည်သည်းမည္ဆုလုပ်ကာ ရုန်းကန်နေသော အဖေ့ကို မကြည့်ရက်တော့။ အမေနှင့်အတူ မီးဖိုချောင် ပိုင်းကူ၊ရပ်တကာလှည့်ရင်း ဈေးကူရောင်းပေးတတ်သည့် ကိုးတန်းဖြေဆိုပြီးစ ညီမလေးကိုလည်း ပညာဆုံးခန်းတိုင် အောင် ချောချောမောမော ရှိလှစေချင်သည်။ ရပ်ထဲရွာထဲ ကိုယ်ကိုဌ်ဂက အလုပ်ဟူသမျှ မည်မည်ရရ မရှိ။ အဖေနှင့်အတူ ဖိုမီးထိုးလိုက်၊ အခြားသောတောက်တိုမည်ရ အလုပ်လေးလုပ်လိုက်နှင့် ပတ်ဝန်းကျင်မှာ ကျင်လည်နေရသည်ကို သိမ်ငယ်မိသည်။ အလုပ်နှင့် လက် မပြတ်သော်လည်း စုဆောင်းမိသည့် ငွေဟူ၍ ပြစရာမရှိ။ ရသည့်ငွေနှင့် မိသားစုဝမ်းရေးက မျှခြေဆိုရုံသာရှိသည်။ သို့အတွက် ထိုင်းနိုင်ငံသို့ အလုပ်လုပ်ရန် မွေးရပ်မြေကို စွန့်ခွာလာခဲ့ရသည်။

အိမ်က ထွက်ခွာလာသည့်နေ့က အဖေက မျက်နှာမကောင်း။ အမေ၏ မျက်နှာ၌ မျက်ရည်တို့ နေရာယူထားသည်။ ထိုနေ့က ညီမလေး ကျောင်းတက်နေသဖြင့် ညီမလေးအား နှုတ်မဆက်ဖြစ်ခဲ့ပေ။ သည်နိုင်ငံရောက်ပြီး တစ်ပတ်ကြာတော့ စက်ရုံတစ်ခုဌ် အလုပ်လုပ်ရသည်။ အိမ်လွမ်းနာကျသော်လည်း အဆောင်နေ အခန်းဖော်ညီငယ်တစ်ဦးနှင့် စကားပြောကာ မေ့မေ့ပျောက်ပျောက်ရှိသလိုဟန်ဆောင်နေရသည်။

ရောက်စသာ အားငယ်စိတ်ရှိသော်လည်း ယခုတော့ နေသားတကျဖြစ်နေပြီ။ ကျွန်တော်နှင့်အတူ တစ်ခန်းတည်းနေသည့် ညီငယ်လေးက စကားနည်းလွန်းသည်။ အနေအေးသည်ဟု ဆိုရမည်။ သူနှင့် ကျွန်တော် တစ်ခန်းတည်းနေပါများသော်လည်း ကျွန်တော်ကသာ စကားအပြောဆုံးသူ ဖြစ်နေ၏။ မြန်မာနိုင်ငံသားချင်းတူသော်လည်း မွေးရပ်မြေချင်းမတူသလို လူမျိုးချင်းလည်း မတူပေ။ ကျွန်တော်က ဗမာတစ်ဦးဖြစ်သော်လည်း သူကား ရခိုင်တိုင်းရင်းသားတစ်ဦး ဖြစ်သည်။ လူမျိုးမတူသော်လည်း ကိုးကွယ်သည့်ဘာသာချင်း တူသည်။ သူ့နာမည်မှာ မင်းလွင်ဟု သိရသည်။ အဘယ့်ကြောင့် နိုင်ငံရပ်ခြားသို့ အလုပ်လာလုပ်သည်ကို မသိ။ သူလည်း ကျွန်တော့်ကဲ့သို့ပင် မိသားစုအခြေအနေတစ်ခုခုပင် ရှိလိမ့်မည်။ သို့သော် သူ့အကြောင်းတော့ ကျွန်တော် မမေးမြန်းမိပေ။ အလုပ်ပိတ်ရက်တိုင်း သူနှင့်ကျွန်တော် စိတ်ပြေလက်ပျောက် သောက်စားလေ့ရှိသည်။ ဤသို့သောအချိန်မျိုးတွင် ကျွန်တော့် မိသားစုအခြေအနေ အကြောင်းကို သူ့အား ရင်ဖွင့်လေ့ရှိသည်။ သူကတော့ သူ့မိသားစုနှင့်ပတ်သက်သည့် စကားတစ်လုံးတလေတောင် ထွက်ကျမလာပေ။

(၂)

အမေနှင့် ဖုန်းပြောပြီးနောက် ရင်ထဲ မချိမဆန့် ခံစားမိသည်။ ရုတ်တရက် အဖေလေဖျန်းသွား၍ အိပ်ရာထဲ လဲလေပြီ ဟူသောသတင်းကား ကျွန်တော့်ရင်ဝကို ဓားဖြင့်မွှန်းလိုက်သလိုပင်။ သည်လိုအချိန်မှာ ညီမလေးက ကျောင်းတစ်ဖက်၊ အဖေက လူနာတစ်ယောက်လို လဲလျောင်းနေသည်က တစ်ဖက်မို့ အမေတစ်ယောက်တည်း အဆင်ပြေလိမ့်မည်မထင်။ သို့သော် အဆင်ပြေပါစေဟူ၍ ဆုတောင်းရုံသာ ရှိတော့သည်။

“အစ်ကို မျက်နှာလည်း မကောင်းပါလား၊ အစ်ကို ဖုန်းပြောနေတာကို ကျွန်တော် မကြားတစ်ချက်၊ ကြားတစ်ချက်နဲ့ နားစွင့်နေမိတာ၊ အစ်ကို့အိမ်မှာ ဘာဖြစ်လို့လဲ”

အိပ်ရာခင်းပေါ် လဲလျောင်းရင်းမှ ငုတ်တုတ်ထထိုင်ကာ မင်းလွင်က မေး၏။

“အဖေ လေဖျန်းသွားလို့တဲ့ ညီလေးရာ၊ အမေတစ်ယောက်တည်း အဆင်ပြေမယ်မထင်ဘူး”

ကျွန်တော်ရှင်းပြသည်ကို သူဇြိမ်လျက်သား နားထောင်နေသည်။ ထို့နောက် သူက ကျွန်တော့်ကို နှစ်သိမ့်စကားဆိုသည်။ ကျွန်တော် သူ့ကို ကျေးဇူးတင်သည့် အပြုံးမျိုးဖြင့် ပြုံးပြလိုက်ပါသော်လည်း ကျွန်တော့်အပြုံးသည် အသက်ဝင်လှမည်မဟုတ်ကြောင်း ကိုယ်ကိုယ်တိုင်သာ သိ၏။ ထိုညက ကျွန်တော်က ကောင်းစွာ အိပ်မပျော်။ သည်နိုင်ငံ စရောက်ကတည်းက အိပ်ရေးဝဝမအိပ်ဖြစ်တော့သည်မှာ ကြာပြီ။ သို့သော် ကျင့်သားရပေ၏။ ညစဉ်ညတိုင်း အိမ်ကို လွမ်းနာကျသည်ထက် ကျန်ခဲ့သည့် မိသားစုအပေါ် စိတ်မချခြင်းတွေက ပို၍လွှမ်းမိုးနေသည်။

ကျွန်တော်ကသာ အိမ်အတွက် သောကများနေသော်လည်း အခန်းဖော် ညီငယ် မင်းလွင်ကတော့ သူ့အိမ်နှင့် ပတ်သက်၍ စိုးရိမ်ပူပန်သည့် အရိပ် အယောင်ပင်မမြင်။ တစ်ခါတလေ သူ့ကို ကြည့်၍ ကျွန်တော် အံ့သြမိသည်။ သူလည်း လူတစ်ယောက်မို့ မိသားစုတော့ ရှိရမည်။ သို့သော် ကျွန်တော်နှင့်သူ စခင်ကတည်းက သူ့အိမ်နှင့် အဆက်အသွယ်လုပ်သည်ကို ကျွန်တော် မမြင်ဖူးပေ။ မိသားစုအပေါ် မချစ်တတ်သည်ပဲလား ဟု ကျွန်တော်ကောက်ချက်ချမိသေးသည်။ ဤသို့ယူဆမိသည်မှာလည်း သူ့ပုံစံကြည့်တိုင်း အေးတိအေးစက်နိုင်လွန်းနေသော ကြောင့် ဖြစ်သည်။

“အဖေ အဖေရေ … အမေ အမေရေ”

အတွေးကိုယ်စီဖြင့် မှေးခန့် အိပ်ပျော်သွားခိုက် တဆာဆာအော်ခေါ်နေသည့် အသံကြောင့် ကျွန်တော် လန့်နိုးသွားသည်။ အခန်းအတွင်း မီးမှိတ်ထားသော်လည်း “အဖေရေ၊ အမေရေ” ဟူသော ခေါ်သံမှာ ကျွန်တော်နှင့် ဘေးကပ်လျက်တွင် အိပ်မောကျနေသော မင်းလွင်ထံမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ သူ့နှုတ်မှ ယောင်ယမ်းညည်းတွားကာ ထွက်ပေါ်လာသည့်အသံကြောင့် ကျွန်တော့်စိတ်တွေ လှုပ်ရှားမိသည်။ အဖေ၊ အမေ အကြောင်း တစ်ခါမျှ မပြောဖူးသည့်သူ၏ နှုတ်မှ အိပ်ပျော်ရင်း ထယောင်နေသည့် စကားသံတွေက ကျွန်တော့်အတွက်တော့ ထူးဆန်းနေသလိုပင်။ ကျွန်တော်လည်း ရုတ်တရက် အခန်းမီးကို ထဖွင့်လိုက်၏။ တစ်ခဏအကြာတော့ သူ့အသံများ ပြန်ငြိမ်ကျသွားပြီး သူ့မျက်လုံးများ ရုတ်တရက် ပွင့်လာသည်။

“ဟာ အစ်ကို မအိပ်သေးဘူးလား”

“အေး ညီလေး၊ တစ်ရေးနိုး အပျော့သွားမလို့ ထတာပါကွာ”

စကားလွှဲ၍ ညာလိုက်ရသည်။ သူကတော့ မျက်လုံးလေး ပြန်မှိတ်သွားသည်။ အခုနက သူ ယောင်နေသည်ကို သူကိုယ်တိုင်တော့ သိမည်မဟုတ်ပေ။ ကျွန်တော့်အတွက်ကတော့ ပဟေဠိတစ်ခုသဖွယ် ဖြစ်နေတော့၏။ ထိုနေ့မှစ၍ ညစဉ်ညတိုင်း သူအိပ်ပျော်နေချိန်ကို သတိထားကာ အကဲခတ်မိသည်။ ရံဖန်ရံခါ တိုးတိုးလျှပ်လျှပ်လေး ယောင်ယမ်းရေရွတ်နေသည့် စကားသံများ ကြားရတတ်သည်။ ထိုစကားများအနက် အဖေနှင့် အမေကို တဆာဆာတမ်းတကာ ယောင်ပြီး ပြောနေပုံကိုကြည့်ရင်း သူနှင့် ပတ်သက်သည့် မိသားစုအကြောင်းအရင်း ကျွန်တော် သိချင်လာမိသည်။ သို့သော် စကားလမ်းကြောင်း မတည့်သေး၍ မမေးဖြစ်ခဲ့ပေ။

(၃)

“အစ်ကို့မျက်နှာမကောင်းပါလား၊ အိမ်နဲ့ ဖုန်းဆက်ပြီး စိတ်မကောင်းဖြစ်နေပုံပဲ”

အခန်းနံရံထောင့်ကို ကျောမှီ၍ထိုင်နေသော ကျွန်တော့်ကို အခန်းအပြင်ဘက်မှ ပြန်ဝင်လာသော မင်းလွင်က မေးသည်။ ကျွန်တော် အားခဲကာပြုံးပြပြီး ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။ သူလည်း ကျွန်တော်နှင့် တစ်ခန်းတည်းနေတာ ကြာလာတော့ ကျွန်တော့်မျက်နှာကို မြင်ရုံနှင့် အကဲခတ်တတ်လာပေ၏။

“အစ်ကို ဘာဖြစ်လို့လဲ ပြောပြလေ၊ ကျွန်တော်ကူညီနိုင်တာဆို ကူညီပေးမှာပါ”

“ရပါတယ် ညီလေးရယ်၊ ညီလေးမှာလည်း ညီလေးမိသားစုနဲ့ပတ်သက်ပြီး အခက်အခဲဆိုတာ ရှိနေမှာပဲလေ”

ဤသို့ ကျွန်တော်ပြောလိုက်တော့ သူ့မျက်လွှာ ညှိုးဖျော့သွား၏။ ထို့နောက် ကျွန်တော်လည်း တစ်စုံတစ်ခုဆို သူ့အားရင်ဖွင့်နေကျမို့ အကြောင်းစုံ ရှင်းပြလိုက်မိသည်။

“အဖေ့ကျန်းမာရေးက နေ့လား ညလားပဲ ညီရယ်၊ ပြီးတော့ ညီမလေး ကျူရှင်ခပေးဖို့က အစ်ကို ပြန်ပို့နေကျ ပိုက်ဆံနဲ့ လောက်ငမယ် မထင်ဘူးကွာ၊ အဖေ့ဆေးဖိုးနဲ့ ညီမလေးကျူရှင်စရိတ်ကို အစ်ကိုပို့နိုင်နေရင်တောင် အိမ်မှာ တစ်ယောက်တည်း လုံးပန်းနေရတဲ့ အမေ့ကိုလည်း စိတ်မချဘူးဖြစ်နေရတယ်”

“အစ်ကို့ညီမရဲ့ ကျူရှင်စရိတ်ကို ကျွန်တော် ထောက်ပံ့ပေးမယ် အစ်ကို”

သူ့စကားကြောင့် ကျွန်တော် မှင်တက်သွားမိသည်။ ကျွန်တော် သူ့ကို နားမလည်နိုင်သည့်စိတ်ဖြင့် ကြည့်နေမိသည်။

“ရပါတယ် ညီလေးရယ်၊ အခုလိုပြောတာနဲ့တင် ဝမ်းသာလှပါတယ်၊ ညီလေး ရှာထားတဲ့ပိုက်ဆံဟာ ညီလေးမိသားစုအတွက်ပဲ သုံးပါကွာ”

“ကျွန်တော်လည်း ပညာရေးအတွက် အလှူပေးတဲ့ သဘောသာ မြင်ပေးပါ အစ်ကိုရယ်၊ အစ်ကိုနဲ့ ကျွန်တော်နဲ့က တစ်ခန်းတည်းအတူနေတာ ညီအစ်ကိုလိုပဲလေ၊ ဒီတော့ အစ်ကို့ညီမလည်း ညီလေးရဲ့ ညီမလို သဘောထားပြီး ထောက်ပံ့ပေးပါရစေလား အစ်ကို”

“ဒါဆိုလည်း ညီလေးသဘောပါလေ၊ အလှူသဘောမျိုးဆိုတော့ မပိတ်ပင်ချင်ပါဘူး၊ ကျေးဇူးတင်ပါတယ် ညီလေးရယ်”

သူ့ဆီက ထောက်ပံ့ပေးမည့်အကူအညီကို ကျွန်တော် မငြင်းသာတော့ပေ။ ကျွန်တော် လက်ခံပေးလိုက်တော့ သူ့မျက်နှာတွင် ဝမ်းသာပီတိအရိပ်တို့ ထင်းခနဲမြင်တွေ့လိုက်ရသည်။ ထို့နောက် သူ့မျက်နှာကို စူးစိုက်စွာကြည့်ရင်း တစ်ခုတည်းသောစကားကို ကျွန်တော်မေးလိုက်မိသည်။

“ဒါနဲ့ ညီလေးရဲ့ အိမ်ကိုရော၊ ပိုက်ဆံပုံမှန်ပြန်ပို့ဖြစ်ရဲ့လား”

“ဒီလိုပါပဲ အစ်ကိုရာ…”

သူ၏ ပြန်ဖြေပုံက လေသံလျော့ရဲစွာ ဖြစ်နေသည်။ သူ့စကားသည် အခါတိုင်းကဲ့သို့ပင် သေချာရေရာမှု မရှိပေ။ ထုံးစံအတိုင်း သူ့မိဘအကြောင်းကို မေးလိုက်တိုင်း သူဇြိမ်သက်သွားတတ်သည်။ ထိုအခါမျိုးတွင် သူ့ကို ကျွန်တော် ဆက်မမေးဖြစ်တော့ပါ။

(၄)

အလုပ်ပိတ်ရက်၏ ညခင်းတစ်ခုဌ် သူနှင့်ကျွန်တော် ယမကာသောက်ရင်း စိတ်လိုလက်ရ စကားပြောနေမိသည်။ ကျွန်တော့်မိသားစုအကြောင်း သာမက ကျွန်တော်တို့ရွာ၏ ရိုးရာဓလေ့ပွဲများကိုပါ ပြောပြမိသည်။ သောက်စားရင်းမို့ စကားကိုထိန်း၍ ပြောသော်လည်း ကျွန်တော့် စိတ်ထဲတော့ သူ့မိသားစုအကြောင်းကို သိလိုစိတ်ပြင်းပြနေသည်။ သည်ညတော့ သေချာပေါက်သိရအောင် ကျွန်တော် မေးကြည့်တော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်သည်။ အခန်းဖော်အချင်းချင်းဖြစ်သည့်တိုင် ညီအစ်ကိုအရင်းကဲ့သို့ ခင်မင်နေရသည့်အတွက်တစ်ယောက်အကြောင်း တစ်ယောက် သိရန်လိုသည် မဟုတ်လား။ သူနှင့်ကျွန်တော် ဆုံခဲ့သည်မှာ တစ်နှစ်ပင်ဖြစ်တော့မည်။ သို့သော် သူ့အကြောင်းကို ဂဃနဏာမသိပေ။ ထိုအကြောင်းကိုမေးမြန်းစူးစမ်းရန် စကားလမ်းကြောင်းတည့်မည့် အချိန်အထိ စောင့်ဆိုင်းနေရသည်။

“အစ်ကို့ညီမ စာမေးပွဲဖြေနိုင်ရဲ့လား”

“အေး ဖြေနိုင်တယ်လို့တော့ ပြောတာပဲညီရေ၊ ကိုယ်ကတော့ ညီမလေးကို ဘွဲ့ရပညာတတ်တစ်ယောက် ဖြစ်တာကို မြင်ချင်တယ်ကွာ”

“ဒါပေါ့ အစ်ကိုရာ”

“ဒါနဲ့ ညီလေးမှာရော မောင်နှမတွေရှိသေးလား”

မေးရန်အခွင့်ကြုံပြန်ပြီမို့ သူ့ကို ကျွန်တော် မေးလိုက်မိသည်။ သူကတော့ ယခင်ကဲ့သို့ ငြိမ်ကျသွားပြန်သည်။ နှစ်ယောက်သား စကားမပြောမိဘဲ ခေတ္တတိတ်ဆိတ်သွား၏။ ထို့နောက် ကျွန်တော် ကပဲ စကားကို ဖျန်ဖြေလိုက်မိသည်။

“ဘယ်လိုမှတော့ မထင်ပါနဲ့ ညီလေးရယ်၊ အစ်ကိုနဲ့ ညီလေးက ခင်လာတာကြာပြီ၊ ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် ကြားမှာ ဆက်ဆံရေးမပြေလည်တာလည်း တစ်ခါမှမရှိခဲ့ဖူးဘူး၊ ညီလေးကို ယုံလို့လည်း အစ်ကို့မိသားစုနဲ့ပတ်သက်သမျှ အကြောင်း အရာတွေ ပြောပြထားတယ်၊ ဒါပေမဲ့ ညီလေးမိသားစုအကြောင်းကို အစ်ကို မသိရသေးတဲ့အတွက် မေးကြည့်မိတာပါ ညီလေး၊ တကယ်ဆို အစ်ကိုနဲ့ ညီလေးရဲ့ ကြားမှာ ဘာတွေလျှို့ဝှက်စရာလိုသေးလို့လဲ”

ကျွန်တော်ပြောသမျှကို သူက ခေါင်းငုံ၍ နားစွင့်နေပုံရသည်။ သူ့နှုတ်က မည်သည့်အသံမှ ထွက်ပေါ်မလာ။ ခေါင်းကို ငုံမြဲတိုင်း ငုံထားသည်။ ထို့နောက် သူ့နံဘေးသို့ ကျွန်တော် တိုးထိုင်လိုက်ပြီး သူ့ပခုံးကို လက်တစ်ဖြင့် သိုင်းဖက်လိုက်သည်။ ထိုအခါ ငုံနေသည့် သူ့ခေါင်းလေး ပြန်မော့လာသည်။ ရုတ်တရက်မြင်လိုက်ရသည့် သူ့မျက်နှာမှာ မျက်ရည်တွေရွှဲရွှဲစိုနေလေ၏။ သူ ငိုထားသည်ကို ယခုမှပင် သတိထားမိသည်။

“ဟာ ညီလေး၊ ဘယ်လိုဖြစ်လို့ငိုထားတာတုန်း”

“ကျွန်တော် အစ်ကို့ကို လျှို့ဝှက်ထားတာ မဟုတ်ရပါဘူးဗျာ၊ ကျွန်တော့်မှာ မိသားစုဆိုတာ မရှိတော့ဘူး အစ်ကို”

သူ့စကားကိုကြားကြားချင်း ကျွန်တော့် ရင်ထဲ လှစ်ခနဲပာသွား၏။ ကျွန်တော် ဆွံ့အနေမိခိုက် သူ စကားဆက်သည်။

“ကျွန်တော်က မိဘဆိုတာ ဘယ်သူမှန်းမသိဘဲ ကြီးပြင်းလာတာ အစ်ကို၊ မိဘမဲ့ဂေဟာကတော့ ကျွန်တော့်ရဲ့ ဘဝ အစိတ်အပိုင်းမိသားစုလို့ပြောရမှာပေါ့၊ ကျွန်တော့်မှာ မောင်နှမဆိုတာလည်း မရှိဘူး၊ အဲဒီအတွက် အစ်ကို့ကို ကျွန်တော့် အစ်ကိုအရင်းလို သဘောထားပြီး ခင်တွယ်ခဲ့ရတာပါ အစ်ကိုရယ်”

“ဟာ ညီလေးရာ၊ ကြားရတာ စိတ်မကောင်းတာကွာ”

ကျွန်တော့်မိသားစုနှင့် ပတ်သက်သည့် ကိစ္စတိုင်း အားပေးနှစ်သိမ့်တတ်သည့်သူ၊ ကူညီဖေးမပေးနေသည့် သူတစ်ယောက်၏ရင်ထဲကို ကျွန်တော် မမြင်သာခဲ့ဘူး။ မိသားစုအကြောင်းပြောတိုင်း သူဘာလို့ ဆွံ့အနေသလဲဆိုတာ ယခုမှသဘောပေါက်နားလည်တော့၏။ သူ့ရင်ထဲ မိသားစုဆိုသည်ကို ဘယ်လောက်အထိ ငတ်မွတ်နေမလဲလေ။ သည်နိုင်ငံကနေ ပြန်နိုင်သည့်နေ့ သူ့ကို ညီလေးတစ်ယောက်အဖြစ် အိမ်သို့ ပြန်ခေါ်သွားရန် ကျွန်တော် ဆုံးဖြတ်ချက် ချလိုက်မိပါတော့သည်။ ။

စိမ်းလန်းစိုပြည် မိုးရာသီ

❖ မုတ်သုံလေ ဆော်ညင်းသွေး
မိုးပြေးလေး ရွာချေပြီ။
ရပ်ရွာစ်ခွင် တိမ်ညိုဆိုင်းလို့
အုံ့မှိုင်းမှုန်ရီ။

❖ ခေါင်းလောင်းလေး သံဝေစည်
ဖြူစိမ်းညီ ပန်းတစ်ခင်း။
ဝန်းကျင်တစ်ခွင် စိမ်းစိုလန်းလို့
ဆန်းသစ်မြင်ကွင်း။

❖ တောင်သူတွေ လယ်ထဲဆင်း
နွားတစ်ရှင်ဉ်းနှင့် ထွန်တုံးပြင်။
ရှိုးညွန်မှာ တေးသံလွှမ်းလို့
လုပ်ငန်းခွင်ဝင်။

❖ ခင်နှမတို့ လယ်ထဲတွင်
တစ်နေကုန်ပင် ကောက်စိုက်လျက်။
ပြည့်ဝမ်းစာ ဖူလုံရေးကိုဖြင့်
မနှေးဆောင်ရွက်။

❖ ရှေးရိုးရာ အစဉ်လာမပျက်
ထွန်ယက်တဲ့ ဝသန်ခါ။
သီးနှံစုံ ပြည့်လျှံဖြိုးဖို့
စိုက်ပျိုးသူငါ။

❖ စိမ်းလန်းလို့ ပြည်မြန်မာ
လယ်ယာမြေ မြရောင်လွှမ်း။
မိုးသံစဉ် တေးဂီတနှင့်
မြူးကြွရွင်လန်း။

မင်းဝေအောင်(ရဲကျွန်း)

မူးယစ်ကင်းစင် တို့ကျောင်းတစ်ခွင်

❖ လူ့စွမ်းအား အရင်းအမြစ်
ထုဆစ်ပေးတဲ့ တို့ကျောင်းတော်
ဘဝအတွက် ပညာများ
သင်ကြားလို့ပျော်။

❖ အနာဂတ်ရဲ့ အကျိုးကိုမျှော်
လူကောင်းလူတော် ဖြစ်စေခြား
ရင်သွေးတွေ လမ်းမပျောက်ဖို့
ငြမ်းထောက်လို့ထား။

❖ စူးစမ်းတတ်တဲ့ လူငယ်များ
ထိတွေ့ခံစား အသစ်အဆန်းမြင်
မူးယစ်စရာ အန္တရာယ်အဖျက်ကို
လက်တည့်စမ်းချင်။

❖ ထိတွေ့မှုများလာလျှင်
နောင်အခါတွင် ပြင်ဖို့ခက်
စွဲမိသူ ဘဝတုံး
ဆုံးရအသက်။

❖ ဘိန်း၊ ဘင်း၊ ကစော်ဆေးလိပ်၊ အရက်
စွဲမက်တတ်တဲ့ လူ့ရန်သူ
တို့ကျောင်းတစ်ခွင် ကင်းစင်ပအောင်
ရှင်းကြအတူတူ။

❖ ဟောပြောပို့ချ နည်းနာယူ
ဆိုင်းဘုတ်ထူ ပညာပေး
မူးယစ်ကို အစဉ်တစိုက်
တိုက်ထုတ်အဝေး။ ။

မောင်စိုးငွေ (ကသစ်မြေ)

ဆောင်းပါး

မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကာကွယ်ပါ

■ ဇင်မင်းစိုး (ဗိုလ်ကလေး)

မူးယစ်ဆေးဝါး ဟူသည်

'မူးယစ်ဆေးဝါး' ဟူသည် စမ်းချေပင် မသုံးစွဲသင့်သော အရာဖြစ်ကြောင်း ရေဒီယို၊ ရုပ်မြင်သံကြားမှတစ်ဆင့် ပညာပေးဇာတ်လမ်းတိုများ၊ တေးသီချင်းများ၊ ကာတွန်းရုပ်ပုံများဖြင့် လူငယ်များအား နေ့စဉ် ပညာပေး ထုတ်လွှင့်လျက်ရှိသည်ကို တွေ့မြင်ရပါသည်။ သတင်းစာ၊ ဂျာနယ်၊ စာစောင်များတွင်လည်း မူးယစ်ဆေးဝါး၏ ဆိုးကျိုးများကို ရေးသားတင်ပြ၍ ပညာပေးလျက် ရှိပါသည်။

"ဆေးလိပ်အစ
အရက်အလယ်
မူးယစ်အဆုံး
ဘဝနိဂုံး..."ဟူ၍ ပညာပေးဆုံးမလျက်ရှိရာ လူငယ်လူရွယ်တိုင်း မူးယစ်ဆေးဝါးကို အဝေးကပင် ရှောင်ကြဉ်သင့်ပါသည်။

ယနေ့ခေတ် လူငယ်လူရွယ်များသည် ကွမ်းယာ လေးတမြုံ့မြုံ့ဝါး၍ လက်ကြားထဲ စီးကရက် ညှပ်ကာ ပြောဆိုနေထိုင်ရသည်ကိုပင် စတိုင်ကျသည်၊ ခေတ်မီသည်ဟု အထင်ကြီးသတ်မှတ်၍ ဟန်ရေးတပြပြဖြင့် နေထိုင်နေကြသည်ကို တွေ့မြင်ရလေသည်။ ထိုလူငယ်လူရွယ်များသည် အချိန်ကြာလာသည်နှင့်အမျှ ကွမ်းယာ၊ ဆေးလိပ်မှသည် အဆင့်များတက်၍ နောက်ဆုံးမူးယစ်ဆေးဝါးသုံးစွဲသည်အထိ မူးယစ်သားကောင်များ ဖြစ်ကြရလေသည်။

ထို့ကြောင့် လူငယ်လူရွယ်များ မူးယစ်ဆေးဝါး မသုံးစွဲမိစေရန်နှင့် အတုယူမမှားစေရန် မိဘဆရာ သမားများက ထိန်းကျောင်းပြုပြင်စောင့်ရှောက်ရ လေသည်။ လူငယ်လူရွယ်များအား စာဖတ်စေခြင်း၊ အလုပ်အကိုင်ရှာဖွေ၍ ပြုလုပ်စေခြင်း၊ အားကစား နည်းတစ်မျိုးမျိုးပြုလုပ်စေရန် အားပေးဆောင်ရွက်ခြင်းတို့ ပြုလုပ်သင့်ပေသည်။ အပေါင်းအသင်းမမှား စေရန် အမြဲတစေ သွန်သင်ဆုံးမစေခြင်းတို့ ပြုလုပ်ကြရလေသည်။

ကွမ်းယာ၊ ဆေးလိပ်အန္တရာယ်

မူးယစ်ဆေးအစ ကွမ်းယာ၊ ဆေးလိပ်ကဟု ဆိုနိုင်လေသည်။ ကိုယ်တိုင်ဆေးလိပ်သောက်ခြင်း၊ သူတစ်ပါး ဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းနှင့် ဆေးပါသော ကွမ်းစားခြင်းတို့ကြောင့် ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အဆုတ်ကင်ဆာနှင့် ကင်ဆာရောဂါအမျိုးမျိုး၊ နှလုံးသွေးကြောကျဉ်းခြင်း၊ သွေးကြောပိတ်ခြင်း၊ ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်း၊ အဆုတ်ပွရောဂါ၊ ပြင်းထန်သည့် သွေးတိုးရောဂါ၊ ခြေပုပ်လက်ပုပ်ရောဂါ၊ ပန်းသေ ပန်းညှိုးရောဂါများ ဖြစ်ပွားနိုင်လေသည်။

ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ထိခိုက်စေရုံသာမက လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ကိုလည်း ထိခိုက်စေနိုင်သဖြင့် ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်းတို့ကို အစမပြုမိစေရန်နှင့် သုံးစွဲနေပါကလည်း ဖြတ်နိုင်ရန် ကြိုးစားသင့်လေသည်။

ဆေးလိပ်သောက်ခြင်းကို ကမ္ဘာအနှံ့တွင် တိုက်ဖျက်လျက်ရှိသည်။ ထို့ကြောင့် မေလ ၃၁ ရက်နေ့ကို ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အဖြစ် သတ်မှတ်ထားခဲ့လေသည်။ ဆေးလိပ်ဟုဆိုရာတွင် ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ စီးကရက်ဟူ၍ အမျိုးအစားများ ပါဝင်လေသည်။ ဆေးလိပ်သောက်ခြင်းကြောင့် ခန္ဓာကိုယ်အတွင်းသို့ ကတ္တရာ၊ နီကိုတင်း၊ ခရီဆော၊ ဖီနော၊ အိုင်ဒိုးလ် စသည့် ကင်ဆာနှင့် အလုံးအကျိတ်တို့ကို ဖြစ်စေနိုင်သော အမှုန်အမွှားများ စတင်ဝင်ရောက်စေလေသည်။

ဆေးလိပ်ကြောင့် ကင်ဆာ၊ နှလုံးရောဂါ ကဲ့သို့သော ရောဂါဆိုးကြီးများ ဖြစ်နိုင်သဖြင့် လူငယ်လူရွယ်များမှစ၍ ပြည်သူအားလုံးက ဆေးလိပ်အန္တရာယ်မှ ဝေးရာသို့ အသိစိတ်ဖြင့် ကာကွယ်၍ ရှောင်ကြဉ်ကြရမည်ဖြစ်ပါသည်။ ကွမ်းယာဆေးလိပ်မှစ၍ မူးယစ်ဆေးဝါး၏ သားကောင်အဖြစ်သို့ အလွယ်တကူ ရောက်ရှိသွားနိုင်လေသည်။

အသိပညာပေးခြင်း

မူးယစ်ဆေးဝါး သုံးစွဲခြင်းသည် စီးပွားရေးဘက်တွင်သာမက လူမှုရေးဘက်တွင်ပါ ဆုံးရှုံးနိုင်လေသည်။ ရာဇဝတ်မှုများနှင့် ကျန်းမာရေးကိုပါ ဆိုးရွားစွာ ထိခိုက်နိုင်လေသည်။

"ဆေးလိပ်အန္တရာယ် ကွမ်းရန်စွယ်"
"ရှောင်လေဝေးဝေး မူးယစ်ဆေး"
"မူးယစ်စွဲသူ ဖေးမကူ"
"မူးယစ်အန္တရာယ် လူ့ရန်စွယ်
ကာကွယ်တိုက်ဖျက် လက်ချင်းယှက်"
"မူးယစ်ကိုပစ် ပန်းတိုင်သစ်
စိတ်သစ် လူသစ် ဘဝသစ်" ဟူသော လက်ဝှေ့ကစားများသည် မူးယစ်ဆေးစွဲသူ လူငယ်လူရွယ်များအား အေးချမ်းသာယာသည့် လူငယ်ဘဝထဲသို့ နွေးထွေးစွာ ကြိုဆိုလက်ကမ်းနေသည့် အားတက်ဖွယ် စိတ်ခွန်အားစကားများပင် ဖြစ်ပါသည်။

မူးယစ်ဆေးဖြတ်ပြီးသည့် လူငယ်များအား လူ့အသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့လာစေရေး အတွက် ပြည်သူအားလုံးက နွေးထွေးစွာ ကြိုဆိုကြရန်လိုအပ်ပါသည်။ မူးယစ်ဆေးဝါးသုံးစွဲသူများကို ပစ်ပယ်ထားခြင်း၊ ခွဲခြားဆက်ဆံခြင်းတို့ မပြုလုပ်ကြဘဲ ၎င်းတို့ပြန်လည်ထူထောင်ရေးအတွက် မိမိတို့ တတ်စွမ်းသလောက် ဝိုင်းဝန်းကူညီစောင့်ရှောက်ကြရန် အရေးကြီးပေသည်။ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ကြောက်မက်ဖွယ်ဆိုးကျိုးများကို လူငယ်လူရွယ် မောင်မယ်များ ကျယ်ပြန့်စွာ သိရှိနိုင်စေရေး ထိရောက်စွာ ပညာပေးကြရန် လိုအပ်ပါသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုထွန်းကားရေးအတွက် လွန်စွာအရေးပါလျက်ရှိလေသည်။ အရာရာတွင်ကျယ် တို့လူငယ် ဆိုသည့် စကားအတိုင်း လူငယ်လူရွယ်များသည် နိုင်ငံတော်၏ အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ တန်ဖိုးကြီးမားလှလေသည်။

လူငယ်လူရွယ်များ အဆင့်မြင့်ပညာများ တတ်မြောက်၍ မိမိဒေသအကျိုး၊ နိုင်ငံတော်အကျိုးကို သယ်ပိုးထမ်းဆောင်ရာတွင် အနှောင့်အယှက် အဟန့်အတားဖြစ်စေသည့် မူးယစ်ဆေးဝါး အန္တရာယ်ကို နိုင်ငံတော်က အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် ထိရောက်စွာ တိုက်ဖျက်နေသလို ပြည်သူတစ်ရပ်လုံးကလည်း စုပေါင်းတွန်းလှန် ဖယ်ရှားကြရမည်မှာ မိမိတို့၏ တာဝန်ဖြစ်သည်ဟု သတ်မှတ်ခံယူ၍ ပူးပေါင်းပါဝင်သင့်ပေသည်။

မူးယစ်ဆေးဝါး ဆန့်ကျင်ရေး ဟောပြောပွဲများ၊ လက်ကမ်းစာစောင်များ၊ မြေစိုက်ပိုစတာများ ဖြန့်ဝေထူထောင်၍ အသိပညာပေးတိုက်ဖျက်နေသလို နှစ်စဉ် ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တွင် ဝတ္ထုတို၊ ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲများပြုလုပ်၍ မူးယစ်ဆေးဝါးအန္တရာယ်ကို ပညာပေး၍ တိုက်ဖျက်လျက်ရှိပါသည်။

"မူးယစ်ဟူသမျှ ရှောင်ကြဉ်ကြ" ဆိုသည့် အတိုင်း လူငယ်လူရွယ်များသည် လူငယ်သဘာဝအရ စမ်းမသုံးသင့်ကြပေ။ မူးယစ်ဆေးဝါး၏ အစဖြစ်သော ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်း၊ အရက်ဘီယာ သောက်သုံးခြင်းများကိုလည်း လုံးဝရှောင်ကြဉ်သင့်ပေသည်။ 'ဝါးကိုဖျက် ဝါးမျက်၊ လူကိုဖျက် အရက်' ဆိုသည်မှာလည်း အမှန်အကန်ပင် ဖြစ်လေသည်။ အရက်ကြောင့်ပင် ပညာရေး၊ လူမှုရေး၊ စီးပွားရေးများ ပျက်စီးနိုင်ပြီး ရာဇဝတ်မှုကျူးလွန်နိုင်သည်အထိ အရက်က လူကို ဖျက်ဆီးနိုင်စွမ်းရှိလေသည်။ ဆေးလိပ်၊ အရက်က လူကို ဤမျှ ပျက်စီးစေလျှင် မူးယစ်ဆေးဝါးဆိုလျှင် ဆိုဖွယ်ရာပင်မရှိချေ။ အချိန်လွန်မှ နောင်တကြိမ်လုံး တဗုန်းဗုန်း မဆုံးနိုင်အောင် အရိုက်ခံကြရမည် ဖြစ်လေသည်။

ကောင်းကျိုးကိုယ်၌ တည်စေမင်း

လူငယ်လူရွယ်များသည် မိမိတို့အနာဂတ်အတွက် ရွေးချယ်စရာများ မြောက်မြားစွာ ရှိကြလေသည်။ အသိအမြင် ဗဟုသုတများရရှိစေရန် စာအုပ်စာပေကောင်းများ နေ့စဉ်ဖတ်ရှုနေရန် လိုအပ်ပါသည်။ ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာပမာဖြစ်နေသော ယနေ့ခေတ်တွင် လူငယ်လူရွယ်များသည် နိုင်ငံရပ်ခြားသို့ ခြေဆန့်၍ မိမိဘဝအောင်မြင်ရေးအတွက် ကြိုးစားရှာဖွေနေချိန်တွင် မိမိတို့သည်လည်း မူးယစ်ဆေးဝါးနွံထဲတွင် နစ်မွန်းမခံဘဲ မိမိဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိကိုယ်တိုင်ပန်းတိုင်သို့ ကြိုးစားရှာဖွေကြရမည်ဖြစ်ပါသည်။

"မိဘဆရာ စကားနာ၍
ကျမ်းစာသိမြင် တတ်အောင်သင်လော့
ပေါ်လွင်မပြု ကောင်းရာတုလျက်
ကောင်းမှုမြတ်နိုး ကောင်းအောင်ကြိုး၍
ကောင်းကျိုးကိုယ်၌ တည်စေမင်း" ဟူသည် ရခိုင်သူမြတ်၏ လောကသာရပျို့လာ ဆုံးမစာများသည် လူငယ်များအတွက် စံထားရသည့် ဆုံးမစာများ ဖြစ်လေသည်။ ကောင်းရာကို အတုခိုး၍ မိမိကိုယ်ကို ကောင်းအောင် ကြိုးစားကြရမည်ဖြစ်ပါသည်။

ထို့ကြောင့် လူငယ်လူရွယ်များသည် မိမိတို့ဘဝ တိုးတက်မြင့်မားရေးအတွက် အစဉ်အမြဲ ကြံ့စည်စိတ်ကူး၍ အများအကျိုး သယ်ပိုးဆောင်ရွက်ကြပါရန်နှင့် မိမိဘဝခရီးလမ်းတွင် ဆူးငြောင့်ခလုတ်သဖွယ် အဟန့်အတားဖြစ်နေသော မူးယစ်ဆေးဝါးအန္တရာယ်ကို သတိပြုရှောင်ရှားကြပါရန် ရေးသားတိုက်တွန်းတင်ပြလိုက်ရပါတော့သည်။ ။

ပညာပြည့်ဝ နှလုံးလှ

❖ ပညာဂုဏ်ရောင် ထွန်းလင်းပြောင်
အကျိုးပြုလူ့ဘောင်၊
စိတ်အမှောင်ကို ဖြိုကာဖျက်
ပညာအစွမ်းထက်။

❖ တိုးတက်ဖို့အတွက် ကလေးတွေ
ပညာသင်ယူစေ၊
အမိမြေမှာ ပွင့်သောပန်း
ရနံ့မွှေးကြိုင်လန်း။

❖ စာသင်ခန်းက အရေးပါ
ဂရုစိုက်သင့်တာ၊
မိဘ၊ ဆရာ ပူးပေါင်းမှ
ပွင့်သောပန်းတိုင်းလှ။

❖ တောက်ပနိုင်ရေး သွေးကာယူ
ဆရာ့ဂုဏ်ရည်ထူ၊
ပန်းပျိုးသူတိုင်း စိတ်ထားမွေး
မြင့်မြတ်ကြတယ်လေး။

❖ တိုင်းပြည်နောင်ရေး ကောင်းဖို့ဆို
ဆရာ့စွမ်းရည်လို၊
ရင်သွေးတွေကို တန်ဖိုးထား
ပျိုးထောင်ကြစို့လား။ ။

ဖိုးပြည့်(ပတ္တမြား)

ဂန္ဓဝင်ဂီတစာဆိုနှင့် ဂီတမှူး စန္ဒရားငွေစိုး ကွယ်လွန်

နေပြည်တော် ဇွန် ၂၄

တစ်ခေတ်တစ်ခါက ရေပန်းစားခဲ့သော ကာလပေါ်သီချင်းများစွာကို ရေးသားခဲ့သည့် တေးပြုစာဆိုနှင့် ဂီတမှူး စန္ဒရားငွေစိုးသည် ဇွန် ၂၄ ရက်နံနက် ၁ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းနေအိမ်၌ ကွယ်လွန်အနိစ္စရောက်ခဲ့သည်။

ကွယ်လွန်ချိန်တွင် စန္ဒရားငွေစိုးသည် အသက်(၈၅)နှစ် ရှိပြီဖြစ်သည်။

"စန္ဒရားငွေစိုးဟာ ငယ်ငယ်ကတည်းက သူငယ်ချင်းပါ။ သူဟာ သူ့ရဲ့ထူးခြားချက်အနေနဲ့ ကမ္ဘာဂီတကိုလည်း တီးခတ်နိုင်တယ်။ ဂီတလောကအတွက် ဆုံးရှုံးမှုတစ်ခုပေါ့။ တော်တော်စိတ်ထဲ မကောင်းဘူး။ တွံတေးသိန်းတန်သီချင်းတွေ အားလုံးဟာ သူတီးခတ်ပေးတာ များပါတယ်"ဟု မြန်မာနိုင်ငံဂီတအစည်းအရုံး ဥက္ကဋ္ဌ ဦးလွင်မြင့်က ပြောသည်။

စန္ဒရားငွေစိုးကို ၁၉၃၈ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ခေတ်ဟောင်း ရုပ်ရှင်ဒါရိုက်တာကြီး ဦးဘသင်-ဒေါ်တင်တင်တို့က ဝါးခယ်မတွင် မွေးဖွားခဲ့ပြီး ငယ်စဉ်ကတည်းက ဂီတကို ဝါသနာထုံခဲ့သည်။

စန္ဒရားငွေစိုးသည် ၁၉၅၉ ခုနှစ်ကတည်းက ဝါသနာထုံလှသော ဂီတနယ်ပယ်သို့ ဝင်ရောက်ခဲ့သည်။ သူ၏ပထမဆုံး စန္ဒရားလက်သံမှာ ဝင်ဒါမီယာကရက်ဆင့် အသံလွှင့်ရုံမှ ထုတ်လွှင့်ပေးခဲ့သော "စောင်းမြတ်နွယ်"သင်္ကြန်အဖွဲ့၏ သင်္ကြန်တေးသီချင်းများဖြစ်သည်။

ထိုနှစ်တွင်ပင် ကမ္ဘာအေးကုန်းမြေ၌ ကျင်းပသည့် ဂီတသုခုမသုတေသနအဖွဲ့ချုပ်၏ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကြီးတွင် စန္ဒရားအတီး ပထမရွှေတံဆိပ်ဆု၊ စန္ဒရားလက်စွမ်းပြ ပထမငွေဒိုင်းဆုကြီးများ ရရှိခဲ့သည်။

ဂီတမှူး၊ စန္ဒရားအတီးပညာရှင်အဖြစ် အသံလွှင့်တီးဝိုင်းများ၊ ဓာတ်ပြားတေးများ၊ ဇာတ်လမ်းတိတ်ခွေများနှင့် တေးစီးရီးများစွာတို့ကို တီးခတ်ခဲ့သည်။

နာမည်ကျော်အဆိုတော်နှင့် ရုပ်ရှင်မင်းသား တွံတေးသိန်းတန်၏ ပင်တိုင်စန္ဒရားပညာရှင်အဖြစ် ဆောင်ရွက်ခဲ့ပြီး တွံတေးသိန်းတန်၏ သီချင်းများ အားလုံး၏ ၉၀ ရာခိုင်နှုန်းခန့်ကို စန္ဒရားငွေစိုးက တီးခတ်ပေးခဲ့သည်။

သူ၏ ကျော်ကြားလှသော တေးသီချင်းများမှာ "လှပါတယ်မေရယ်" "ပန်ပေးပါရစေ စံပယ်တစ်ကိုး" စသည့် တစ်ခေတ်တစ်ခါက အလွန်ရေပန်းစားခဲ့သော သီချင်းများဖြစ်သည်။

စန္ဒရားငွေစိုး၏ စျာပနကို ဇွန် ၂၆ ရက် နံနက် ၁၁ နာရီတွင် ရေဝေးခ်ဲ့ကျင်းပပြုလုပ်သွားမည်ဟု သိရသည်။

သတင်းစဉ်

ဂန္ဓဝင်ဂီတစာဆိုနှင့် ဂီတမှူး စန္ဒရား ငွေစိုး

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၂၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကိုအကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၈)ရပ်ကွက်နေ ခင်မေသက်သည် ၎င်းအသုံးပြုသည့် "Khin May That" TikTok အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဓနုဖြူမြို့နယ်၌ သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

ဓနုဖြူ ဇွန် ၂၄

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် အကျော်ကျေးရွာအုပ်စု သဘာဝရေပြင်အတွင်း မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ငါးမျိုးစိုက်ထည့်ခြင်းကို ယမန်နေ့ နံနက် ၉ နာရီက ကျင်းပသည်။

ငါးမျိုးစိုက်ထည့်

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်/မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် တာဝန်ရှိသူများက အောင်ဟိတ်ငါးသားဖောက်စခန်းမှ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၂၀၀၀၀၀၊ ငါးခုံးမသားပေါက်ကောင်ရေ ၁၀၀၀၀၀၊ ရွှေဝါငါးကြင်းသားပေါက်ကောင်ရေ ၁၀၀၀၀၀ စုစုပေါင်းငါးသားပေါက်ကောင်ရေ ၄၀၀၀၀၀ ကို အကျော်ကျေးရွာ သဘာဝရေပြင်အတွင်းသို့ ငါးမျိုး စိုက်ထည့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၆-၂၀၂၃

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၁၉၄၅	၁၉၉၅	၁၉၉၀	၁၉၅၅	၁၉၉၅	၂၀၂၀	၂၀၀၅	၁၉၈၀	၂၀၈၀	၂၀၉၅	၁၉၈၅	၁၉၉၅	၂၀၃၅	၂၀၃၅	၂၀၃၅	၂၂၆၅	၂၇၀၀
95 Ron	၂၀၅၀	၂၁၀၀	၂၀၉၅	၂၀၅၅	၂၀၉၅	၂၁၂၀	၂၁၀၅	၂၀၈၀	၂၁၈၀	၂၁၉၅	၂၀၉၀	၂၁၀၅	၂၁၃၅	၂၁၃၅	၂၁၃၅	၂၃၆၅	၂၈၀၀
HSD (500 ppm)	၁၉၂၀	၁၉၇၀	၁၉၆၅	၁၉၃၀	၁၉၆၅	၁၉၉၀	၁၉၈၅	၁၉၅၅	၂၀၇၅	၂၀၆၅	၁၉၆၀	၁၉၇၀	၂၀၀၅	၂၀၀၅	၂၀၁၀	၂၂၄၀	၂၈၀၀
HSD (50 ppm)	၂၀၀၀	၂၀၅၀	၂၀၄၅	၂၀၁၀	၂၀၄၅	၂၀၇၀	၂၀၆၅	၂၀၃၅	၂၁၅၅	၂၁၄၅	၂၀၄၀	၂၀၅၀	၂၀၈၅	၂၀၈၅	၂၀၉၀	၂၃၂၀	၂၈၆၀
HSD (10 ppm)	၂၀၀၀	၂၀၅၀	၂၀၄၅	၂၀၁၀	၂၀၄၅	၂၀၇၀	၂၀၆၅	၂၀၃၅	၂၁၅၅	၂၁၄၅	၂၀၄၀	၂၀၅၀	၂၀၈၅	၂၀၈၅	၂၀၉၀	၂၃၂၀	၂၈၆၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၁၈၄၆	၁၉၁၇
95 Ron	၁၉၄၄	၂၀၁၇
HSD (500 ppm)	၁၈၂၃	၁၈၈၉
HSD (50 ppm)	၁၈၉၇	၁၉၆၄
HSD (10 ppm)	၁၈၉၇	၁၉၆၄

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများ၀ယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ဓာတ်ခွဲနမူနာစုစုပေါင်း ၆၁၉၆ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၆ ဦး တွေ့ရှိ

ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၄-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၃-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၄-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၁၉၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၆) ဦး တွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၄၂) ရာခိုင်နှုန်း ရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၈၂၀,၆၈၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၂၈၉) ဦး ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄၆) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၁၄၁) ဦး ရှိပြီဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh. gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာမြို့နယ်၊ရန်ကုန်-ပုသိမ်လမ်းမကြီးတွေ၊FMI City(၀ဒေသာပင်မြို့တော်)၊ အမှတ်(၄)ရပ်ကွက်၊ ကန်သာယာလမ်းပေါ်ရှိ တိုက်အမှတ်(E)အခန်းအမှတ်(၂)၊Condo E-2 ဟု ခေါ်တွင်သော ဧရိယာ အကျယ်အဝန်း(၃၂ပေx၃၂ပေ)ရှိတိုက်ခန်းနှင့်တကွ ဆက်နွယ်တည်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်သူ ဦးဝင်းမြင့်+ဒေါ်နန်းခမ်းအိန်နှင့်ဒေါ်နန်းလောဝဆိုင်ဝိတ်ဒီထမ်မှတစ်ဆင့် အရောင်းအဝယ်စာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူဦးနေလင်းထွန်(၁၂/မရက(နိုင်)၈၅၈၀၄)ဒေါ်နန်းလယ်(ခ)နန်းခမ်းလှ(၁၂/ဆကန(နိုင်)၀၀၃၇၉)နှင့်ဒေါ်ရည်ညွှန်ဝင့်အောင် (၁၂/ဥကမ(နိုင်)၁၉၄၆၀၁)တို့ထံမှ ကျွန်ပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောတရားဝင် ပိုင်ဆိုင်မှုအထောက်အထား မူရင်းများနှင့်တကွကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်မာလာဆွေ
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၄၆၆/၁၉၉၇)
LL.B.,H.G.P.,D.B.L.,D.M.L.,D.I.L.,D.A.Psy.,WIPO(Switzerland).
အမှတ်(၁၁)ဦးဘဟန်လမ်း၊သယ်နိုးကျွန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ဖုန်း-၀၉ ၅၁ ၂၇၈ ၂၈၊ ၀၉ ၅၁၅၄၆၉၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၅၀ ၊ မြေကွက်အမှတ်- ၃၄ အေ၊ ဧရိယာ (၀. ၀၈၄)ဧကေ၊ မြေကွက်တည်နေရာအမှတ်(၁၂/အေ)၊ (၂)လမ်း၊ အနောက်ရွှေဂုံတိုင်းရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဦးအောင်ကြီး (၁၂/ဗဟန(နိုင်) ၀၃၇၇၆၃) အမည်ပေါက်နေ၀(၆၀)ဂရန်မြေအား အမည်ပေါက် (ခင်ပွန်း) ဦးအောင်ကြီးသည် (၁၉. ၇. ၂၀၂၀) ရက်နေ့တွင်ကွယ်လွန်သဖြင့် (၈နှိုး) ဒေါ်မြမြဦးမှ တစ်ဦးတည်းသောတရားဝင်ဇနီး ဖြစ်ပြီး အခြားသောဇနီးမယားများတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ၄၄်းကသာလျှင် မြန်မာ့လေ့ထုံးတမ်း ဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိကြောင်း (၂၈. ၄. ၂၀၂၃)ရက်နေ့ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ကျမ်းကျိန်လွှာ၊ ထောက်ခံချက်ကျမ်းကျိန်လွှာ (၂)စောင်၊ ဦးအောင်ကြီး၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)ဂရန်မှရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ၁၉၉၉-ခုနှစ်တွင် ဘဏ်ချေးငြေပုံကုးယူခဲ့သော ဘဏ်ချေးငြေပုံမူရင်းမှာ အမှန်တကယ်ပျောက်ဆုံးကြောင်း၊ ရှာဖွေသော်လည်း သိမ်းဆည်းထားရာမှာ မတွေ့ရှိကြောင်း (၃၀. ၅. ၂၀၂၃)ရက်နေ့ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်ကျမ်းကျိန်လွှာတို့တင်ပြ၍ ဒေါ်မြမြဦး (၁၂/ဗဟန(နိုင်)၀၃၈၉၅၇)ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ စာချုပ်အမှတ်-၆၈၅၉/၂၀၂၃ (၇. ၄. ၂၀၂၃) ရသူ ဒေါ်သက်သက်ဝေါင် (၁၂/ဗဟန(နိုင်)၀၃၉၃၆၈)မှ အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းခြင်းမရှိသေးကြောင်း (၂၈. ၄. ၂၀၂၃)ရက်နေ့ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ကျမ်းကျိန်လွှာ ပူးတွဲ၍ ပိုင်ဆိုင်ကြောင်း နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၄)၊ မြေကွက်အမှတ်(၁၃၂၁/၁)၊ အကျယ်အဝန်း (၂၁ ပေ x ၆၀ ပေ)ရှိ နှစ်(၆၀)မြေဌားဂရန်မြေကွက်သည် ဒေါ်အုန်းကြည်(၁၂/လမန(နိုင်)၀၅၆၁၆၈) အမည်ပေါက်သော မြေကွက်ဖြစ်ပြီး ယင်းမြေကွက်အနက်မှ (ခေါင်းရင်းခြမ်း) အကျယ်အဝန်း(၁၁ ပေ x ၆၀ ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၃၂၁/ခ)၊ နွယ်နီလမ်း၊ (၅၄) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ၎င်းအမည်ပေါက်မှ ရောင်းချခဲ့သောကြောင့် အရောင်းအဝယ်ကတိစာချုပ်အဆက်ဆက်ဖြင့် နောက်ဆုံး ဝယ်ယူပိုင်ဆိုင်ခဲ့သည့် ဦးကျော်သူလင်း[၁၂/ဌကတ(နိုင်)၁၃၉၅၂၅]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း၊ အရှေ့ပိုင်ရှင်းကင်းရှင်းကြောင်း ဖွင့်ဟာဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးပြည့်စုံဖြိုး [၁၂/ဒဂတ(နိုင်)၀၆၄၇၇၈]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ပိုးအိအိစံ (LL.B)(LL.M) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၅၀)
အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။
ဖုန်း-၀၉-၂၅၀၆၄၃၃၃၊ ၀၉-၄၅၀၀၉၉၀၆၉

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်းရပ်ကွက်၊ သဇင်လမ်း၊ ပန်းလှိုင်လုံးချင်းအိမ်ရာ၊ အမှတ် – 2/B နေ ဦးရာပြည့် (ဘ) ဦးခင်မောင်ထွန်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/ကမရ (နိုင်) ၀၅၅၈၀၀] ကိုင်ဆောင်သူသည် ၎င်း၏ဖခင် ဦးခင်မောင်ထွန်းနှင့် မိခင်ဖြစ်သူ ဒေါ်စိန်စိန်တို့ သက်ရှိထင်ရှားရှိစဉ်အချိန်ကပင် ဖခင်ဖြစ်သူ ဦးခင်မောင်ထွန်းမှ မိသားစုပိုင် မရွှေ့မပြောင်းနိုင်သောပစ္စည်းများအား (၅-၅-၂၀၁၉) ရက်စွဲဖြင့် မိသားစုစီမံမှုလွှဲအပ်ခြင်းကတိစာချုပ်အား အသိသက်သေများရှေ့မှောက် ချုပ်ဆိုလျက် သားကြီးဖြစ်သူ ဦးရာပြည့်အား မိသားစုပိုင်ပစ္စည်းများကို စီမံကွပ်ကဲရန် လွှဲအပ်ခဲ့ပြီးဖြစ်ပါသည်။ ယခုအခါတွင် ဖခင် ဦးခင်မောင်ထွန်းမှာ ကွယ်လွန်ခဲ့ပြီးဖြစ်သလို မိခင်ဖြစ်သူ ဒေါ်စိန်စိန်မှာ အသက်(၈၅)နှစ်အရွယ် သက်ကြီးရွယ်အိုဖြစ်ပြီး ကျန်းမာရေးမကောင်းသူဖြစ်ပါသည်။ ထို့ကြောင့် မိသားစုပိုင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့် ပတ်သက်၍ ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်းခြင်းမပြုလုပ်ရန်နှင့် ဦးရာပြည့် စီမံကွပ်ကဲမှုရသော မိသားစုပိုင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအား ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်းရန် ပြုလုပ်ခဲ့ပါက စီစဉ်ဆောင်ရွက်သူဖြစ်စေ၊ ကူညီသူကိုဖြစ်စေ၊ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးရာပြည့်၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဦးဘိုဘိုအောင် (ဥပဒေဘွဲ့)
အထက်တန်းရှေ့နေ (စဉ် - ၃၃၀၄၂)
ကျိုက္ခနာကျေးရွာ၊ အစုကြီးကျေးရွာအုပ်စု၊ ထန်းတပင်မြို့။
ဖုန်း - ၀၉-၄၂၁၀၄၁၉၃၅

ကျန်းမာရေးဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
ကျောက်ဆည်အထွေထွေရောဂါကုဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်ဆည်မြို့၊ အထွေထွေရောဂါကုဆေးရုံကြီးတွင် လိုအပ်သော FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများ၊ Speciality ဆေးဝါးများ၊ ဓာတ်ခွဲခန်းနှင့် ဓာတ်မှန်ခန်းသုံး ဆေးနှင့် ဆေးပစ္စည်းများ၊ Oxygen နှင့် အခြား Consumable များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့် တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ စျေးနှုန်းတင်သွင်းလွှာပုံစံများ
- စတင်ရောင်းချမည့်ရက် -၂၆ - ၆ -၂၀၂၃ ရက်
- တင်ဒါပိတ်မည့်ရက်နှင့်အချိန် -၇- ၇ -၂၀၂၃ ရက် ညနေ(၄:၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ၊ ဆေးနှင့် ဆေးပစ္စည်းများ စာရင်းအသေးစိတ် သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ခရိုင်ကုသရေးဦးစီးဌာနမှူးရုံး
အထွေထွေရောဂါကုဆေးရုံကြီး
ကျောက်ဆည်မြို့၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း-၀၆၆-၂၀၅၀၃၄၅

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဌေးကြွယ်(က)ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ တိုက်အမှတ် (၂၈၄)၊ ၆-လွှာ (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၅ပေx၆၀ပေ)ရှိတိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးနေမင်းကိုကိုမောင် [၉/အမဇ (နိုင်)၀၂၄၅၁၀၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်စုမြတ်မွန်
အထက်တန်းရှေ့နေ (စဉ်-၄၈၅၇၁)
အမှတ် (၄၄)၊ ပ-ထပ်၊ အခန်း (၁၀)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၂၆၄၁၉၄၈၉၃

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ကွေ့မအိမ်ရာ၊ နှစ်ထပ်လုံးချင်းတိုက်အမှတ်(၂၄ ဘီ)၊ ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးမင်းနိုင်ဦး[၆/မအရ(နိုင်)၀၃၇၃၃၅] ထံမှ တစ်ဆင့် ပြန်လည်ဝယ်ယူထားသူ ဦးညီညီအောင် [၁၂/ကတတ(နိုင်)၀၀၂၂၈၀]က ၎င်းအမည်ဖြင့် မြေဌားစာချုပ်ပြုလုပ်ပေးပါရန် ဌာနသို့လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ဗိုလ်တထောင်ခရိုင်တရားရုံးတော်၌
၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၈ နှင့်
ဆက်နွယ်သည့်
၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၃၅

၁။ ဦးကျင်အုန်း	နှင့်	၁။ ဦးဝင်းနိုင်
၂။ ဒေါ်တင်ဝင်း		၂။ ဒေါ်အေးအေးတင်
		၃။ ဒေါ်နီနီမြင့်
(ဒီကရီအနိုင်ရသူ)		**(တရားရှုံးများ)**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၇/အရှေ့)ရပ်ကွက်၊ အောင်သပြေအရှေ့(၃)လမ်း၊ အမှတ်(၂၆)နေ (၁)တရားရှုံး ဦးဝင်းနိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၇/အရှေ့)ရပ်ကွက်၊ အောင်သပြေအရှေ့(၃)လမ်း၊ အမှတ်(၃၂၆)နေ (၂)တရားပြိုင် ဒေါ်အေးအေးတင် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၈ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန်၊ သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၁၄) ရက်၊ (၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆုတ် ၁၂ ရက်) မွန်းမတည့်မီ (၁၀း၀၀)နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၃ ခုနှစ်၊ ဇွန်လ (၂၀) ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ရဲလွင်)
တွဲဖက်ခရိုင်တရားသူကြီး(၁)
ဗိုလ်တထောင်ခရိုင်တရားရုံး

"ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငွေနုံသာစံပြကျေးရွာသစ်(ယခင်) ဘားလားစံပြကျေးရွာသစ်၊ ကွင်းအမှတ် (၄၉၅/A)၊ ခြံမြေကွက်အမှတ်- ၅၆၃ ၊ အကျယ်အဝန်း (၁၀၀ x ၁၂၀) ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးတင်ထွန်းအောင် [၁၂/ကမရ(နိုင်)၀၄၉၀၂၈]မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဇေမင်း [၁၂/မဂတ(နိုင်)၀၀၂၇၀၈]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်နှင်းဆီ (LL.B)
တရားလွှတ်တော်ရှေ့နေ၊ (စဉ်-၁၅၄၄၁)
အမှတ် (၁၈၆)၊ ဗဟိုလမ်း၊ ကျွန်း/လယ်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်။
ဖုန်း- ၀၉- ၇၉၄၄၆၇၁၆၅

မတည်ရင်းနှီးငွေလျှော့ချခြင်း

ကျွန်တော်များ EXPERT SOURCE COMPANY LIMITED ၏ မတည်ရင်းနှီးထားသော အစုရှယ်ယာ (၁၀၀၀)စု ပေးချေပြီး အစုရှယ်ယာများ၏ တန်ဖိုးကျပ် (၁၀၀၀၀၀၀၀)မှ အစုရှယ်ယာ(၁၀၀)စု ပေးချေပြီး အစုရှယ်ယာများ၏ တန်ဖိုးကျပ် (၁၀၀၀၀၀၀)သို့ လျှော့ချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

EXPERT SOURCE COMPANY LIMITED

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ရာဇမိရာဇ်အိမ်ရာ၊ တိုက်အမှတ်(၂၅၁)၊ အခန်းအမှတ်(၂၀၂) အား အမည်ပေါက် ဒေါ်နီနီဝိုး[၂/လကန(နိုင်)၀၄၃၁၅၀]ထံမှ ဝယ်ယူထားသူ ဦးစံကျော်ကျော် [၈/မလန(နိုင်)၀၆၆၉၀၁]က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်။
ဖုန်း-၀၆၇-၃၄၀၇၅၄

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၇)၊ မြေကွက်အမှတ်(၁၆၈)၊ အကျယ်အဝန်း(၄၀x ၆၀)ပေရှိ ဦးသန်းရွှေ အမည်ဖြင့် ရရှိထားသော မြေချပါမစ်အမျိုးအစားမြေကွက်မှ မခွဲမစိတ်ရသေးသည့် အကျယ်အဝန်း (၂၀ x ၆၀)ပေ မူရင်းခြမ်းမှ (၁၀x ၆၀)ပေ အကျယ်ရှိ မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ညွှန့်မေ [၁၂/မရက(နိုင်)၀၃၆၉၉၉] မှ အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်နှင်းဆီ (LL.B)
တရားလွှတ်တော်ရှေ့နေ၊ (စဉ်-၁၅၄၄)
အမှတ် (၁၈၆)၊ ဗဟိုလမ်း၊ ကျွန်း/လယ်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်။
ဖုန်း- ၀၉- ၇၉၄၄၆၇၁၆၅

အယူခံမှုကို ဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို
အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
၂၀၁၈ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၂၉၃

ဦးရဲမြန်မာအောင်	နှင့်	ဒေါ်မိုမိုဦး
(အယူခံတရားလို)		**(အယူခံတရားပြိုင်)**

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်စွဲပါ အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၅၅၁/၂၀၁၄ အမှုတွင် ချမှတ်သောအမိန့်ကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၄၉)လမ်း၊ အခန်း (A)၊ အမှတ်-၁၈၀ နေ အယူခံတရားပြိုင် ဒေါ်မိုမိုဦး (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

ယခုအမှုတွင် အရှေ့ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်သည့် ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၁၈) ရက်(၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း (၁)ရက်တွင် ဆိုင်ဆိုရန် ဤရုံးတော်မှချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကိုသင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် ချိန်းဆိုထားသော အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၉)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သီတာကျော်ဝ)
လက်ထောက်ညွှန်ကြားရေးမှူး
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၁၄၅၊ မြေကွက်အမှတ်–၁၆၃၆၊ အကျယ်အဝန်း(၄၀ ၀၀ x ၆၀ ၀၀)ရှိ ပါမစ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၁၄၅)ရပ်ကွက်၊ ကေတုမတီလမ်းတည့်ဆင်းထောင့်ကွက်၊ အမှတ်(၁၆၃၆) ဟုခေါ်တွင်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးစိုးဝင်း (ဘ)ဦးအဒူရှကူး [၁၂/ဒဂတ(နိုင်)၀၂၀၇၇] ထံမှ ကျွန်ပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ် ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၅)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဦးသန့်စော်ဝင်းဦး (LL.B.,LL.M.)
တရားလွှတ်တော်ရှေ့နေ (စဉ်– ၉၅၂၇)
တိုက် C2A၊ အခန်း(၁၁၀)၊ (၀–ထပ်)၊ Time Square Condo၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉–၉၆၅၁၃၈၀၁၈၊ ၀၉–၂၅၀၀၆၀၃၁၃

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၁၊ လူနေရပ်ကွက်အမှတ်–၁၁၊ မြေကွက်အမှတ်–၁/က၊ ဧရိယာ–၁၂၀၀ စတုရန်းပေ၊ အကျယ်အဝန်း(၂၀ပေx၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ် – ၁/က ဟု ခေါ်တွင်သည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင် ရောင်းချခွင့်ရှိသူ ဦးပယ်ရီယာဆွာမိ (ခ) ဦးခင်မောင်မြင့် [၁၂/တမန(နိုင်)၀၈၄၃၃၀] ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်–၂၃၃၄/၂၀၁၉ ရရှိသူ ဒေါ်သန္တာဝင်း [၁၂/မဂတ(ပြု)၀၀၁၅၀၈]ထံမှ ကျွန်ပ်၏မိတ်ဆွေများက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်း မူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဦးသန့်စော်ဝင်းဦး (LL.B.,LL.M.)
တရားလွှတ်တော်ရှေ့နေ (စဉ်– ၉၅၂၇)
တိုက်–C2A၊ အခန်း(၁၁၀)၊ (၀–ထပ်)၊Time Square Condo
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉–၉၆၅၁၃၈၀၁၈၊ ၀၉–၂၅၀၀၆၀၃၁၃

"ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၅၃၄/B၊ မြေကွက်အမှတ်–၁၀၉/၁၊ ဧရိယာ(၁.၅)ကေရှိ နှစ် (၆၀)မြေငှားဂရန်မြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့၏ တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်သော ဦးရှိန်ဝင်းနှင့် လောင်မင်တိတ်(ခ)ဦးအောင်ရွှေတို့က ကျွန်ပ်၏မိတ်ဆွေနှင့် မြေကွက်အရောင်းအဝယ် ပြုလုပ်ရန် နှစ်ဦးနှစ်ဖက်သဘောတူညီကြပြီး၍ ရောင်းချမည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ကျွန်ပ်ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးပါက ဖော်ပြပါအရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ အပြီးတိုင်ဆက်လက် ဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်ခင်လှတင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်–၇၆၄၅)
အမှတ်–၁၃၈/၁၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉–၅၁၅၁၄၄၄၊ ၀၉–၄၅၅၁၀၂၅၄

ပြင်ဆင်ဖတ်ရှုပါရန်

၂၄–၆–၂၀၂၃ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၂၇)ပါ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက် အထက်တန်းရှေ့နေ ဒေါ်နုနုရီ ကြော်ငြာတွင် ဒေါ်လှမြစ်နိ် (ခ)ဒေါ်လှမြတ်စိန် [၁၂/လသယ(နိုင်)၀၀၅၁၀၆]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၄ မြေကွက်အမှတ်(၆၁၃)၊ မြေကွက်တည်နေရာအမှတ်(၆၁၃)၊ မင်းရဲကျော်စွာလမ်း၊ ၄၄–ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးကျော်(DV.078001)၊ အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက် ဦးကျော်ထံမှ SP.No(၁၉၇၂၄/၂၀၁၄) (၂၂–၇–၂၀၁၄)ဖြင့်ရရှိသူ ဦးကျော်အောင်ဆန်း[၁၃/ကမန(နိုင်)၀၆၀၀၀၆]မှဂရန်၊ နိုင်/ကတ်၊ ပါဝါ၊ ပါဝါကျွမ်းကျိန်လွှာတို့ တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ (၂၀၁၄)ခုနှစ်တွင် မြေအမည်ပေါက် ဦးကျော်မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားခြင်းနှင့်ပတ်သက်၍ ဦးကျော်လျှောက်ထားထုတ်ယူခဲ့သော အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မှတ်ချက်ပါသည့် မြေပုံမြေရာဇဝင်မူရင်းမှာ အသုံးပြု ခဲ့ရခြင်းလုံး၀ မရှိ ဘဲ အထားအသို မှားယွင်းကာ ဗျောက်ဆုံးသွားခဲ့ပါကြောင်း၊ နှစ်(၆၀)ဂရန်မူရင်းမှာလည်း လက်ဝယ်ရှိပါကြောင်း၊ အဆိုပါ မြေကွက်အား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း စွန့်လွှတ်ထားခြင်း၊ လုပ္ပါခါန်းထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်းလုံး၀မရှိပါကြောင်းနှင့်ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက မိမိကသာတာ၀န်ယူ ဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ၀နှ်ခံကတိပြုကျွမ်းကျိန်လွှာတို့တင်ပြ၍ အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ် လူသစ်
ဘ၀သစ်

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၃၅လမ်း၊ ၈၂x၈၃လမ်းကြား၌ မြန်မာ့မီးရထားပိုင် အခန်းပေး/အခန်းယူ အဆောက်အအုံဖြစ်သည့် တိုက်အမှတ်(၁)၊ အခန်း(၄)မြေညီထပ်အား ဦးညွှန့်နိုင်[၁၃/မဆတ(ဧည့်)၀၀၀၀၁၂] အမည်ဖြင့် ဝယ်ယူထားပြီး ဒေါ်ရောက်ဆူရှမ်း [၁၃/လရန(နိုင်)၀၉၃၀၂၂]အား ထပ်ဆင့်ရောင်းချခဲ့ပါသည်။ ယခုအခါ အဆိုပါ တိုက်ခန်းအား ဒေါ်ရောက်ဆူရှမ်း [၁၃/လရန(နိုင်)၀၉၃၀၂၂]နှင့် မြန်မာ့မီးရထားတို့ အမည်ပြောင်းစာချုပ်ချုပ်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ မြန်မာ့မီးရထား မန်နေဂျာ(စီးပွားရေး/တိုင်း)၊ တိုင်းအမှတ်(၃)၊ မန္တလေးရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဒေါ်ရောက်ဆူရှမ်း
[၁၃/လရန(နိုင်)၀၉၃၀၂၂]
တိုက်အမှတ်၊ (၁)အခန်း(၄)
၃၅လမ်း၊ (၈၂x၈၃ကြား)၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ နွယ်နီ(၁၂)လမ်း၊ အမှတ်(၅၂၆)၊ မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ဒုတိယထပ်(၃)လွှာ/B တိုက်မျက်နှာမူလျှင် လက်ယာဘက်ခြမ်းတိုက်ခန်းနှင့်ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးခေါ်မိုးနိုင်[၁၂/အစန(နိုင်)၂၅၉၄/၂]နှင့် ဦးရဲထက်နိုင်[၁၂/အစန(နိုင်)၂၅၉၅/၈]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးတင်မိုးဇော်[၆/ပလန(နိုင်)၀၅/၈၀၆]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ စ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း မူရင်းများနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–ဒေါ်တင်မိုးမြတ် (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၅၈၁/၁၄–၆–၁၈)
ရုံး–ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ တရားရုံးအရှေ့၊ ရုံးပတ်လမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၅၇၆၄၁၁၀

ငြင်းချက်ထုတ်ရန်သမ္မန်စာ
တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ ၂၀ ရွှေပြည်သာမြို့နယ်တရားရုံးတော်
၂၀၂၃ ခုနှစ်၊တရားမကြီးအမှုအမှတ်–၂၆

ဒေါ်ယဉ်ယဉ် (တရားလို) နှင့် ဦးနိုင်ဝင်း (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊အလယ်ဘလောက်၊ (၅၁) လမ်း၊ အမှတ်(၁၂)နေ ဦးနိုင်ဝင်း(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ယဉ်ယဉ်က လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ ကိုယ်စားလှယ်နှင့်ဖြစ်စေ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေပါ၍ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၄)ရက်(၁၃၈၅ခုနှစ်၊ ပထမဝါဆိုလဆုတ်၂ရက်)နေ့မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်က အမည်ရေးသားပါသူ တရားလို၏အဆိုလွှာကို ထုချေရင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၄င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအဖွဲ့ပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကိုသင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဇွန်လ(၂၀)ရက် ဤရုံးတံဆိပ်ခတ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လွှမ်းပို့ဖိုး)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ရွှေပြည်သာမြို့နယ်တရားရုံး

ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံးဥပဒေအမိန့် –၂၁ ၊ နည်းဥပဒေ–၂၂)
ဗိုလ်တထောင်ခရိုင် တရားရုံးတော်
၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၄၉ နှင့် ဆက်နွယ်သည့် ၂၀၂၂ ခုနှစ်၊ တရားမဓာဂရီမှုအမှတ် ၂၂၇

ကမ္ဘာ့ရတနာသာဏ် (အများနှင့် သက်ဆိုင်သော ကုမ္ဗဏီလိမိတက်) } နှင့် { ၁။ မကျော့ကျော့စံ ၂။ ဦးတင်သန်း

ၔင်း၏ကိုယ်စား ဦးဥက္ကာ၊
လက်ထောက်အထွေထွေမန်နေဂျာ

ဒီကရီအနိုင်ရသူ **တရားရုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ (ခိုင်ရွှေဝါ) ဗဟိုလမ်း၊ အမှတ်–၁၃၆ (၂)လွှာ နေ(ယခုနေရပ်လိပ်စာမသိသူ) (၁) တရားရုံး မကျော့ကျော့စံ နှင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ (၁) လမ်း၊ အမှတ်– ၄/က(ပ)ထပ် နေ (ယခုနေရပ်လိပ်စာမသိသူ)(၂) တရားရုံး ဦးတင်သန်းတို့ သိစေရမည်။

၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ်–၅၄၉တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် **တရားနိုင်**က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်၊ (၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆုတ် ၉ ရက်)နေ့မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၆) ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စိုးသီရိခိုင်)
တွဲဖက်ခရိုင်တရားသူကြီး(၂)
ဗိုလ်တထောင်ခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ ၂၀
ရွှေပြည်သာမြို့နယ်တရားရုံးတော်
၂၀၂၃ ခုနှစ်၊တရားမကြီးအမှုအမှတ်–၂၆

ဒေါ်ယဉ်ယဉ် (တရားလို) နှင့် ဦးနိုင်ဝင်း (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊အလယ်ဘလောက်၊ (၅၁) လမ်း၊ အမှတ်(၁၂)နေ ဦးနိုင်ဝင်း(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ယဉ်ယဉ်က လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ ကိုယ်စားလှယ်နှင့်ဖြစ်စေ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေပါ၍ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၄)ရက်(၁၃၈၅ခုနှစ်၊ ပထမဝါဆိုလဆုတ်၂ရက်)နေ့မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်က အမည်ရေးသားပါသူ တရားလို၏အဆိုလွှာကို ထုချေရင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၄င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအဖွဲ့ပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကိုသင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဇွန်လ(၂၀)ရက် ဤရုံးတံဆိပ်ခတ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လွှမ်းပို့ဖိုး)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ရွှေပြည်သာမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆–အယ်လ်) အတွင်းရှိ မြေကွက်အမှတ် ၁၁၂ – B ⁰/၁–A၊ ဧရိယာ(၀.၀၆၂)ဧက + မြေကွက်အမှတ်–၁၁၂ – B ⁰/၁–B၊ ဧရိယာ(၀.၁၆၅)ဧကရှိ မြေပိုင်မြေကွက် (၂)ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အမှတ် (၅၄ E–1/ ၅၄E)၊ ရွှေတောင်ကြားလမ်းသွယ်၊ ရွှေတောင်ကြား (၂) ရပ်ကွက်၊ ဗဟန်းမြို့နယ် ဟုခေါ်တွင်သည့်အဆောက်အဦ များအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်ပြုံးပြုံး [၁၂/ဗဟန(နိုင်)၀၀၅၅၅၉]– J/RGN– 057364 (ဘ) ဦးဘဌေး မှ ဒေါ်ခွန်ခွန်ဦး [၁၂/ကတတ(နိုင်)၀၀၄၃၆၃](ဘ) ဦးအောင်မြင့် သို့ ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတော်၌ အထူးကိုယ်စားလှယ် လွှဲစာအမှတ်(၁၁၂၅၉/၂၀၂၂)နှင့် (၁၁၂၅၈/၂၀၂၂)တို့ဖြင့် (၄–၇–၂၀၂၂)ရက် နေ့တွင် အထူးကိုယ်စားလှယ်လွှဲစာများ လွှဲအပ်ပေးခဲ့ပါသည်။

ယခုအခါအဆိုပါမြေကွက်(၂)ကွက်နှင့်ပတ်သက်၍ ဆောင်ရွက်ရန် ကိစ္စများပြီးစီးပြီးဖြစ်၍ ဖော်ပြပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၁၂၅၉/၂၀၂၂) နှင့် (၁၁၂၅၈/၂၀၂၂)တို့အား နှစ်ဦးနှစ်ဖက်သဘောတူ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူများ **လွှဲအပ်ညွှန်ကြားချက်အရ**
ဒေါ်ခင်ပြုံးပြုံး နှင့် ဒေါ်ခွန်ခွန်ဦး **ဒေါ်သီတာအုန်း**
တရားလွှတ်တော်ရှေ့နေ(စဉ်–၆၃၀၀၇)
အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉–၅၁၆၆၆၀၇

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ရွှေမာလာ အိမ်ရာစီမံကိန်း၊ Golden Flower Co.,Ltd မှ ဆောက်လုပ်ထားသော Type – C အမှတ်–A၊ ဘုရင့်နောင်လမ်း၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ ဟုခေါ်တွင်သည့် (၄)ထပ်တိုက် အဆောက်အဦ၌ရှိ အကျယ်အဝန်း(၁၃ ½ ပေ x ၆၀ပေ)ရှိသော မြေညီထပ်+ပထမထပ် (ခေါင်းရင်းခန်း)တိုက်ခန်းနှင့်ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး

တို့သည် (၁၀–၆–၁၉၉၂) ရက်စွဲပါ ဆက်စပ်စာချုပ်အရ ရောင်းသူဖြစ်သည့် **ဦးအောင်သူ (ကေအမ်ပိုင်တီ–၀၀၂၈၀၁)**မှ အရှုပ်အရှင်း ကင်းရှင်းစွာ လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသောတိုက်ခန်းဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်အတူ ကြော်ငြာပါသည့်နေ့ရက်မှ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သင်းသင်းမော်
တရားလွှတ်တော်ရှေ့နေ (စဉ်–၈၈၂၆)
အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊
(၅၁)လမ်းနှင့်(၅၂)လမ်းကြား၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉–၄၅၅၀၀၃၁၂၉

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ကျောက်မြောင်းလမ်း၊ အမှတ်(၆)ဟုခေါ်တွင်သည့်(၂)ထပ်တိုက် အဆောက်အဦ၌ရှိ အကျယ်အဝန်း(၁၃ ½ ပေ x ၆၀ပေ)ရှိသော မြေညီထပ်+ပထမထပ် (ခေါင်းရင်းခန်း)တိုက်ခန်းနှင့်ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး

တို့သည် (၁၀–၆–၁၉၉၂) ရက်စွဲပါ ဆက်စပ်စာချုပ်အရ ရောင်းသူဖြစ်သည့် **ဦးအောင်သူ (ကေအမ်ပိုင်တီ–၀၀၂၈၀၁)**မှ အရှုပ်အရှင်း ကင်းရှင်

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅)၊ လူနေရပ်ကွက်အမှတ် (၅)၊ သရေခေတ္တရာ (၂၁) လမ်း၊ မြေကွက်အမှတ် (၈၉၁/ခ) ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀ x ၆၀)ပေရှိ ဒေါ်သိန်းတင် [၁၂/ဥကတ(နိုင်) ၀၉၇၈၈၂] အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေကွက်ကြီးအနက်မှ တရားဝင် မခွဲစိတ်ရသေးသော (ခေါင်းရင်းခြမ်း) အကျယ်အဝန်း (၁၀ x ၆၀) ပေရှိ မြေကွက်နှင့်မြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်သိန်းတင်နှင့် ခင်ပွန်းဦးတင်စိန်တို့အသီးသီး ကွယ်လွန်ခဲ့သည့်အတွက် ၎င်းတို့၏ သား၊ သမီး၊ ချွေးမ၊ သမက်၊ မြေးဖြစ်သူတို့ ဖြစ်ကြသည့် (၁) သမီး - ဒေါ်ခင်ခင်သန်း [၁၂/ဥကတ (နိုင်) ၀၈၉၀၆၄]၊ (၂) သား - ဦးမောင်ရွှေ (S/OKA - ၀၈၇၇၇၆)၊ (၃) သမီး - ဒေါ်ခင်ခင်ဝင်း (S/OKA - ၁၃၀၆၆၄)၊ (၄) မြေး - ဦးမျိုးအောင် [၁၂/ဥကတ (နိုင်) ၁၆၈၄၆]၊ (၅) ချွေးမ - ဒေါ်မြမြစန်း [၁၂/ဥကတ (နိုင်) ၂၂၁၈၁]၊ (၆) မြေး - ဦးကျော်ဦး [၁၂/ဥကတ (နိုင်) ၁၅၆၀၂]နှင့် (၇) သမက - ဦးဖေသန်း [၁၂/ဥကတ(နိုင်)၀၇၄၁၀၂] တို့က တရားဝင် အမွေဆက်ခံပိုင်ဆိုင်ကြသူများဖြစ်ကြောင်း၊ အပြီးအပိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြုကြပြီး အထက်ပါ အိမ်၊ မြေကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူထံ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာခြင်းကို ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အဆိုပါ အိမ်/မြေ တန်ဖိုးတစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကို ပေးချေပြီးဖြစ်ပါသည်။ ဖေါ်ပြပါ အိမ်/မြေ အရောင်းအဝယ် ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ လာရောက် ကန့်ကွက်ခြင်းမရှိပါက ယခုဖော်ပြပါ အိမ်/မြေ အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်သန္တာထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ညွှန့်ညွှန့်သန်း (LLB, DBL)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၀၁၉)
အမှတ် (၃၂၀)၊ ရာဇာဓိရာဇ်လမ်း၊ (၇) ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
Ph: 09-401526880, 09-260983331

သွားနေတွေ့ရသားသမီးများဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အမှားသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ ၁၃-ရပ်ကွက်၊ ဆရာဖြေလမ်း၊ အမှတ် (၂၅၇၊ ၂၅၈) နေ ဦးအောင်စိုး(အပြိမ်းစား) (၇/တနေ(နိုင်) ၀၀၆၇၃၃) ၏ လွှဲအပ်ညွှန်ကြားချက်အရ သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ သား၊ သမီးများမြစ်ကြသော (၁)ဒေါက်တာ ဇော်ဇော်အောင် (၇/တနေ (နိုင်) ၁၄၅၁၆၂) (တောင်ငူမြို့)၊ (၂) ဒေါ်ဖြူဖြူအောင် (၇/တနေ (နိုင်) ၁၄၅၁၆၃)BE(Civil) (စက်ဝှုန်င်ဝ)၊ (၃) ဦးသိန်းသန်းအောင်B.E (Civil) (၇/တနေ (နိုင်) ၁၄၅၁၆၄) (စက်ဝှုန်င်ဝ) တို့အား ကျွန်ုပ်တို့မိတ်ဆွေအနေဖြင့် ဖခင်တစ်ဦး၏ ဝတ္တရားနှင့်အညီ ၄င်းတို့အား ပညာတတ်များဖြစ်အောင်စိမ်ဆောင်ရွက်ခဲ့ပြီး ယခုအခါ အရွယ်ရောက်လည်း ခွဲဝေပေးခဲ့ပြီးဖြစ်ပါလျက် ၄င်းတို့မှဖခင်ဖြစ်သူအပေါ် ပြုမူပြောဆိုဆက်ဆံခြင်း၊ ရေးသားခြင်း၊ စီမံဆောင်ရွက်ခြင်းစသည့် ၄င်းတို့၏လုပ်ဆောင်ချက် အဝဝအား လုံးဝ(လုံးဝ).ခွင့်မလွှတ်နိုင်သောကိစ္စရပ်များဖြစ်သဖြင့် ၄င်းတို့အားမြန်မာ့ဓလေထုံးတမ်းဥပဒေအရ သွားနေတွေ့ရသားသမီးများအဖြစ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၄င်းတို့ (၃) ဦးနှင့်လည်း ဖည်သို့မျှမသက်ဆိုင်ပါကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးတင်စောင်သိန်း	ဒေါ်ယဉ်ယဉ်ဆောင်	ဒေါ်နိုင်ဇာသွယ်
(စဉ်-၅၃၃၈)	(စဉ်-၁၀၃၈၃)	(စဉ်-၅၀၀၅၄)
B.A, RL, D.B.L, D.I.L	LL.B, D.B.L, D.I.L, D.M.L	LL.B, D.B.L
တရားလွှတ်တော်ရှေ့နေများ		**အထက်တန်းရှေ့နေ**

အမှတ် (၁၅)၊ ဒုတိယထပ်၊ (A-3)၊ ၂၀-လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၀ဂ၆၁၅၈ ၊ ၀၉ ၄၃၀ ၆၄၆၄

အထွေထွေကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းခြင်း

ဦးကြည်စိန်(ဘ)ဦးထွန်းရွှေ[၁၂/ဗဟန(နိုင်)၀၄၀၅၅၁၇] ကိုင်ဆောင်သူ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်သူရလမ်း အမှတ်(၄)တွင်နေထိုင်စဉ်က ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၇၄၇၄/၂၀၁၂)(၉-၄-၂၀၁၂) ရက်စွဲဖြင့် ဦးခင်ဦး[၁၂/ဗဟန(နိုင်)၀၈၀၁၅၆]အမည်သို့ လွှဲအပ်ပေးထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ဤကြော်ငြာပါသည့်နေ့မှစ၍ အပြီးအပိုင်ရုပ်သိမ်းလိုက်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်တင်မြ (LL.B,LL.M,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၁၄)
ဖုန်း-၀၉-၅၀၄၇၃၃၈

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၄)ရပ်ကွက်၊ ရွှေတောဆုပ်လမ်း၊ အမှတ်(၃၇၃/က)၊ ပေ(၂၀x၆၀)အကျယ်ရှိ ဦးမျိုးဝင်း (TKA-၀၄၂၄၀၁) အမည်ပေါက် မြေချပါမစ် မြေကွက်၏ ခေါင်းရင်းခြမ်း (၁၀x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံသူ ဒေါ်အေးအေးသန်း [၁၂/သဃက(နိုင်) ၀၆၆၇၈၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇင်ဘိုမြင့်မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ၏တစိစိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့် ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်က

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၀၊ မြေကွက်အမှတ်-၉၀၄၊ အကျယ် (၀.၀၅၅) ဧက၊ မြေအမျိုးအစား-နှစ် (၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်-၉၀၄၊ ရွှေလီလမ်း၊ (၆၀) ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့၏ မြို့မြေစာရင်းအမည်ပေါက်ပိုင်ရှင်များဖြစ်သည့် ဦးကျော်သူရ [၁၂/၁ဂန (နိုင်) ၀၂၂၈၆၈] နှင့် ခေါ်ခင်ချိုချို [၁၂/ပဘတ (နိုင်)၀၁၀၅၆၁] တို့က မိမိတို့ပူးတွဲပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကောင်းမြတ်စော်
တရားလွတ်တော်ရှေ့နေ (စဉ်-၁၂၇၉၂)
အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၅၅၊ မြေကွက်အမှတ် ၃၀၅ အကျယ်ပေ(၄၀ x ၆၀) အနက် တရားဝင်မခွဲစိတ်ရသေးသောမြေ၏ခြေရင်းဘက်ခြမ်း အကျယ်ပေ(၂၁ x ၆၀)၊ မြေအမျိုးအစား-နှစ် (၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့၏ မြို့မြေစာရင်းတွင် ခေါ်သန်းဖြင့် [၁၃/လရန (နိုင်) ၀၆၅၀၈၀] အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်အဆက်ဆက်နှင့် (၉-၆-၂၀၂၃) ရက်စွဲပါ နှစ်ဦးသဘောတူအိမ်ခြံမြေအရောင်းအဝယ် ကတိစာချုပ်အရ ဦးရဲနိုင်ဝင်း [၁၂/ဥကမ (နိုင်) ၀၁၆၅၀၅၅]က ဝယ်ယူခဲ့ပြီး မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**
ဦးကောင်းမြတ်စော်
တရားလွတ်တော်ရှေ့နေ (စဉ်-၁၂၇၉၂)
အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၉၃၇)၊ (၄)ရပ်ကွက်၊ သီလ(၁၂)လမ်းပေါ်တွင် ဆောက်လုပ်ထားသည့် အမှတ်(၉၃၇)ဟုခေါ်တွင်သည့် (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦးရှိ အခန်း အကျယ်အဝန်း(၁၇ ပေ x ၅၄ ပေ)၀ဝွမထပ်(၆လွှာ)၊ ခြေရင်းခန်းဟုခေါ်တွင်သော တိုက်ခန်းနှင့်ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကန်ထရိုက်တာဖြစ်သည့် MEGA NATION CO,Ltd ထံမှ ကြိုတွင်ငွေစနစ်ဖြင့်တိုက်ရိုက်ဝယ်ယူ၍ ပိုင်ဆိုင်ခွင့်ရှိသည်ဟုဆိုလာသူ ခေါ်ယုယုလှိုင် [၁၂/ဥကတ (နိုင်)၁၄၆၈၅၃] က ၎င်းတရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ခေါ်နွယ်ဦးမွန် [၁၂/ဗဟန (နိုင်)၀၉၆၈၁၂]က ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါ တိုက်ခန်းနှင့်ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည်နေ့မှ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက် ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ -

ခေါ်မင်းသျှှန်ဖြိုး(စဉ်-၁၂၈၄၆)	**ခေါ်စုစုမွန်(စဉ်-၁၃၄၉၆)**
တရားလွတ်တော်ရှေ့နေ	**တရားလွတ်တော်ရှေ့နေ**
LL.B, D.I.P.L,DL-101	**LL.B, D.B.L, D.I.L. D.I.P.L,**
WIPO(Switzerland)	**DL-101 WIPO(switzerland)**

ဖုန်း -၀၉-၇၉၉၆၆၄၃၅၅၅၊ ၀၉-၇၉၉၆၆၄၃၅၅၆
အမှတ်-၃၀၂။ (၁၂၂၁)၊ ပါရဒီကွန်ဒို၊ ဦးသင်းဖေလမ်း၊ (၁၆)ရပ်ကွက်၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေတစ်ဦးဖြစ်သူက ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၆ B ၊ မြေကွက်အမှတ်-၁၀၇ A^{2}/၁မြေဧရိယာ(၀.၀၇၉)ဧကရှိ၊ ယခုအခေါ် အမှတ်(၃၆/ခ)၊ တော်ဝင်လမ်းသွယ်၊ ဒဂုံ/ပြည်အနောက်ရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော ဂရန်ရှိမြေပိုင်မြေအမျိုးအစား မြေချည်သက်သက် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မူလအမည်ပေါက်ပိုင်ရှင် ခေါ်တိုးတိုးမာ (ဘ) ဦးမင်းဂျင်ကျိန်း [၁၃/လရန (နိုင်) ၀၀၄၉၇၄] အခန်းအမှတ်-(A/804)၊ MAC Tower II၊ ဝါးတန်းလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေသူထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အား အရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ခေါ်ခင်ဝင်းမြင့်(B.Sc, PGDL)	**ခေါ်ခင်မြတ်သူ (H.GP, LLB, DM.L)**
တရားလွတ်တော်ရှေ့နေ (စဉ်-၁၆၁၉၆)	**တရားလွတ်တော်ရှေ့နေ(စဉ်-၇၅၁၅)**
အမှတ်-၁၂၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း၊	**အမှတ်-၁၂၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း**
အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။	**အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
ဖုန်း-၀၉-၅၁၇၁၄၃	**ဖုန်း-၀၉-၈၆၃၅၁၂၂၊ ၀၉-၂၅၄၈၈၃၃**

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊အုတ်ကျင်းဘူတာရုံလမ်း(၁၃) ရပ်ကွက်၊တိုက်အမှတ်(၁၂)၊(၉လွှာ)အခန်းအမှတ်(9C)၊ ပြည်စုံချမ်းသာကွန်ဒိုဟူခေါ် တွင်သောအကျယ်အဝန်း (၁၄၀၀)စတုရန်းပေရှိကွန်ဒိုတိုက်ခန်းတစ်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းကိုကန့်ကွက်နိုင်ပါကြောင်း။

အထက်ဖော်ပြပါကွန်ဒိုတိုက်ခန်းအား ဦးရဲဝင်း(၁၂/ကခက(နိုင်)၀၀၀၀၂၁)နှင့် **ခေါ်ဝင်းသီတာလွင်(၁၄/ပသန(နိုင်)၀၀၀၀၈၂)**တို့(၂)ဦးမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့် အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ)အချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- **ခေါ်နွယ်နီဇား(LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၃၉)
အမှတ်(၃/၃၀၄)၊ဂန္ဓမာလမ်း၊ ဝေဘာဂီမြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၂၂၁၀၈၀၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၄၁၊မြေကွက်အမှတ်-၁၂၅၉၃၊မြေကွက်တည်နေရာအမှတ်(၁၂၅၉)၊ကြာဝဒုံမာလမ်း၊(၄၁)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ဦးမောင်မောင်ဦး(CJ-၀၃၆၈၃၀)အမည်ပေါက်နှစ်(၆၀)မြေဌားစာချုပ်(၇ရန်)မြေအားအမည်ပေါက်-ဦးမောင်မောင်ဦးအား(တရားပြိုင်)ထားကဘဦးမျိုးထွင့်အောင်၊ခေါ်ခင်စန္ဒာမိုးတို့မှ(တရားလို)ပြုလုပ်၍ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတရားမကြီးမှုအမှတ်-၃၄/၂၀၁၅ဖြင့်ပဋိညာဉ်အတိုင်းမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ဆိုရေးပေလိုမှုအပေါ်(၁၉-၃-၂၀၁၉)ရက်စွဲပါစီစီရင်ချက်၊ဒီကရီ၊တရားမဇာဝီမှုအမှတ်-၇၅/၂၀၁၅အရတရားရုံးကိုယ်စားဘီလစ်ခေါ်နိုနိုဝင်းကို(၇/ညလပ(နိုင်)၁၃၇၃၆၄)မှတရားရုံးအမိန့်များ၊ဘီလစ်ခန့်စာ၊ဂရန်၊နိုင်/ကတ်တို့တင်ပြ၍အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပိုက်ကူးလျှောက်ထားလာရာ(၂၀၁၅)ခုနှစ်တွင်ဘီလစ်ခေါ်အဲမွန်သန့်လျှောက်ထားထုတ်ယူခဲ့သောအရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မှတ်ချက်ပါသည့်မြေပုံမြေရာဇဝင်မှုရင်းမှာအသုံးပြုခဲ့ရခြင်းလုံးဝမရှိဘဲအထားအသိမှားယွင်းကာဟောက်ဆုံးသွားခဲ့သည်မှာမမှန်မန်ပါကြောင်းအကြေးမည်သူတစ်ဦးတစ်ယောက်ကိုမျှလျှင်ပြောင်းရောင်းချထားခြင်း၊ပေါင်နှံထားခြင်း၊ပေးကမ်းထားခြင်း၊စွန့်လွှတ်ထားခြင်း၊လျှဒါနိုးထားခြင်း၊အာမခံအဖြစ်တင်သွင်းထားခြင်းတို့လုံးဝမရှိပါကြောင်းနှင့်အရှေ့အရှင်း၊ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါကမိမိတို့ကသာတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်းတရားနိုင်မှုများ၏ဝန်ခံကတိပြုကျမ်းကျိန်လွှာတို့တင်ပြ၍အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပိုက်ကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော် ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၁

ဒေါ်သစ်သစ်အောင် (တရားလို) နှင့် ဦးတင်ငွေ (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ အောင်တံခွန်(၂)လမ်း၊ အမှတ်-(၂၃၀/က)နေ ဦးတင်ငွေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"ပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားထားဖွယ်ဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပ ပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၃) ရက် (၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆုတ် ၁ ရက်) နေ့, မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အိုလ်ဘာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအဖိုပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဧပြီလ (၂၀) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မိုးမိုးအောင်)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁)၊ မြေကွက်အမှတ်-(၉ဝ၇)၊ (၄)ရပ်ကွက်၊ သီလ(၁၂)လမ်းပေါ်တွင် ဆောက်လုပ်ထားသည့် အမှတ်(၉ဝ၇)ဟုခေါ်တွင်သည့် (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦးရှိ အခန်း အကျယ်အဝန်း(၁၇ ပေ x ၅၄ ပေ)၀ဝွမထပ်(၆လွှာ)၊ ခြေရင်းခန်းဟုခေါ်တွင်သော တိုက်ခန်းနှင့်ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကန်ထရိုက်တာဖြစ်သည့် MEGA NATION CO,Ltd ထံမှ ကြိုတွင်ငွေစနစ်ဖြင့်တိုက်ရိုက်ဝယ်ယူ၍ ပိုင်ဆိုင်ခွင့်ရှိသည်ဟုဆိုလာသူ ခေါ်ယုယုလှိုင် [၁၂/ဥကတ (နိုင်)၁၄၆၈၅၃] က ၎င်းတရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ခေါ်နွယ်ဦးမွန် [၁၂/ဗဟန (နိုင်)၀၉၆၈၁၂]က ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါ တိုက်ခန်းနှင့်ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက် ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ -

ခေါ်မင်းသျှှန်ဖြိုး(စဉ်-၁၂၈၄၆)	**ခေါ်စုစုမွန်(စဉ်-၁၃၄၉၆)**
တရားလွတ်တော်ရှေ့နေ	**တရားလွတ်တော်ရှေ့နေ**
LL.B, D.I.P.L,DL-101	**LL.B, D.B.L, D.I.L. D.I.P.L,**
WIPO(Switzerland)	**DL-101 WIPO(switzerland)**

ဖုန်း -၀၉-၇၉၉၆၆၄၃၅၅၅၊ ၀၉-၇၉၉၆၆၄၃၅၅၆
အမှတ်-၃၀၂။ (၁၂၂၁)၊ ပါရဒီကွန်ဒို၊ ဦးသင်းဖေလမ်း၊ (၁၆)ရပ်ကွက်၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဗောက်ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ ရတနာလမ်း၊ ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာတွင်ဆောက်လုပ်ထားသော အဆောက်အအုံအမှတ်(3-B)၊(၁၈)ထပ်တိုက်၊ (၇-ထပ်)တွင်တည်ရှိသည့် အခန်းအမှတ်-၀၇၀၁၊ ဧရိယာ(၆၀၀) စတုရန်းပေ အကျယ်အဝန်းရှိတိုက်ခန်းအပါအဝင် ယင်းနှင့်ပတ်သက်ဆက်နွယ်သောအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဦးကျော်တေဇ [၁၂/လမန(နိုင်)၁၃၀၁၇၇] နှင့် ခေါ်ပြည့်ပြည့်ဖြိုး [၉/ခအဇ (နိုင်)၀၁၁၉၃၁]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပျောက်စနစ်ဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေလက်ခံထားကြပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုနှင့်ပတ်သက်ဆက်နွယ်သောအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဦးကျော်ဝင်း [၁၂/ရကန(နိုင်)၀၅၅၆၆] ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဓေယျာအောင်(LL.B), DBL, DCBL (City of Oxford College)
တရားလွတ်တော်ရှေ့နေ(စဉ်-၁၆၇၆၃)
အမှတ်(၈)၊ အခန်း(၅-B)၊ လှော်ကားလမ်း၊ လွတ်လပ်ရေးရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၀၅၅၇၂၆၃၊ ၀၉-၇၉၃၂၇၀၄၄၉

မီဘာမေတ္တာ
ဒဂုံမြို့သစ်ဆိပ်ကမ်း အင်ရှိပိုင်း၊ ဇောင်ပိုင်း၊ မြောက်ပိုင်း ရှေ့ပေါက်ကြီးမြို့နယ်ရှိ ငပြကွက်များ ရေးကောင်းဈေးဝယ်လိုသည်။
09 422 848 224

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇) မြေကွက်အမှတ် (၆၆၀/ခ) မြေကွက်တည်နေရာ၊ အမှတ် (၆၆၀/ခ) ရှင်သီဒီတွတ် (၁၁)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ခေါ်သန်းရီ (၁၂/ဥကတ (နိုင်) ၀၁၈၀၁၄) အမည်ပေါက် နှစ်(၆၀)မြေဌား၊ အမည်ပေါက် ခေါ်သန်းရီ (မိခင်) နှင့် ဦးပင်နီ (ဖခင်)တို့ ကွယ်လွန်သဖြင့် ခေါ်သန်းသန်းနု (၁၂/ဥကတ (နိုင်) ၁၁၁၁၉၆) ဦးသန်းဦး (၁၂/ဥကတ (နိုင်) ၀၁၈၀၁၆) ဦးထွန်းထွန်းဦး (၁၂/ဥကတ (နိုင်) ၁၀၈၄၈၁) ခေါ်ဖြူမြူမာ (၁၂/ဥကတ (နိုင်) ၁၁၁၁၉၇) တို့မှ သား/သမီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)ဦး သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်၊ နိုင်/ကတ်၊ ဝန်ဆောင်ခ တို့တင်ပြ၍ ပိုင်ဆိုင်မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ်-၉၊ စပ်စပ်ထွန်းလမ်း၊ မြေကွက်အမှတ်-၇၄(ခ)ဟု ခေါ်တွင်သော အကျယ်အဝန်း(၂၀x၆၀) ပေမှ မြေရင်းခြမ်း(၁၀x၆၀)ပေအား ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မျိုးထိုက်[၁၂/လသယ(နိုင်)၀၂၉၄၀၃] ကိုင်ဆောင်သူများမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်ကာ လက်ရှိထားနေထိုင်လျက်ရှိပါသည်။ အဆိုပါအိမ်မြေမြေ ပိုင်ဆိုင်မှုနှင့်ပတ်သက်သည့် ဒေါ်တင်လှ အမည်ပေါက် မြေချပါစစ်မှုရင်းနှင့် ဒေါ်တင်လှမှရောင်းချခဲ့သော စာချုပ်မူရင်းသည် ပျောက်ဆုံးသွားသဖြင့် အဆိုပါစာရွက်စာတမ်းများနှင့် ပတ်သက်၍ အရှုပ်အရှင်းတစ်စုံတစ်ရာဖြစ်ပေါ်ပါက ကျွန်ုပ်မိတ်ဆွေများနှင့်မသက်ဆိုင်ကြောင်းနှင့် ပိုင်ဆိုင်မှုအထောက်အထားများအား ဥပဒေနှင့်အညီ ပြန်လည်လျှောက်ထားနိုင်ရေးအတွက် ကျွန်ုပ်မိတ်ဆွေများမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း

ပိုင်ရှင်ကိုယ်တိုင်ငရောင်းပည်

မော်ဘီ၊သဇွေယင် ၂ဂိတ်မှတ်တိုင်အနီး၊ကွန်ကရစ်လမ်းရှေ့

(40'x60') = ၁၇၀သိန်း၊ (20'x60') = ၈၅သိန်း

ph:09-257800158,09-795333121

"အလွန်တန်သော ဈေးနှုန်းဖြင့် မြေကွက် ရောင်းမည်"

ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)၊ ကမ္ဘာဇ-ချင်းချောင်းရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်းမ အနီး၊ မြေကွက်အကျယ် (၆၂၇၂) စတုရန်းပေ အကျယ်ရှိ မြေသီးသန့်ရောင်းမည်။

ပိုင်ဆိုင်မှု - မြေပိုင်မြေ

ဈေးနှုန်း - 1 Sqft - 480,000 သိန်း

- 09-5185534, 09-5173690,
- 09-5040160, 09-450450904,

လီယိုမက်အရေပြားရောဂါကု

ခရုသင်းသမင်ဖြူ

ကြော်ငြာနှင့်မြေချက်အမှတ် ဘဆက(စာနယ်ဝင်း) ၀၇/၀၃၀

ကိုယ်တိုင်ခုခုခံနိုင်ရေး ကိုယ်ခံပိုးသတ်ပိုး ကိုယ်ခံအားကောင်းစေ

ဝေဒနာ ရှင်များ စာတိုက်မှ တဆင့်မှာ ယူနိုင်ပါသည်။

ညင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူ၊ ဆွေးမယန်ခြင်းကြောင့်ဖြစ်သော အရေပြားရောဂါများကို ကုသပေးသည်။

အမှတ် (၂၂၅)၊ (၃)ထပ်၊ ၃၂လမ်း၊(အထက်) ရန်ကုန်မြို့။

ဖုန်း ၀၁-၂၅၂၅၉၈၊ ၀၁-၂၄၃၈၅၁

အမွေဆက်ခံရန် သက်သေခံလက်မှတ် လျှောက်ထားကြောင်း အကြောင်းကြားစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၇၃)

သၿပိန်းကျွန်းခရိုင်တရားရုံးတော်

၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၃၇

ကွယ်လွန်သူ ဦးတင်အေး ၌ ကျန်ရစ်သောပစ္စည်းအကြောင်း။

ဦးသန်းဦး လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ (၇) လမ်း၊ အမှတ်(၃၆၃/က)နေ ဦးသန်းဦးက ကွယ်လွန်သူ ဦးတင်အေး၏ (၁) ကွယ်လွန်သူ ဦးတင်အေး၏ တူအရင်း ဖြစ်သည်ဟူ၍ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ (၇)လမ်း၊ အမှတ်(၃၆၃/က)နေ ၎င်းကွယ်လွန်သူ ဦးတင်အေးမှာ ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်ရှိသော ကြေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာ ရလိုကြောင်း ဤရုံးခ်ဉ် လျှောက်ထားသည်ဖြစ်၍ ၎င်း ကွယ်လွန်သူ ဦးတင်အေး မှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၇) ရက်၊ (၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆုတ်၅ ရက်)နေ့ နံနက် (၁၀:၀၀)နာရီတွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဦးသန်းဦး၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၃ ခုနှစ်၊ ဇွန်လ(၂၀) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝါဝါလွင်)
ခုတိယခရိုင်တရားသူကြီး(၃)
သၿပိန်းကျွန်းခရိုင်တရားရုံး

ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ရွယ်ဂျီး [၁/မကန(နိုင်)၀၂၂၁၁]၏ ပတ်စ်ပို့နံပါတ် (M-203587) မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၆၆၉၄၈၄၄

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဝင်းချစ်နိုင် [၁၂/ကတန(နိုင်)၁၂၉၃၇၃] ပတ်စ်ပို့နံပါတ် (မမှတ်မိ) မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း- ၀၉- ၇၅၁၂၉၀၃၆

ပတ်စ်ပို့ပျောက်

ကျွန်မ မဌမ္မာကျော် [၁/မကန(နိုင်)၁၃၇၅၃၁] ၏ ပတ်စ်ပို့နံပါတ် (M-203545) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၆၆၉၄၈၄၄

တစ်ဦးတည်းဖြစ်ကြောင်း

မြစ်ကြီးနားမြို့၊ ဧရာရပ်ကွက်၊ (နတလ)၀နှထမ်း အိမ်ရာနေ (ဘ)ဦးအောင်မြင့်ထွန်း [၅/ရဘန(နိုင်)၁၀၅၃၂၇] ၏ သမီး ဒေါ်မိုးနန္ဒာ (ခ) ဒေါ်မိုးနန္ဒာကို [၁/ဆဘတ(နိုင်)၀၀၁၁၂၀] သည် တစ်ဦးတည်းဖြစ်ပါသည်။

အမည်မှန်နှင့်ဖခင် တစ်ဦးတည်းဖြစ်ကြောင်း

မြစ်ကြီးနားမြို့၊ အထက(၉)၊ Grade-12 မှ မတိုက်စွေ၏ အမည်မှန်မှာ မလဦးတိုက်စွေ ဖြစ်ပြီး ၎င်း၏ ဖခင် ဦးလဦးကျန်းတိုက် (ခ) ဦးကျန်းတိုက် (ခ) ဦးယောဟန် [၁/မကန(နိုင်)၀၁၁၃၃၃] သည် တစ်ဦးတည်းဖြစ်ပါသည်။

သွေးသည် အသက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
သစ်တောဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး
ရန်ကုန်အနောက်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်ရှိ

ဖမ်းဆီးရမိသော ပုံစံ(၈)၀င် သစ်သားစက်လေ့(၂)စီးနှင့် (၂)ခန်းတွဲ နေအိမ်သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း ၃၆' x ၃၀' x ၁၅' နှင့်တွဲလျက် ရေအိမ်သာ(၁)လုံး တို့အား လေလံတင်ရောင်းချရေးကော်မတီ ဖမ်းဆီးရမိသော ပုံစံ(၈)၀င် သစ်သား စက်လေ့(၂)စီး လေလံအမှတ်စဉ် (၁/၂၀၂၂- ၂၀၂၃) နှင့် (၂)ခန်းတွဲနေအိမ် သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း ၃၆'x ၃၀'x ၁၅'နှင့် တွဲလျက် ရေအိမ်သာ(၁)လုံး လေလံအမှတ်စဉ် (၂/၂၀၂၂-၂၀၂၃) တို့အား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းကြောင့်ဌာ၁။ သစ်တောဦးစီးဌာနမှ ပုံစံ(၈)၀င် သစ်သားစက်လေ့(၂)စီးနှင့် (၂)ခန်းတွဲ နေအိမ်သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း ၃၆'x ၃၀'x ၁၅'နှင့် တွဲလျက် ရေအိမ်သာ(၁)လုံးတို့အား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းကို အောက်ပါအစီအစဉ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

ရောင်းချမည့်အစီအစဉ်

(၁) နေ့ရက် - (၃-၇-၂၀၂၃)ရက် (တနင်္လာနေ့)
(၂) အချိန် - နံနက် (၁၀:၀၀)နာရီ
(၃) နေရာ - ကြို့ကုန်းသစ်တောဝင်း၊ မမ္မာရုံ

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အနောက်ပိုင်းခရိုင်၊ သစ်တောဦးစီးဌာနတွင် ဈေးပြိုင် ဝယ်ယူခွင့် လျှောက်လွှာနှင့် စည်းကမ်းချက်(၁)စုံအား (၂၀၀၀/-)နှုန်းဖြင့် (၂၆-၆-၂၀၂၃) ရက်နေ့မှ (၂၈-၆-၂၀၂၃)ရက်နေ့အထိ နောက်ဆုံးထား၍ ဝယ်ယူလျှောက်ထားနိုင်ပါသည်။

၃။ ရောင်းချမည့် လပ်ပုံများကို (၂၄-၆-၂၀၂၃) ရက်နေ့မှစ၍ လေလံပွဲမကျင်းပမီ (၇)ရက်အလို ရုံးချိန်အတွင်း ပစ္စည်းတည်နေရာတွင် ဝယ်ယူမည့်သူကိုယ်တိုင် သွားရောက်ကြည့်ရှုနိုင်ပါသည်။

၄။ ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချမည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက သစ်တောဦးစီးဌာန၊ ရန်ကုန်အနောက်ပိုင်းခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ တယ်လီဖုန်းအမှတ်- ၀၉-၄၅၀၂၄၇၈၇၊ ၀၉-၂၆၃၅၉၈၃၁ နှင့် Email လိပ်စာ westdistrict.fd@gmail.com၊ သန်လျင်မြို့နယ်၊ ဦးစီးအရာရှိရုံး၊ တယ်လီဖုန်းအမှတ်- ၀၉-၄၄၂၀၇၄၃၃ တွင် လည်းကောင်း စုံစမ်းနိုင်ပါသည်။

ဈေးပြိုင်လေလံတင်ရောင်းချရေးကော်မတီ
ရန်ကုန်အနောက်ပိုင်းခရိုင်

ဒါရိုက်တာအဖွဲ့ဝင်ဟောင်း (၁)ဦး နုတ်ထွက်၍ ဒါရိုက်တာအဖွဲ့ဝင်သစ် (၄)ဦး တိုးမြှင့်ရွေးချယ်ခန့်ထားကြောင်း ကြော်ငြာခြင်း

သစ်တောဖက်စပ် စီးပွားရေး ဗဟိုဌာန ကုမ္ပဏီလီမိတက် အသေးစား ငွေရေးကြေးရေးလုပ်ငန်းတွင် ယခင်တာဝန်ပေးအပ်ထားသော ဒါရိုက်တာ (၆) ဦးမှ ဦးသန်းဌေး [၁၂/ကတတ(နိုင်)၀၁၃၃၇၃] (၁) ဦး နုတ်ထွက်၍ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ သင်းဖွဲ့စည်းမျဉ်းများနှင့်အညီ ထပ်မံ၍

(၁) ဦးကျော်ဇော [၉ /ပမန (နိုင်)၀၀၆၄၇၅]
(၂) ဦးတင့်ဇော်ညွှန့် [၁၂/လမတ(နိုင်)၀၁၈၇၄၅]
(၃) ဦးသန်းဦး [၅/ရဘန(နိုင်)၀၂၈၀၃၄]
(၄) ဦးစိန်လွင် [၁၂/မရက(နိုင်)၁၁၂၇၄၉]

တို့အား တိုးမြှင့်ရွေးချယ်၍ ဒါရိုက်တာများအဖြစ် (၂၃-၃-၂၀၂၃) နေ့မှစ၍ စတင်တာဝန် ပေးအပ်ထားခဲ့ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
သစ်တောဖက်စပ်စီးပွားရေး
ဗဟိုဌာနကုမ္ပဏီလီမိတက်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၇၅၊မြေကွက်တည်နေရာအမှတ်-၇၂၀၊မမ္မရာဇာလမ်း၊၃ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ဒေါအုန်းဆင့်(KTN-၀၀၇၇၆)အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ်(၈ရန်)မြေအားမြေအမည်ပေါက်(မိခင်)ဒေါ်အုန်းဆင့်နှင့်(ဖခင်)ဦးတင်သိန်းတို့အသီးသီးကွယ်လွန်ခဲ့ကြကြောင်း၊(မိခင်)ဒေါ်အုန်းဆင့်နှင့်(ဖခင်)ဦးတင်သိန်းတို့မှဦးဇော်လွန်သိန်း၊ဦးဇော်နိုင်သိန်း၊ဒေါ်ခင်ချိုချိုသိန်း၊ဒေါ်ခင်ကြူကြူသိန်းတို့သားသမီး(၄)ဦးမွေးဖွားခဲ့ပြီးသားသမီး(၄)ဦးအနက်သား(၂)ဦးဖြစ်သောဦးဇော်လွင်သိန်းသည်(၁၂-၇-၂၀၁၀)ရက်နေ့နှင့် ဦးဇော်နိုင်သိန်းသည်(၁၅-၂-၂၀၁၄)ရက်နေ့တို့တွင်အိမ်ထောင်မရှိလျှက်ဘဝဖြင့်အသီးသီးကွယ်လွန်ခဲ့ကြသဖြင့်ကျန်သမီး(၂)ဦးဖြစ်သူဒေါ်ခင်ချိုချိုသိန်း(၁၂/မရက(နိုင်)၀၃၅၅၂)၊ဒေါ်ခင်ကြူကြူသိန်း(၁၂/မရက(နိုင်)၀၃၅၄၃)တို့မှင့်ဘင်းတို့(၂)ဦးသာအမွေဆက်ခံပိုင်ဆိုင်ကြောင်းကျန်းကျိန်လွှာ၊ထောက်ခံကျန်းကျိန်လွှာ(၂)စောင်၊(ဖခင်)ဦးတင်သိန်း၏သေဆုံးခြင်းလက်မှတ်၊(မိခင်)ဒေါ်အုန်းဆင့်၏သေဆုံးခြင်းလက်မှတ်၊ဦးဇော်လွင်သိန်း၏သေဆုံးမှုလက်မှတ်(ပထမ-မိတ္တူမှန်)၊ဦးဇော်နိုင်သိန်း၏သေဆုံးမှုလက်မှတ်(ပထမ-မိတ္တူမှန်)အိမ်ထောင်စုလူဦးရေစာရင်း၊နှစ်(၆၀)မြေငှားစာချုပ်(၈ရန်)တို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ခုတိယညွှန်ကြားရေးမှူးချုပ်)၊မြို့ပြဖြေစီမံခန့်ခွဲမှုဌာန၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၃(တိုးချဲ့) မြေကွက်အမှတ်-၃၂၄၊ အလျား(၄၀)ပေ × အနံ (၆၀)ပေရှိ ဒေါ်အားခေါ်ခိုင် (၁၂/ဥကတ (နိုင်) ၁၁၀၀၀၃) အမည်ပေါက်လျက်ရှိသည့်ပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း။

အထက်ဖော်ပြပါမြေကွက်အပါအဝင်အကျိုးခံစားခွင့်အားအမည်ပေါက်ပိုင်ဆိုင်ပြီး၊ပြန်လည်ရောင်းချခွင့်ရှိကြောင်းဝန်ခံကတိပြုသူဒေါ်အေးအေးဆိုင် (၁၂/ဥကတ (နိုင်) ၁၁၀၀၀၃) ထံမှကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစံမြင့် (၁၂/ဥကတ (နိုင်) ၁၄၅၁၄၅)ကအပြီးအပိုင်ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ကန့်ကွက်လိုသူများနှိုပါက ကြော်ငြာပါသည့်ရက်မစ္စ(၇)ရက်အတွင်းစာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်စန်းစန်းမော် (LL.B)
တရားလွှဲဘ်တော်ခရှေ့နေ (စဉ် - ၆၄၈၃)
အမှတ် -၅၀၊ ပထမထပ်၊ အခန်း (D-2)၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၉၃၈၈၄

ရန်ကုန်ပြည်နယ်ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၇၉)၊အောင်မြင့်မိုရ်လမ်း၊မြေကွက်အမှတ်(၃၁)၊ဧရိယာ(၄၀'x၆၀')ရှိဒေါ်ခင်ထွေး(၁၀/ကမရ(နိုင်)၀၁၆၈၅၅) အမည်ပေါက်နှစ်(၆၀)ဂရန်ခြေအတွင်းမှ မြေကွက်ကို မျက်နှာမူ၍ကြည့်လျှင်(ဘယ်ဘက်ခြမ်း/ဂရန်မူရင်းခြမ်း)(၂၀'x၆၀')ခန့်ရှိ မြေအရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်း

